

Design Tun Aung

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၉၆၅/၉၉ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၂၉/၂၀၀၀(၁၀) |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးဝင်းမြင့် (၀၁၅၁၂)<br>ဝင်းမြင့်အောင်စာပေ<br>(၃၁၅/၂)၊ ၁-ရပ်ကွက်<br>သောက်ကြံတိုးချဲ့<br>မင်္ဂလာဒုံ၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးကျော်မိုးစိန်(အောင်သာအော့ဖ်ဆက်)(<br>အမှတ်(၁၇၂)၊ ၃၁-လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ဦးမြတ်ကျော် (၀၅၇၇၈)<br>မြတ်ကျော်ပုံနှိပ်တိုက်<br>အမှတ်၊(၂၁၇)၊ ၃၀-လမ်း၊ ရန်ကုန်မြို့။ |


# သီဟကျော်သူ

အဆိပ်ခြောက်ဖော်မိုးကြိုးမင်းသား

ဖြန့်ချိရေး

ကျော်ခင် စာပေ

၂၂၃၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

တိုးတက်ရေးစာပေ

## အခန်း (၁)

### အကြွေးထူသော မင်းသားလေး

တန်ဖိုးကြီးလှသော ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ရုပ်တုလေးတစ်ရုပ်။

တရုတ်လူမျိုးတို့ အမြတ်တနိုး ခင်တွယ်သိမ်းသားအပ်သော ကျောက်။

အဆိုပါ ကျောက်စိမ်းဖြင့် ဘုရင်ရုပ်ကလေးတစ်ရုပ်၊ လက်ရာမြောက်စွာ ထွင်းထုသရုပ်ဖော်ထားသည်။

သို့သော်....

ထိုဘုရင်ရုပ်တုကလေးကို အလှထားရန်မဟုတ်ပါ။

လူတကာ လာရောက်၍ ကြည့်ရှုရန်လည်းမဟုတ်ပါချေ။ ပြတိုက်တစ်ခုအတွင်း၌ထားရန်မလိုပါ၊ ဧည့်ခန်းအတွင်း အလှပြ ဗီရိုတစ်ခုအတွင်း၌ထားရှိရန် စိတ်ပင်မကူးကြပါချေ။

ကျော်ခင်စာပေ

ဒါ့အပြင်....

ကလေးသူငယ်များအတွက် ဆော့ကစားရန် မဟုတ်ပါချေ။

ဆော့ကစားရန်အတွက် တန်ဖိုးအဆမတန် မြင့်မားနေသည် မဟုတ်ပါပေလော။

အကြောင်းကား....

တန်ဖိုးကြီးမားသော ဘုရင်ရုပ်တုကလေးသည် မည်သည့်နေရာ၌ အသုံးကျနေပါသနည်း။

အသုံးပြုနေပါသနည်း။

ထိုဘုရင်ရုပ်တုကလေးသည်ကား....

အလွန်တရာမှ နက်နဲသော သိမ်မွေ့၍ လှည့်ဖြားကောက်ကျစ်မှုများဖြင့် တန်ဆာဆင်ထားသည့် ပြစ်မှုကြီးတစ်ခုအတွင်ပါဝင်ပတ်သက်နေသည်။

လျှို့ဝှက်နက်နဲဆန်းပြားသော ကြီးမားသော ပြစ်မှုကြီးတစ်ခုကို ဖော်ထုတ်ရန်အတွက် ပင်မသော့ချက်တစ်ခု ဖြစ်နေသည်။

ကျောက်စိမ်းဘုရင်ရုပ်တုသည် တန်ဖိုးကြီးသလို အလွန်တရာ အရေးပါနေသည်ကတော့ အမှန်ပင်။

သာမန်မျက်လုံးများဖြင့်ကြည့်လျှင် ထူးဆန်းမှုမရှိသည်မှာမှန်သည်။

သို့သော်....

တွေးခေါ် မြော်မြင်တတ်သော မျက်လုံးများနှင့်....





ဉာဏ်ပညာ ကြီးရင့်သူများ၏ဦးနှောက်များ ပေါင်းစပ်ဖော်ထုတ် ဖြေဆိုလိုက်သောအခါတွင်ကား....

* * *

ဤကမ္ဘာလောက၌ မင်္ဂလာရှိသောနေ့များ အများအပြားပင်ရှိနေပါသည်။

ထိုမင်္ဂလာရှိသောနေ့ပေါင်း မြောက်မြားစွာထဲက သင်မည်သည့်မင်္ဂလာရှိသော နေ့ရက်ကို ဆွဲထုတ်မည်နည်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆွဲထုတ်ပြရာတွင် သူ့ကျွန်ဘဝမှလွတ်မြောက်သည့်နေ့သည်မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်သည်။

လူသားတစ်ဦးချင်းအနေဖြင့်ကော။

မည်သည့်မင်္ဂလာရှိသော နေ့ရက်ကို ဆွဲထုတ်မည်နည်း။

လူသားတို့၌ကား မင်္ဂလာရှိသော နေ့ရက်ပေါင်းများစွာရှိနေပါသည်။

လူသားတစ်ဦးတစ်ယောက်အနေဖြင့် ဦးစွာပထမဆွဲထုတ်ပြရလျှင် အကျဉ်းထောင်အတွင်းမှာ နှစ်ပေါင်းများစွာနေပြီး အပြင်လောကကို ဦးစွာကြည့်ရသော နေ့တစ်နေ့သည်သူ့အတွက် မင်္ဂလာအရှိဆုံးနေ့။

အပျော်ရွှင်ဆုံးနေ့ဟု ယူဆနိုင်သည်။

ဒါ့အပြင်....

ကိုယ့်ချစ်သူဖြင့် လက်ထပ်ရမည့်နေ့သည်လည်း မင်္ဂလာအရှိဆုံးနေ့တွင် ပါဝင်နေပါသည်။

ဤသို့ဆိုလျှင်....

(၃)လပိုင်း၊ (၂၇)ရက်နေ့။

နေ့ကောင်း ရက်တစ်ရက်ဖြစ်ပါသည်။

ပြဿဒါး ရက်လွတ်သည်။

အရာခပ်သိမ်းသည် မင်္ဂလာရှိလှပေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကြည့်လေလေတိုင်း လှပနေသည်ဟု ထင်ရသည်။ သာယာနေသည်ဟု ထင်ရသည်။

လီစုကျို ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် အိပ်ချလိုက်လေသည်။

သူသည် မြင်းကို မိုင်ပေါင်းတစ်ရာကျော်ခန့် အပြင်းစီးနှင်လာသူ ဖြစ်သည်။ မရပ်မနားစီးနှင်လာခြင်းကြောင့် လီစုကျို အလွန်မောဟိုက်နေသည်။

သူသာမောပန်းနေသည်မဟုတ်ပါ။

သူ၏စီးတော်မြင်းသည်လည်း ဖိုက်တိုးသလို မြင်း၏ဝမ်းဗိုက်သည် ပူလိုက် ပိန်လိုက်ဖြစ်နေသည်။

မြင်းကို မိုင်ပေါင်းများစွာစီးပြီး မောဟိုက်လွန်းသဖြင့် အခန်းထဲသို့ တစ်ဟုန်ထိုးပြေးဝင်သည်။ သူ့အတွက် အဆင်သင့်ရှိနေသည့် ခုတင်ပေါ်သို့ ပစ်လှဲအိပ်ချလိုက်ခြင်းဖြစ်သည်။

ဤခုတင်သည် သစ်သားခုတင်တစ်ခုသာဖြစ်သည်။ ရိုးရိုးခုတင်တစ်လုံးသာဖြစ်သည်။ ဒါပေမယ့်....

လီစုကျိုအဖို့ ပျော့ပျောင်းသည်၊ နူးညံ့သည်၊ မွှေးကြိုင်မှုဖြင့် အစဉ်ရှိနေသည့် ခုတင်တစ်လုံးသာဖြစ်သည်။

သူ့အတွက် သာယာမှုကို အမြဲတမ်းဖန်တီးပေးနေသည့် ခုတင်တစ်လုံးဟုဆိုလျှင် မမှားပါ။

ဤသို့ဆိုလျှင်....





ခုတင်ပိုင်ရှင်သည် မည်သူနည်း။

"ကျန်းကျန်း"

ပိုင်ရှင်၏အမည်နာမဖြစ်ပါသည်။

* * *

"ကျန်းကျန်း"

မိန်းကလေးတစ်ဦးတစ်ယောက်၏ အမည်ဖြစ်ပါသည်။

ကျန်းကျန်းဆိုသည်မှာ ချောလှသူလေး၊ သို့မဟုတ် နုတ်သမီးကလေးဟု အဓိပ္ပာယ်ရပါသည်။

အမည်နှင့်လိုက်အောင် ချောမောလွန်းသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

သူမသည် လီစုကျိုနှင့်တွေ့လေတိုင်း အပြုံးပန်း ဝေဝေဆာဆာဖြင့် ကြိုဆိုတတ်ပါသည်။

သူမအပြုံးက ချိုလွန်းသည်၊ တပ်မက်သည်၊ နှစ်လိုဖွယ်ရာကောင်းသည်။

ကျန်းကျန်း၏အပြုံးကို ခံစားဖူးသူတိုင်းသည် သူ၏ စိတ်နှလုံးကို ပို၍ချမ်းမြေ့သွားစေသည်ဟု ထင်ရသည်။

ပြတင်းပေါက်၏အပြင်ဘက်ရှိ နေခြည်သည် ထွေးထွေးနွေးနွေးရှိလှသည်။ ထို့အပြင် ပို၍ပင် တောက်ပနေသေးသည်ဟု ထင်ရသည်။

လေနုအေးကလည်း တသုန်သုန်တိုက်ခတ်နေစဉ် တစ်ခါတစ်ရံ၌ လေနုအေးနှင့်အတူ ပန်းရနံ့သည် ကပ်ငြိပါလာတတ်ပြန်သည်။

လီစုကျိသည် ပြတင်းပေါက်မှ ပြာလဲ့လဲ့ကောင်းကင်ကို မော့ကြည့်သည်။ ကောင်းကင်ပြင်၌ တိမ်တိုက်ဖြူတို့ လွင့်မျောနေသည်။ လွင့်မျောနေသည့်တိမ်တိုက်နှင့်အတူ သူ့စိတ်သည်လည်း လိုက်ပါနေသည်။

သူ့အတွေးတို့ဖြင့် လွင့်မျောနေခြင်းပင် ဖြစ်သည်။

ခဏကြာအောင်ကြည့်ပြီး လီစုကျိ သက်ပြင်းရှည် တစ်ချက်ချလိုက်သည်။ သူ၏နံဘေးတွင် ကန့်ကလျ ရပ်နေသော ကျန်းကျန်းကို အပြုံးဖြင့် ကြည့်လိုက်သည်။ ကြည့်ရင်းမှ သူက....

"ကနေ့ အတော်ကို သာယာတဲ့နေ့ပါကလား"

ယနေ့....

ကျန်းကျန်း ခါတိုင်းနေ့များကလို ပြုံးမနေပါ။ တည်ကြည်သောမျက်နှာအနေအထား ဖြစ်နေသည်။

သူမ အဘယ့်ကြောင့် ပြုံးမနေပါသနည်း။

ပြုံးမနေသည့်အပြင် သူမအသံကပါ အေးစက်စက်နိုင်နေသည်။

"ဟုတ်တယ်၊ ဒီနေ့က လူသတ်လို့ အလွန်ကောင်းတဲ့ နေ့တစ်နေ့ပဲ"





အိပ်ရာထက်တွင် လဲလျောင်းနေသည့်လီစုကျိက တံတောင်ဆစ်ဖြင့် ထောက်ရင်း မော့ကြည့်လိုက်သည်။ သူ၏မျက်နှာပြင်ဝယ် ယခုအခါ အံ့သြရိပ်များ ယှက်ဖြာဝေနေသည်။

"ဘာလဲကျန်းကျန်း၊ မင်းက လူသတ်ချင်တယ် ဟုတ်လား"

သူ၏အမေးကို ကျန်းကျန်းက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

လီစုကျိက မျက်လုံးပြူးကြည့်ရင်း....

"ဘယ်သူ့ကိုသတ်ချင်လို့လဲ ကျန်းကျန်း"

"ရှင့်ကို"

ကျန်းကျန်းစကား ကြားလိုက်ရသော လီစုကျိ အံ့ဩသွားသည်။ နောက်မှ သူက အော်ဟစ်ရယ်မောလိုက်သည်။

သူ၏ အူလှိုက်သည်းလှိုက် ရယ်သံကို ကျန်းကျန်းက နှုတ်ခမ်းကလေး ကိုက်ကာထားရင်းမှ ကြည့်နေသည်။

ကျန်းကျန်းက လက်နှစ်ဖက်ကို ခါးထောက်ပြီး....

"ဟုတ်တယ်၊ ပထမတော့ ကျွန်မ ရှင့်ကို အယေသတ်ချင်နေတာ သိလား၊ ဒါပေမယ့် ကနေ့လိုရက်ကြီးမျိုးမှာ ရှင်က ကျွန်မဆီကို ရောက်အောင်လာသေးတယ်ဆိုတော့ ရှင်ဟာ ကျွန်မထင်သလို လူယုတ်မာမဟုတ်ဘူးဆိုတာ နားလည်လိုက်လို့ပဲ"

လီစုကျိမှာ သူမ၏ချစ်စဖွယ် ဟန်ပန်အမူအရာကို ကြည့်ပြီး ပြုံးစိစိဖြင့် ကြည့်နေသည်။

သူမကအပြုံးကို ပိုမိုပီပြင်စွာ ဖော်ထုတ်လိုက်ပြီး....

"ကျွန်းကျွန်းက သိနေတယ် ဟုတ်လား၊ ဘာကို သိနေတာလဲ"

ကျွန်းကျွန်းက နှုတ်ခမ်းစူလျက်....

"ဘိတာပေါ့၊ ဒီကနေ့ဟာ ရှင် မင်္ဂလာဆောင်မယ့်နေ့လေ၊ အဲဒါကို ကျွန်မ သိနေတာပေါ့"

သူမ ပြောနေရင်းမှ မျက်ဝန်းအစုံသည် ကြည်လင်တောက်ပလာသည်။ မျက်လုံးနှစ်ခုကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေသည်မှာ အရုပ်ကလေးတစ်ရုပ်နှင့်ပင် တူနေသေးတော့သည်။

ထို့နောက်မှ ကျွန်းကျွန်းက စကားဆက်သည်။ သူမစကားက အညှို့ဖြိမ်တိကျမှုကို ဖော်ပြနေလေသည်။

"နောက်ပြီး မင်းသားလေးလီစုကျို ဘနေ့ ကျွန်မဆီကို ဘာပြုလို့ လာတယ်ဆိုတာကိုလဲ ကျွန်မ သိနေတယ်"

ကျွန်းကျွန်းစကားကြောင့် လီစုကျို မျက်မှောင်ကုတ်သွားသည်။

မျက်မှောင်ကုတ်ထားသော်လည်း သူက ပြုံးနေသည်။

"ကဲ...ဆိုစမ်းပါဦး၊ ကိုယ် အခု ညီမကျွန်းကျွန်းဆီကို ဘာပြုလို့ ပြန်လာခဲ့တာလဲ"

သူမက မျက်ခုံးတစ်ဖက် ပင့်လိုက်ပြီး....

"ရှင်က ကျွန်မကို ဒီကနေ့ကစပြီး ညောင်ညိုပင်က ခွဲကြပါစို့လို့ ပြောမလို့ မဟုတ်လား"

လီစုကျိုမှာ သူမစကားကြောင့် စောစောက ပြုံးနေသော သူ၏မျက်နှာပြင်မှာ တည်ကြည်သွားသည်။ ပြီးမှ သူက ဦးခေါင်းညိတ်၍ ဝန်ခံစကား ဆိုလိုက်သည်။





"ညီမကျွန်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ညီမကျွန်းအတွက် လက်ဆောင်ပေးချင်လို့ လာခဲ့တာလဲ ပါပါတယ်"

ယခုအခါ လီစုကျိုမှာ ကျွန်းကျွန်းစကားကြောင့် စိတ်မကောင်း ဖြစ်လာသည်။ သူက ကျွန်းကျွန်း စိတ်ပြေသိမ့်နိုင်စေရန် အိတ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ပြန်ထုတ်လိုက်သောအခါ လက်ထဲ၌ ပုလဲတစ်ကုံး ပါလာသည်။

သူက ပုလဲကုံးကို လှမ်းပေးလိုက်ရင်း....

"အစ်ကို ဟိုတစ်ချိန်တုန်းက ပုလဲကုံးတစ်ကုံး ပေးဖို့ ကတိပေးခဲ့တယ်လေ၊ အဲဒီကတိအတိုင်း ပေးဖို့လဲ ညီမကျွန်းဆီ အစ်ကို ပြန်လာတာပါ၊ ကဲ....ရော့ ယူလိုက်ပါ"

ကျွန်းကျွန်းက ပုလဲကုံးကလေးကို လှမ်းယူသည်။ လှမ်းယူလိုက်သော သူမ၏ လက်ဖြူဖြူဖွေးဖွေးက တုန်ယင်နေသည်။

ထိုစဉ်ခိုက်မှာပင် သူမ၏မျက်ဝန်းအိမ်မှ မျက်ရည်ပူများသည် ပုလဲကုံးများသဖွယ် ဥ၍ လျှံထွက်လာလေတော့သည်။

သူမ ပုလဲကုံးကိုကိုင်ထားသော လက်ချောင်းကလေးများ တဆတ်ဆတ် တုန်ယင်လို့နေသည်။

ထိုစဉ်....

သူမက ရုတ်တရက် ပုလဲကုံးဖြင့် ပစ်ပေါက်လိုက်လေတော့သည်။ ထိုအခါ လီစုကျိုက တစ်ဖက်သို့ တိမ်းပေးလိုက်သည်။

"ရှင့် ပုလဲကုံးကို ရှင်ပဲပြန်ယူသွား၊ ကျွန်မက ဆင်းရဲပေမယ့် ဒါတွေကိုဂရုမစိုက်ဘူး၊ ရှင့်လိုလူမျိုးကိုလဲ ကျွန်မအရေးမစိုက်ဘူး"

ကျန်းကျန်းက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောသည်။ တစ်ဆက်တည်းပင် သူမက အော်ဟစ်နှင်သည်။

"သွား သွား"

ပုလဲကုံးက လီစုကျိအား ထိမှန်ခြင်းမရှိပါ။ ပြတင်းပေါက်မှ လွင့်စဉ်ထွက်သွားသည်။

ထိုအခါ လီစုကျိက ရယ်မောပြီး....

"ဟား ဟား ဟား ကျန်းကျန်းက ကနေ့ တယ်ဒေါသကြီးနေပါလား၊ ညီမကျန်းကျန်း ဘယ်လိုဖြစ်နေတာလဲ"

တကယ်တော့ လီစုကျိ ကျန်းကျန်း စိတ်သက်သာစေရန် စလိုက်ခြင်းဖြစ်သည်။

သို့သော်....

ကျန်းကျန်းမှာ ခြေဆောင့်လက်ဆောင့်ဖြင့် ငိုယိုနေလေသည်။

ထိုအချိန်တွင် ပြတင်းပေါက်မှ ပစ်လွှတ်လိုက်သော ပုလဲပုတီးကုံးသည် အခန်းထဲသို့ ပြန်လည်ဝဲပျံ ရောက်ရှိလာသည်။

"ဒုတ်"

ခတ်အုပ်အုပ် အသံနှင့်အတူ ပုလဲပုတီးကုံးက ထုပ်တန်းတစ်ခုပေါ်တွင် စိုက်ဝင်သွားလေတော့သည်။





ထုပ်တန်း၌ စိုက်ဝင်နေသောမြားတံသည် ငွေရောင်တဖိတ်ဖိတ် တောက်ပနေသည်။ မြားတံတွင် တပ်ဆင်ထားသော ကြက်မွေးတောင်များသည် တုန်ခါလျက်ရှိသည်။

ထိုအချိန်မှာပင်....

မြားတစ်စင်းက ဝှီးခနဲမြည်ကာ ဝင်ရောက်လာပြန်သည်။ ဒုတိယ ဝင်ရောက်လာသည့်မြားက ပထမ မြားဖြင့် ကပ်လျက် စိုက်ဝင်နေသည်။

ဒုတိယ ဝင်ရောက်လာသည့်မြားမှာ တစ်ပေခန့် ရှည်သော မြားတစ်စင်းဖြစ်လေသည်။

ထိုမြားနှစ်စင်းကို မြင်တွေ့လိုက်ရသော ကျန်းကျန်းမှာ ကြက်သေသေသွားရလေတော့သည်။

သူမတစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားလိုက်ရသည်။ အရိုးထဲအကြောထဲ စိမ့်ဝင်သွားသည်။

လီစုကျိသည် မဲ့ပြုံးပြုံးလိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူက ခပ်ပြုံးပြုံးမျက်နှာဖြင့်....

"အင်း...ကြွေးရှင်တွေတော့ လာကုန်ပြီ"

ကျန်းကျန်းမျက်နှာ ကွက်ခနဲ ပျက်သွားရလေတော့သည်။ သူမက အလောတကြီး လီစုကျိကို မေးလိုက်သည်။

"သူတို့ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ"

လီစုကျိက ပြုံးလိုက်ပြီး....

"ကြွေးရှင်ဆိုတာ အကြွေးလာတောင်းကြတာလေ၊ ဒီနေ့မှာ အကြွေးလာတောင်းတဲ့ အမင်္ဂလာနေ့တစ်နေ့ ဖြင်သလို

မင်္ဂလာရှိတဲ့နေ့လဲ ဖြစ်နေတယ်၊ အင်း . . တစ်ချိန်တည်းမှာ ကျုပ်ဟာ အရသာနှစ်မျိုးကို ခံစားရတော့မှာပဲ"

သူက တစ်ခါတည်း ပြောသလိုဖြင့် ညည်းညူလိုက်လေ၏။

*　　*　　*

ဤနေရာတွင် နှစ်ထပ်တိုက်လေးတစ်လုံးသည် အထီးတည်း ရှိနေလေသည်။ ထိုနှစ်ထပ်တိုက်ကလေးမှာ ပြုပြင်သူမဲ့နေသောကြောင့် ခပ်ဟောင်းဟောင်းအသွင် အပြင်ပန်း၌ ပေါ်နေ၏။

သို့သော်....

အိမ်၏ အတွင်းတက်သည်ကား ခမ်းခမ်းနားနား ရှိလှသည်။

ပြုပြင်၍ ဆေးသုတ်ထားသောကြောင့် တောက်ပြောင်နေသည်။ ပကတိ အသစ်လိုလိုပင် ရှိနေသည်။

အဆိုပါ အပြင်ပန်း စုတ်ချာသော နှစ်ထပ်တိုက်ကလေး၌ လသာဆောင် တစ်ခုသည်လည်း ရှိနေပြန်သည်။

ထိုတိုက်ကလေး၏ရှေ့၌ သေးငယ်သော ပန်းဥယျာဉ်တစ်ခု ရှိနေပြန်သည်။

ဥယျာဉ်က သေးငယ်သော်လည်း ပန်းမျိုးကား စုံလင်လှသည်၊ နှင်းဆီ၊ ဒေါနဲ၊ စံပယ်၊ ကြက်ရုန်း၊ ဒေလီယာနှင့် နိုင်ငံခြားမှလာသည့် သစ်ခွပင်များကိုပါ သူ့နေရာနှင့်သူ စနစ်တကျ စိုက်ပျိုးထားသည်။





သို့အတွက် ဥယျာဉ်ကလေးမှာပန်းကလေးများဖြင့် စေဝေဆာဆာ လှလှန်းကလေး ဖြစ်နေလေသည်။

အဆိုပါ လှပဝေဆာနေသော ဥယျာဉ်ကလေး၏ အလှကို ရုတ်တရက် ဖျက်ဆီးလိုက်သူက အမည်းရောင် အရိပ်နှစ်ခု ပန်းချုံများကြားမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

ထိုနှစ်ယောက်မှာ ပန်းရုံများကြား၌ မတ်တတ်ရပ်နေကြသည်။

မတ်တတ်ရပ်နေကြသူ နှစ်ဦးမှာ အသက်အရွယ်အ... ...၏အဖြစ် ကွာခြားကြသည်။ တစ်ဦးက အသက်ကြီးရင့်သ... ကျန်းတစ်ယောက်က အသက်ငယ်ရွယ်သူ ဖြစ်...

သူတို့နှစ်ဦးမှာ သားအမိပင်ဖြစ်သည်။ ...းက အစ်ကို သားအမိနှစ်ယောက်၏ လက်ထဲ၌ လေးတစ်လက်စ...ြီးတယ်၊ ထားသည်။

အဆိုပါမြင်ကွင်းကို လသာဆောင်မှ ကြည့်နေသည့် ကျန်းကျန်းက အရုပ်ဆိုး အကျည်းတန်စွာ မြင်နေရခြင်းပင်ဖြစ်၏။

ကျန်းကျန်း၏ နံဘေး၌ လီစုကျို ရှိနေသည်။

သူမက ရပ်နေသော လီစုကျိုကို ကြည့်လိုက်ပြီး....

"သူတို့က ဘယ်သူတွေလဲ" ဟု မေးလိုက်သည်။

လီစုကျိုက တည်တည်ငြိမ်ငြိမ်ဖြင့်....

"အမည်းရောင်ဘွားဘွားနဲ့ သူ့သားပါ"

သူ့စကားကြောင့် ကျန်းကျန်း မျက်မှောင်ကုတ်သွား၏။ သူက နားမလည်ဟန်ဖြင့်....

"အမည်းရောင် ဘွားဘွားဟာ ဘယ်လိုလူစားလဲ"

ဤတွင် လီစုကျိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ကောင်းကင်ပြင်မှာပျံဝဲနေတဲ့ ငှက်တစ်ကောင်ရဲ့မျက်လုံးကိုပွင့်ပစ်နိုင်တဲ့ မြားဝိဇ္ဇာပေါ့"

ထိုစကားကြောင့် ကျန်းကျန်း ကွက်ခနဲ မျက်နှာပျက်သွားသည်။ သူမမျက်နှာပြင် တစ်ခုလုံးမှာ စက္ကူဖြူတစ်ရွက်ကဲ့သို့ ဖြူဖွေးသွားသည်။

ရှိနေလေ...ကျန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

ကြောင့် ခပ်ရေးရောင်ဘွားဘွားက ဒီလောက်တောင် ကြောက်စရာကောင်းတာလား"

အိမ်ရှင်...လီစုကျိုက တစ်ချက် ပြုံးလိုက်ပြီး....

"သူ့သားက သူ့လောက် မတော်ပေမယ့် သူလဲ ကြောက်စရာကောင်းတဲ့ မြားဝိဇ္ဇာတစ်ယောက်ပါပဲ၊ သူတို့နဲ့ ထိပ်တိုက်တွေ့တဲ့လူဟာ ကံဆိုးတာပါပဲ"

ထိုအခါ ကျန်းကျန်း မျက်မှောင်ကုတ်သွားသည်။ သူမက တစ်စုံတစ်ခုကို စဉ်းစားဟန်ဖြင့်....

"သူတို့က ရှင့်အပေါ်မှာ ကြွေးရှိနေတယ် ဟုတ်လား"

သူမအမေးကို လီစုကျိုက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဟုတ်တယ် ဒါကြောင့် အစ်ကို ကံသိပ်ဆိုးနေတာပေါ့"

ကျန်းကျန်း၏ ထူထဲသော မျက်ခုံးတစ်ဖက် အပေါ်သို့ တက်ကပ်သွားသည်။ သူမက စူးစမ်းသလို ကြည့်ရင်း....

"ရှင်ဟာ သူတို့ဆီက ဘာကြွေးတွေ ယူထားလို့လဲ"





ဤတွင် လီစုကျိုက တိုတိုတုတ်တုတ်ပင်....

"လူနှစ်ယောက်ရဲ့ ကြွေး" ဟု ပြန်ပြောလိုက်လေသည်။

"ရှင်....ဘယ်လို၊ လူနှစ်ယောက်ရဲ့ကြွေး ဟုတ်လား၊ ကျွန်မတော့ ဘာမှ နားမလည်တော့ဘူး"

သူမက ပြူးကျယ်သော မျက်လုံးများဖြင့် ပြန်ကြည့်ရင်း မေးလိုက်သည်။

ထိုအခါ လီစုကျိုက သက်ပြင်းတစ်ချက်ချပြီး သူ၏အဖြစ်အပျက်ကို ပြောဆိုရှင်းပြသည်။

"ကြော်....ဒါက ဒီလိုပါ၊ တစ်နေ့ညတုန်းက အစ်ကို အိမ်ကအပြန် မိန်းကလေး နှစ်ယောက်က ရှေ့ကပြေးတယ်၊ အမည်းရောင် ဘွားဘွားက နောက်က လိုက်နေတာ တွေ့ရတယ်၊ ဒါနဲ့ အစ်ကိုက မိန်းကလေးနှစ်ယောက် လွတ်အောင် ဆိုပြီး အမည်းရောင် ဘွားဘွားကို ဟန့်တားလိုက်မိတယ်"

သူက စကားကို ရပ်လိုက်ပြီး ကျန်းကျန်းကို ကြည့်လိုက်သည်။

"နောက်တော့ ဘာဆက်ဖြစ်သေးသလဲ"

သူမက သိလိုဇောဖြင့် မေးလိုက်သည်

လီစုကျိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အစ်ကိုကယ်တင်လိုက်တဲ့ မိန်းကလေး နှစ်ယောက်ဟာ မိန်းမတွေမဟုတ်ဘူး၊ မိန်းမအသွင် ဝတ်ထားတဲ့ လူဆိုးသူခိုးတွေ ဖြစ်နေတယ်ဆိုတာ နောက်မှ သိရတော့တယ်"

"အဲဒီတော့....."

"အဲဒီတော့ ဘာဖြစ်ရမှာလဲ၊ အစ်ကိုက သူတို့သားအမိကို မှားတဲ့အကြောင်း တောင်းပန်လိုက်ရတယ်"

ထိုအခါ ကျန်းကျန်းက ပြန်၍....

"သူတို့က မကျေနပ်ဘူးတဲ့လား"

လီစုကျိုက ဦးခေါင်း ခါယမ်းပြလျက်....

"သူတို့က လုံးဝမကျေနပ်ဘူး၊ အစ်ကို့ကို သုံးလ အချိန်ပေးထားတယ်၊ သုံးလအတွင်း ဒီလူဆိုးနှစ်ယောက်ကို ဖမ်းပြီး သူတို့လက်ကို အပ်ရမယ်တဲ့"

ကျန်းကျန်းက ပြန်၍....

"အခု ရက်ချိန်းစေ့နေပြီလား....

သူမ၏အမေးကို လီစုကျိုက ခေါင်းတွင်တွင်ယမ်းလျက်....

"အချိန်တော့ နီးလာပြီ၊ ဒါပေမယ့် အစ်ကိုက လူဆိုးတွေကို ဖမ်းလို့မမိသေးဘူး"

ကျန်းကျန်းက ခေါင်းတစ်ချက်ယမ်းပြီး သက်ပြင်းချလိုက်သည်။

"လောကကြီးမှာ လူတစ်မျိုးရှိနေတယ်လေ၊ အဲဒါဘာလဲဆိုတော့ အဲဒီလူမျိုးဟာ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး မနေတတ်ဘူး၊ သန်းတွေကို ကိုယ့်ခေါင်းပေါ် ဖမ်းပြီး ထည့်ထားချင်တယ်၊ အစ်ကိုက အဲဒီလို လူစားမျိုးပဲ"

ထိုအခါ လီစုကျိုက ပြုံးလိုက်ပြီး....





"သန်းနှစ်ကောင်လောက်ကတော့ အရေးမကြီးပါဘူး၊ အစ်ကို့ရဲ့ ခေါင်းပေါ်မှာ ကင်းမြီးကောက်နဲ့ မြွေလေးငါးကောင်တောင် ရှိနေသေးတယ်"

သူ၏စကားကြောင့် ကျန်းကျန်း ပါးစပ်ကို တင်းတင်းစေ့ထားလိုက်လေတော့သည်။

အကြောင်းမှာ....

သူမကိုယ်တိုင်ပင် ကြောက်စရာကောင်းလှသော မြွေများကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

★

## အခန်း ( ၂ )

## အဆိပ်ဘုရင်၏ မေတ္တာ

မယုံကြည်နိုင်သောမြင်ကွင်းကြောင့်ကျန်းကျန်း၏မျက်လုံး အစုံ ပြူးကျယ်သွားသည်။

ပထမဦးစွာ သူမ၏ မျက်ဝန်းအိမ်အတွင်းသို့ ဝင်ရောက်လာသူမှာ လူတစ်ယောက် ဖြစ်သည်။ ထိုလူမှာ ဘရပ်ရှည်ပြီး အင်မတန်မှ ပိန်လှီသူဖြစ်သည်။

သို့သော်....

ထိုပိန်ရှည်ရှည်လူ၏ မျက်လုံးအစုံမှာ နီရဲနေ၏။ မျက်ဝန်းအိမ် ပြူးကျယ်ကျယ်၌ သွေးခြည်သမ်းနေသည်မှာ မြေတစ်ကောင်၏ မျက်လုံးများနှင့်ပင် တူနေသေးသည်။

ဝတ်ဆင်ထားသည့် အဝတ်အစားမှာလည်း အပေါက်နှင့် အပြဲပင်ဖြစ်သည်။ သူ၏ကျောတွင် ပိုးထားသည့် ဂုန်နီအိတ်မှာလည်း အပေါက်အပြဲနှင့် ဖွာလန်ကြဲနေသည်။





အပေါက်အပြဲများရှိနေသည့်ဂုန်နီအိတ်မှမြွေများ ထွက်ကျနေခြင်းပင် ဖြစ်သည်။

ဒီ အပြင် ဂုန်နီအိတ် ထမ်းထားသည့်လူသည် မျက်လုံးတစ်ဖက်မရှိပါ။ နားတစ်ဖက်ကလည်း ပြတ်နေပါသည်။

သူသည် နီရဲသောအဝတ်ကို ဝတ်ဆင်ထားသည်။

မြွေအချို့သည် ဂုန်နီအိတ်ပေါက်ထဲမှ ထွက်လာသည်။ ထို့နောက် ထိုလူ၏ ပခုံးပေါ်တွင်ခွေကာ ဦးခေါင်းထောင်လျက် လျှာများ တဖျပ်ဖျပ် ထွက်ချည်ဝင်ချည် ပြုလုပ်နေလေသည်။

ထိုလူက ပန်းဥယျာဉ်ကလေး၏ ဝင်ပေါက်မှ တစ်ဆင့် ဥယျာဉ်ထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာနေလေသည်။

ကျန်းကျန်းမှာ မြွေများတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ရောက်ရှိလာသူကို ငေးကြည့်နေရင်းမှ မေးလိုက်သည်။

"ဒီလူကလဲ ရှင့်ရဲ့ ကြွေးရှင်ပဲလား"

မျက်မှောင်ကုတ်နေသော ကျန်းကျန်းက လီစုကျိုကို မေးလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုအခါ လီစုကျိုက ဟုတ်မှန်ကြောင်း ဦးခေါင်းညိတ်ပြသည်။

ခေါင်းညိတ် ဝန်ခံလိုက်သော လီစုကျိုကိုကြည့်ပြီး ကျန်းကျန်း အလွန်အံ့အားသင့်သွားသည်။ သူမက ဆက်၍....

"အဲဒီလူက ရှင့်ဆီကို ဘယ်လိုကြွေးတွေ တောင်းမှာလဲ" လီစုကျိုက....

"ကျုပ်က သူ့ကို မြွေငါးကောင် အကြွေးပေးစရာ ရှိနေတယ်"

ကျန်းကျန်းမှာ လီစုကျိစကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေလည်။ သူမကတအံ့တဩလေသံပြုလျက်....

"ဘာ....မြွေငါးကောင် အကြွေးတင်တယ် ဟုတ်လား၊ ရှင် သူ့မြွေငါးကောင် သတ်ခဲ့လို့လား"

ဤတွင်....

ဒုတိယအကြိမ်မြောက် လီစုကျိက ခေါင်းညိတ် ဝန်ခံလိုက်ပြန်သည်။

"ဟုတ်တယ်၊ ကျုပ်က အဆိပ်ပြင်းတဲ့ မြွေငါးကောင်ကို သတ်ခဲ့လို့ပေါ့"

သူ၏စကားကြောင့် ကျန်းကျန်း မျက်မှောင် ကုတ်သွားသည်။ သူမက နှုတ်ခမ်းကလေးကို တွန့်လိုက်ပြီး....

"ဟင်း....ဒီလူက ဘယ်လိုလူလဲ၊ အဆိပ်ပြင်းတဲ့ မြွေတွေကို သတ်တာ ဘာပြုလို့ ရှင့်နောက်ကို လိုက်လာရတာလဲ"

လီစုကျိက ပြုံးလိုက်ပြီးလျှင်....

"သူက အဆိပ်ဘုရင်၊ သူ့တစ်ကိုယ်လုံးမှာ အဆိပ်တွေနဲ့ ပြည့်နေတယ်၊ ဒါပေမယ့် သူ့ရဲ့နှလုံးသားဟာ အမှန်တကယ်ပဲ အကြင်နာတရားတွေနဲ့ပြည့်နေတဲ့လူတစ်ယောက်ပဲ၊ မြွေတွေမွေးတာဟာ လူတွေကိုအန္တရာယ်ပြုဖို့မဟုတ်ဘူး၊ လူတွေကိုကယ်ဖို့ပဲ သူ အလုပ်လုပ်နေတာ"





သူ၏စကားကို ကျန်းကျန်း နားမလည်ပါ၊ သူမက နားမလည်နိုင်သော မျက်လုံးများဖြင့် စေ့စေ့ကြည့်နေသည်။

"ဘာ....ဘယ်လို အဆိပ်ဘုရင်က မြွေတွေကိုမွေးပြီး လူတွေကို ကယ်တင်ဖို့ ဟုတ်လား၊ ကျွန်မတော့ ရှင်ပြောတဲ့စကားတွေကို ဘယ်လိုမှ နားမလည်တော့ဘူး"

လီစုကျိက တစ်ချက်ပြုံးလျက်....

"မြွေကိုက်ခံရတဲ့လူတစ်ယောက် မြွေဆိပ်သင့်နေရင် ကုဖို့အတွက် ကယ်တင်ဖို့ရာမှာ မြွေတစ်ကောင်ရဲ့အဆိပ်ကို ထုတ်ရတယ်၊ သွေးကိုယူရတယ်၊ အဲဒါနဲ့ဆေးဖော်ပြီးမှ အဆိပ်ကို ဖြေလို့ရတယ် မဟုတ်လား၊ သူက မြွေမွေးပြီး မြွေဆေး ဖော်စပ်တဲ့ လူတစ်ယောက်ပဲ"

ကျန်းကျန်းက စကားအဆုံးတွင်....

"ဒါဆို ရှင်က သူ့ရဲ့မြွေငါးကောင်ကို ဘာပြုလို့ သတ်လိုက်ရတာလဲ"

သူမ၏အမေးကို လီစုကျိကပြန်၍ ...

"တစ်နေ့ အစ်ကို လမ်းလျှောက်ထွက်လာရင်းနဲ့ လမ်းတစ်နေရာမှာ သူ့ကိုသွားတွေ့တယ်၊ အဲဒီအချိန်မှာ သူက မြွေတွေပေါ်မှာ အိပ်နေတယ်၊ မြွေငါးကောင်က သူ့ကို ကိုက်နေတာတွေ့လိုက်ရတယ်၊ ဒါနဲ့အစ်ကိုက ဒီလူတော့ သေတော့မှာပဲဆိုပြီး သူ မြွေဆိပ်ထုတ်နေမှန်းမသိလို့ ရိုက်သတ်မိလိုက်တယ်"

ကျန်းကျန်းမှာ လီစုကျိစကားကြောင့် မျက်လုံးပြူးသွားသည်။

ထိုအခါ သူမက ကန့်ကွက်စကားဆိုသည်။

''ဒါ အစ်ကို မှားတာမှမဟုတ်ဘဲ၊ ရှင်က မြွေကိုက်နေတာ တွေ့လို့ စေတနာနဲ့ ကယ်တင်လိုက်တာပဲဟာ၊ အစ်ကို့မှာ လုံးဝ အပြစ်မရှိပါဘူး''

လီစုကျိက ပြုံးလိုက်ပြီး....

''မြွေက သူ့ကို ကိုက်နေတယ်ဆိုတာထက် သူက မြွေကို အကိုက်ခံရတယ်ဆိုတာ ပိုမှန်ပါလိမ့်မယ်၊ မြွေက လူကိုကိုက်တဲ့ အခါမှသာ သူ့အဆိပ်ရည်ကို ဘုတ်ရတယ်မဟုတ်လား''

ကျန်းကျန်းက မျက်မှောင်ကုတ်လျက်....

''အဲဒီတော့....''

လီစုကျိက....

''အဲဒီတော့ သေသွားတဲ့ မြွေတွေအစား မြွေငါးကောင် အလျော်ပေးပါမယ်လို့ ကတိပေးလိုက်ရတာပေါ့''

ထိုအခါ ကျန်းကျန်းက ခပ်မဲ့မဲ့ ပြုံးလိုက်ပြီးလျှင်....

''အစ်ကို အဲဒီမြွေငါးကောင် ပြန်မပေးရသေးဘူးလား''

လီစုကျိက ခေါင်းကို ခါယမ်းလိုက်သည်။

''ဒီမြွေအမျိုးအစားက ကျင်နန်း ပြည်နယ်မှာမှ ရှိတာ၊ အစ်ကိုကလဲ ကျင်နန်းပြည်နယ်အထိ မသွားနိုင်သေးဘူး''

ဤတွင် ကျန်းကျန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

''အင်း....အစ်ကိုကတော့ လုပ်လိုက်မှဖြင့် တလွဲတချော် ချည်းပဲကိုး''

သူ စကားပြန်မပြောတော့ပါ။





ပါးစပ်ကို တင်းတင်းစေ့အောင် ပိတ်ထားလိုက်လေတော့သည်။

* * *

ဥယျာဉ်တစ်ခုလုံးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလေသည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှာ ပန်းရနံ့ပေါင်းစုံဖြင့် မွှေးကြိုင်နေသည်။

လီစုကျိနှင့် ကျန်းကျန်းတို့ စကားမပြောကြတော့ပါ။

ကြေးဆပ်ရမည့်သူ လီစုကျိက သက်ပြင်းကို မသိမသာ ချနေရသည်။ သက်ပြင်းချနေသော်လည်း မျက်လုံးများကမူ ပတ်ဝန်းကျင်တစ်ပိုက်ကို ရွေ့လျားနေသည်။

သူ၏မျက်လုံးအနေအထားကို ကြည့်ခြင်းအားဖြင့် လီစုကျိ တစ်စုံတစ်ဦးကို ရှာဖွေနေပုံပေါ်သည်။

လီစုကျိ မည်သူ့ကို ရှာဖွေနေပါသနည်း။

နောက်ထပ် ကြေးရှင်တစ်ဦးကို ရှာဖွေနေခြင်းလော။

မင်းသားလေးတစ်ယောက်ဖြစ်ပါလျက် ကြေးထူနေသည်မှာ အံ့ဖွယ်တစ်ပါး ဖြစ်နေသည်။

ဥယျာဉ် တစ်ခုလုံးမှာ တိတ်ဆိတ်မှု၏ အနက်ရှိုင်းဆုံးနေရာ၌ ရှိနေလေသည်။

ကြေးရှင် နှစ်ဦးဖြစ်သည့် အမည်းရောင် ဘွားဘွားသည် သားဖြစ်သူနှင့် ယှဉ်တွဲလျက် ရပ်နေသည်။ ထို့အတူ အဆိပ်

ဘုရင်သည်လည်း သူ၏ ခန္ဓာကိုယ်ပေါ် ရှိ မြောက်မြားလှစွာသော မြွေများနှင့်အတူ ငြိမ်သက်စွာ ရပ်နေသည်။

သူတို့သုံးဦးကို ခပ်လှမ်းလှမ်းမှကြည့်လျှင် သစ်သားရုပ်များ ချထားသည်နှင့် တူနေသည်။

လေသည် ပန်းပေါင်းစုံရနံ့ကို သယ်ဆောင်၍ ခရီးနှင်နေသည်။

ထို့အတူ....

အဝေးဆီမှ အုန်းမောင်းခေါက်သံ နှစ်ချက်ကိုလည်း ပန်းဥယျာဉ်ထဲအရောက် သယ်ဆောင်လာလေသည်။

ကျယ်လောင်စွာ ပေါက်ကွဲ မြည်ဟည်း ပေါ်ထွက်လာသော အုန်းမောင်းခေါက်သံသည် အဝေးမှ ပေါက်ကွဲ ပေါ်ထွက်နေသည်ဟု ထင်ရသည်။ ဒါ့အပြင် အနီးသို့ကပ်၍ မြည်ဟည်းနေသည်ဟုလည်း ထင်ရသည်။

ထိုအသံကို ရုတ်တရက် ကြားလိုက်ရသော အမည်းရောင်ဘွားဘွား သားအမိနှင့် အဆိပ်တုရင်တို့ ကွက်ခနဲ မျက်နှာပျက်သွားကြလေသည်။

အုန်းမောင်းခေါက်သံများကို ကြားရသော ကျန်းကျန်းမျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားသည်။

လီစုကျိမှာ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။

သို့သော်....

သူ၏ရင်ထဲ၌မူ ဗလောင်ဆူဝေနေသည်။

သူ မည်သည့်အတွက်ကြောင့် စိတ်ညစ်ညူးသွားရသည်ကိုတော့ မိမိကိုယ်တိုင်မှတစ်ပါး မည်သူမှ မသိနိုင်ပါ။





'လူသည် မိမိကိုယ်တွင်း စိတ်တွင်း ဖြစ်ပျက်နေသည်များကို မိမိကိုယ်က အသိဆုံး မဟုတ်ပါလော။'

* * *

တည်တည်ကြည်ကြည် ရှိနေသော လီစုကျိကို ကြည့်ပြီး ကျန်းကျန်းက မေးလိုက်သည်။

"အဲဒါ ဘာသံပါလိမ့်"

လီစုကျိက....

"အုန်းမောင်းခေါက်သံလေ"

သူမ၏ မျက်လုံးအစုံ အပေါ်သို့ မြင့်တက်သွားပြန်သည်။

"ဘာ....အုန်းမောင်းခေါက်သံ ဟုတ်လား၊ ဘယ်နှယ်.... နေ့ခင်းကြောင်တောင် ဘယ်သူက အုန်းမောင်းခေါက်လိုက်တာလဲ"

လီစုကျိက ပြုံးလိုက်ပြီး....

"အုန်းမောင်း သုံးချက် ခေါက်ရမှာပါ၊ သူက အခု နှစ်ချက်ပဲ ခေါက်သေးတယ်"

ထိုအခါ ကျန်းကျန်းက နားမလည်နိုင်သော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

"အုန်းမောင်းသုံးချက်ဆိုတာ လူတစ်ယောက်ရဲ့အမည်ပါ၊ အဲဒီလူကအုန်းမောင်းသုံးချက်ခေါက်လိုက်ရင် လူတစ်ယောက် အသက်ဆုံးရှုံးတတ်တယ်လေ၊ ဒါကြောင့် သူ့နာမည်အရင်း

တောင် သိုင်းလောကသားတွေ မေ့သွားကြပြီး သူ့ကို အုန်းမောင်းသုံးချက်လို့ ခေါ်နေကြတယ်"

ဤတွင် ကျန်းကျန်းက ထပ်၍....

"ဒါဆို အုန်းမောင်းသုံးချက်က အခု နှစ်ချက်ပဲ ခေါက်တယ်၊ အဲဒါ ဘာသဘောလဲ"

လီစုကျိက သက်ပြင်းတစ်ချက်ချပြီး....

"သူ လူတစ်ယောက်ကို သတ်တော့မယ်ဆိုတာ ကြိုတင်ပြီး သတိပေးလိုက်တာလေ"

ထိုစကားကိုကြားရသော ကျန်းကျန်းမှာ သူ၏ကျောပြင်၌ နေခြည်ထိုးခံနေရသော်လည်း ချမ်းစိမ့်စိမ့် ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

သူမက လီစုကျိကို မေ့ကြည့်လျက်....

"သူကလဲ ရှင့်ရဲ့ ကြွေးရှင်ပဲလား"

သူက အေးအေးဆေးဆေးပင်....

"ဟုတ်ပါတယ်"

သူမက ဆက်၍....

"ရှင်က အုန်းမောင်းသုံးချက်ကို ဘာကြွေးများ ပေးဆပ်စရာရှိနေလို့လဲ"

"ခါးတစ်ချက်ပါ"

ကျန်းကျန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ရှင့်မှာ ခကြွေးရှင် နောက်ထပ် ဘယ်လောက်များများ ရှိနေသေးသလဲ၊ ကြွေးရှင် မကုန်သေးဘူးလား"





ထိုအခါ လီစုကျိက ပခုံးတစ်ချက်တွန့်လျက်....

"ကြွေးရှင် ကြီးကြီးမားမားကတော့ ဒီသုံးယောက်ပါပဲ၊ အသေးအမွှားကတော့ နည်းနည်းပါးပါးပါ"

ကျန်းကျန်းက....

"ဒါနဲ့နေပါဦး၊ အခုလာတဲ့ကြွေးရှင်တွေက ရှင် ဒီမှာ ရှိနေတယ်ဆိုတာ သိကြလို့လား"

လီစုကျိက ဦးခေါင်းခါယမ်းပြလျက်....

"သူတို့အားလုံး အစ်ကို ဒီမှာရှိတယ်ဆိုတာ မသိကြပါဘူး"

သူ၏စကားကြောင့် ကျန်းကျန်း မျက်ခုံးတစ်ဖက် အပေါ်သို့ မြင့်တက်သွားသည်။

"ဒါဖြင့် သူတို့က အစ်ကို ဒီမှာမရှိမှန်းသိလျက်နဲ့ ဘာပြုလို့ လိုက်လာကြတာလဲ"

လီစုကျိက ပြန်၍ဖြေသည်။

"အစ်ကိုက ချိန်းလိုက်လို့ပါ"

သူ၏စကားကို ကြားလိုက်ရသော ကျန်းကျန်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

ကျန်းကျန်းက....

"ရှင်....ရှင်က ချိန်းထားတယ် ဟုတ်လား၊ ရှင် ဘာပြုလို့ ကြွေးရှင်တွေကို စုပြုံပြီး ချိန်းရတာလဲ"

လီစုကျိက ပြုံးလိုက်ပြီး....

"အကြွေးရှိတဲ့လူဟာ တစ်နေ့မဟုတ် တစ်နေ့ ကြွေးဆပ်ရမယ် မဟုတ်လား"

သူက စကားကို ရပ်လိုက်သည်။

ကောင်းကင်ပြင်သို့ မော့ကြည့်လိုက်လေသည်။ ထက်အာကာ၌ အဖြူရောင်ဖျင်စတစ်စ ခင်းထားသည်။

အဖြူရောင်ကောင်းကင်ပြင်၌ တိမ်တိုက်ဖြူတို့ ဟိုတစ်ခု သည်တစ်ခု ရှိနေကြလေသည်။

ကောင်းကင်ပြင်သည် သာယာနေပါသည်။

သို့သော်....

မြေပြင်တစ်နေရာ၌ကား. .

ကြေးရှင်တစ်စုနှင့် ကြေး အတောင်းခံနေရသူ မင်းသားလေးတစ်ဦး ရှိနေကြလေသည်။

ကျန်းကျန်းနှင့် လီစုကျိတို့မှာ ချစ်သူများဖြစ်ကြသည်။

သူတို့နှစ်ဦး အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ လီစုကျိ ခပ်ညည်းညည်းလေသံဖြင့် ပြောလိုက်လေသည်။

"ဒီနေ့ဟာ ကြေးဆပ်လို့ ကောင်းတဲ့နေ့ တစ်နေ့ဆိုတာ ညီမကျန်း အခုချိန်အထိ မရိပ်မိသေးဘူးလား"

ကျန်းကျန်းက သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး ပြောလိုက်လေသည်။

"သိပါတယ်အစ်ကို၊ အစ်ကို မင်္ဂလာဆောင်တဲ့နေ့လေ"

* * *

"တုံ....တုံ"

အုန်းမောင်းခေါက်သံ ထပ်မံ ပေါ်ထွက်လာပြန်သည်။





ထပ်မံပေါ်လာသည့် အုန်းမောင်းခေါက်သံမှာ နှစ်ချက်သာ ဖြစ်သည်။ သုံးချက် အုန်းမောင်းခေါက်သံ မည်သည့်အချိန်တွင် ပေါ်လာမည်နည်း။

အုန်းမောင်းသံသုံးချက် မြည်လိုက်သည်နှင့် မင်းသားလေးလီစုကျိ သေဆုံးရမည်ဖြစ်သည်။

ဤအချက်ကိုလည်း လီစုကျိ၏ချစ်သူ ကျန်းကျန်း သိသည်။ မင်းသားလေးလီစုကျိကိုယ်တိုင်လည်း သိသည်။

သေမည်ကိုသိသော မင်းသားလေးလီစုကျိက သေမင်းများကို ဤနေရာသို့ ဖိတ်ခေါ်လိုက်သည်။

သူက တည်ကြည်ခြင်းဖြင့် နောက်ဆုံးမတင်းမီ အလုပ်ကို တစ်ကြိမ်တည်း ပြုလုပ်ရန် ချိန်းဆိုလိုက်ခြင်း ဖြစ်သည်။

လီစုကျိက ကြေးရှင်သုံးဦးကို တစ်ပြိုင်နက်တည်း ချိန်းပြီး ကြေးအားလုံး တစ်ချိန်တည်းကြေစေရန် ပြုလုပ်လိုက်ခြင်းသာ ဖြစ်သည်။

အကြံဉာဏ်ကောင်းသော မင်းသားလေး လီစုကျိမှာ ယခု ကြေးရှင်သုံးဦးနှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။

* * *

လေသည် ဖြည်းဖြည်းမှန်မှန် တိုက်ခတ်နေသည်။

ပန်းရနံ့ကို သယ်ဆောင်လာသောလေကို ရှူမိသူတိုင်း နောက်ကျိနေသော စိတ်နှလုံးကို ကြည်လည်စေသည်မှာ မှန်သည်။

သို့သော်....

အဆိုပါသန့်ရှင်းသောလေသည် မင်းသားလေး လီစုကျိ နှင့် ကျန်းကျန်းတို့၏ ညစ်ညူးနေသောစိတ်ကို ပျက်ပြယ်အောင် မပြုလုပ်နိုင်ပါ။

ကျန်းကျန်းသည် နှလုံးသားနာကျင်မှုနှင့် ချစ်သူ လီစုကျိအတွက် စိုးရိမ်ပူပန်မှုများ ရောယှက် ခံစားနေရသည်။

ထိုဝေဒနာနှစ်ခု ရောခံစားနေရသော ကျန်းကျန်းမှာ ခွေယိုင်နွမ်းချိဉ့်လျက် လဲကျလုမတတ် ခံစားနေရလေသည်။

သူတို့နှစ်ဦး စကားမပြောနိုင်ဘဲ ရပ်လျက်ရှိနေစဉ်မှာပင် အုန်းမောင်းသုံးချက်သည် ပန်းရုံကြားမှ ဖြည်းညင်းစွာ ထွက်ပေါ်လာလေသည်။

အုန်းမောင်းသုံးချက်သည် အရပ်ရှည်ရှည် ခန္ဓာကိုယ် ကြံ့ခိုင်သူ ဖြစ်သည်။

အင်္ကျီမှာ အစိမ်းရောင်ဖြစ်သည်။ ဘောင်းဘီ အနက်ကို ခပ်ဖွဖွရှည်ရှည်ဝတ်ထားသည်။

အဖြူရောင် ခြေအိတ်နှစ်စုံနှင့် ဖိနပ်ကို ဝတ်ဆင်ထားသည်။ မျက်နှာပြင်မှာ ဖြူဖပ် ဖြူရော်ဖြစ်နေပြီး လူမမာရုပ်ကဲ့သို့ ဖြစ်နေသည်။

ထို့ပြင် အုန်းမောင်းသုံးချက်လက်ထဲ၌ ဝါးဘိုးဆစ်တစ်ခု ဘုတံတစ်ခုနှင့် အဖြူရောင်တောက်နေသော တောင်ဝှေး တစ်ချောင်းတို့ရှိနေလေသည်။





နေရောင်ထိတွေ့ခြင်းမရှိသော လူတစ်ယောက်၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေခြင်းမှာ ထူးဆန်းသည်မဟုတ်ပါ။

ထူးဆန်းနေသည်မှာ သူ၏မျက်လုံးများဖြစ်သည်။

အုန်းမောင်းသုံးချက်၏ မျက်လုံးများသည် နို့နှစ်ရောင်ဖြစ်သည်။ မျက်လုံးသူငယ်အိမ်ပင် မတွေ့ရပါချေ။

သိုင်းလောကတစ်ခုလုံး နာမည် အထင်ကရ ရှိလှသည်။ ကျော်ကြားလှသည်။ အုန်းမောင်းသုံးချက်သည် မျက်မမြင်တစ်ယောက် ဖြစ်နေသည်မှာ အလွန်ပင်အံ့ဩစရာကောင်းနေသည်။

ကြောက်စရာကောင်းသော အုန်းမောင်း သုံးချက်သည် ကြွေးတောင်းရန် ရောက်ရှိလာချေပြီ။

* * *

ပန်းရုံ၏အနီး၌ အုတ်ခင်းလမ်းကြမ်းကလေးတစ်ခု ရှိနေလေသည်။

အမည်းရောင် သားအမိက ထိုအုတ်ခင်း လမ်းကလေး၏ နံဘေး၌ရပ်နေသည်။ သူတို့နှစ်ဦး သစ်သားရုပ်များလို ရပ်နေခြင်း ဖြစ်သည်။

အဆိပ်တုရင်က သူတို့နှစ်ဦးနှင့် မနီးမဝေး၌ရှိနေသည်။

ထိုစဉ်....

ဥယျာဉ်ကလေး၏ ဝင်ပေါက်မှ လှမ်းဝင်လာသည့် အုန်းမောင်းသုံးချက်က အမည်းရောင်ဘွားဘွား၏အနီးမှ ကပ်၍ဖြတ်ကျော်လျှောက်သွားပြီး ရပ်လိုက်သည်။

ထို့နောက် သူ၏ခြေလှမ်းကိုရပ်လိုက်ကာ နောက်ပြန်လှည့်ကြည့်ပြီး "အဘွားကြီး နေကောင်းရဲ့လား" ဟု နှုတ်ဆက်လိုက်လေသည်။

ဤတွင်....

ကျန်းကျန်း၏ မျက်လုံးအစုံ ပြူးကျယ်သွားရပြန်လေသည်။

မျက်စိမမြင်သူတစ်ယောက်ဖြစ်သည့် အုန်းမောင်းသုံးချက်သည် အမည်းရောင်ဘွားဘွားသားအမိအား အဘယ်ကြောင့်မြင်တွေ့နေရသနည်း။

သူသည် မျက်စိမမြင်ဟန်ဆောင်နေခြင်းလော။

ကျန်းကျန်း တွေးမရပါ။ သူမအတွေးတို့ဖြင့် ယောက်ယက်ခတ်နေစဉ်မှာပင် အမည်းရောင် ဘွားဘွား၏အသံ ပေါ်လာသည်။

သူမအသံက ခနဲ့သံပါနေသည်။

"ရှင်တို့သတဲ့မေတ္တာကြောင့် ကျန်းမာပါတယ်ရှင်၊ ဟင်း....ဟင်း"

အမည်းရောင်ဘွားဘွားက ပြန်လည်နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

မျက်မမြင်အုန်းမောင်းသုံးချက်က အဖြူရောင်တောင်ဝှေးကိုထောက်ပြီး ရှေ့သို့စမ်းပြီးလျှောက်သွားသည်။





အဆိပ်ဘုရင်ရှေ့သို့ရောက်သောအခါ အဆိပ်ဘုရင်၏ပခုံးပေါ်ရှိ ဂုန်နီအိတ်ထဲမှ မြွေနှစ်ကောင် လျှောခနဲ ခုန်ဆင်းလာသည်။

မြေပြင်ပေါ်သို့ မြွေနှစ်ကောင် ရောက်ရှိသည်နှင့်တစ်ပြိုင်နက် အုန်းမောင်းသုံးချက်ကို တစ်ပြိုင်နက်တည်းပေါက်လိုက်လေတော့သည်။

သို့သော်....

ထိုမြွေနှစ်ကောင်မှာ အုန်းမောင်းသုံးချက်၏ ခြေမျက်စိကို မပေါက်နိုင်မီမှာပင် တောင်ဝှေးတစ်ချက် လှုပ်ယမ်းသွားသည်။

အဖြူရောင်အလင်းတစ်ခု လင်းလက်သွားသည်။

မြွေနှစ်ကောင်၏ ခေါင်းပိုင်းများ ဖြတ်အရိုက်ခံလိုက်ရသည်။ ထို့ကြောင့် မြွေနှစ်ကောင်မှာ နံဘေးသို့လွင့်စဉ်သွားပြီး သေဆုံးသွားလေသည်။

ထိုအခါမှ အုန်းမောင်းသုံးချက် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း....ကျုပ်က မင်း မြွေနှစ်ကောင်ကိုသတ်မိတယ်ဟုတ်လား အဆိပ်ဘုရင်"

အဆိပ်ဘုရင်က အုန်းမောင်းသုံးချက်ကို စေ့စေ့ကြည့်လိုက်ပြီး နောက်မှ ခတ်ပြတ်ပြတ်လေသံဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်"

အုန်းမောင်းသုံးချက်က....

"ဒါဖြင့် ခင်ဗျားအလျော်တောင်းဦးမလို့လား"

အဆိပ်ဘုရင်က ပြန်၍....

"ဘာလဲ ခင်ဗျားကလျော်နိုင်လို့လား"

အုန်းမောင်းသုံးချက်က ပြုံးလိုက်ပြီး....

"ခင်ဗျားလို မြွေစိမ်းမြီးခြောက်နှစ်ကောင် မပြောနဲ့ အကောင်နှစ်ဆယ်တောင် ကျုပ်ဖမ်းပေးနိုင်တယ်"

အဆိပ်ဘုရင်မှာအုန်းမောင်းသုံးချက်စကားကြောင့်အလွန်ပင် အံ့အားသင့်သွားရလေသည်။ ပါးစပ်ဟောင်းလောင်း မျက်လုံးအပြူးသားဖြစ်သွားသည်။

သူက မျက်စိကိုဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး....

"မလိုပါဘူးဗျာ၊ ဒီမြွေအားလုံးကို ကျုပ်ဟာကျုပ် ကိုယ်တိုင် ဖမ်းနိုင်ပါတယ်"

အုန်းမောင်းသုံးချက်က ပြုံးလိုက်ပြီး ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။ သူက အဆိပ်ဘုရင်ကို စေ့စေ့ ကြည့်ပြီးနောက် ...

"ခင်ဗျားက သေသွားတဲ့မြွေနှစ်ကောင်အတွက် အလျော် မတောင်းဘူးဆိုတော့ ကျုပ်က ကျေးဇူးတင်ရမှာပေါ့ဗျာ၊ ဒါကြောင့် ခင်ဗျားကို ကျုပ်က စကားတစ်ခွန်းတော့ လက်ဆောင်ပေးပါရစေ"

အဆိပ်ဘုရင်က....

"ပြောပါဗျာ၊ အဲဒီလက်ဆောင်စကားကို ကျုပ် သိပါရစေ၊ ကြားချင်ပါတယ်ဗျာ"

ဤတွင် အုန်းမောင်းသုံးချက်၏မျက်နှာပြင်မှာ တည်ကြည်သွားပြီးမှ ပြောလိုက်သည်။





"ဒီမှာ....ကျုပ်ပေးတဲ့အကြံဉာဏ်ကို သေသေချာချာ နားထောင်ကြည့်ပါ၊ ခင်ဗျား အခုလုပ်နေတဲ့ ခန္ဓာကိုယ်ကို အသုံးပြုပြီး မြွေဆိပ်နဲ့ လဲယူတဲ့နည်းဟာ အင်မတန်မှ အန္တရာယ်များလွန်းပါတယ်၊ ခင်ဗျားက ခင်ဗျားကိုယ်ထဲက မြွေဆိပ်တွေကို အချိန်မီထုတ်နိုင်ပေမယ့်...."

သူက စကားကို ရပ်လိုက်သည်။

ခဏကြာမှ ဆက်၍ရှင်းပြသည်။

"အနည်းအများဆိုသလို ခင်ဗျားခန္ဓာကိုယ်ထဲမှာ ကျန်ဦးမှာပဲ၊ အခုလောက်ဆိုရင် ခင်ဗျားရဲ့သွေးထဲမှာ မြွေဆိပ်တစ်ရာသုံးမျိုး ရှိနေလိမ့်မယ်လို့ ပြောရဲတယ်"

အုန်းမောင်းသုံးချက်စကားကြောင့် အဆိပ်ဘုရင်၏မျက်လုံးများ ပြူးကျယ်သွားသည်။ သူက....

"ခင်ဗျားက ဘယ်လိုလုပ် ဒီအကြောင်းတွေကို သိနေတာလဲ၊ ပြောစမ်းပါဦး"

ဟု မေးလိုက်သည်။

ထိုအခါ အုန်းမောင်းသုံးချက်က သက်ပြင်းချလိုက်ပြီးလျှင် ဆက်၍ ပြောလိုက်ပြန်လေသည်။

"ဒါတင်မကဘူး၊ ခင်ဗျားရဲ့ခန္ဓာကိုယ်ထဲကို နောက်ထပ် အဆိပ်ငါးမျိုး ခင်ဗျားကိုယ်ထဲရောက်သွားရင် ခင်ဗျားတော့ လောကကြီးမှာ မနေရတော့ဘူးဆိုတာ သိထားတယ်"

ဤတွင်.... အဆိပ်ဘုရင် ဘာမှ ပြန်မပြောနိုင်တော့ပါ၊ ပါးစပ်ပိတ်သွားရတော့သည်။

★

## အခန်း ( ၄ )

## သေမင်း၊တေးသံ

အုန်းမောင်းသုံးချက်နှင့် အဆိပ်ဘုရင်တို့ စကားပြောနေစဉ်မှာပင် လီစုကျိုသည် လသာဆောင်မှ မြေပြင်သို့ ခုန်ဆင်းလိုက်ပြီးဖြစ်နေသည်။

သူသည် ဥယျာဉ်ထဲသို့ ခြေချမိသည်နှင့် နွေးထွေးသောနေခြည်သည် သူ့ကို ဦးစွာ ဆီးကြိုလိုက်လေသည်။

ကြွေးရှင်များဖြစ်ကြသည့် အုန်းမောင်းသုံးချက်၊ အဆိပ်ဘုရင်နှင့် အမည်းရောင်ဘွားဘွားတို့ကမူ သူ့အား ဆီးကြိုခြင်း မရှိပါချေ။

အဆိပ်ဘုရင်နှင့် အမည်းရောင်ဘွားဘွားတို့မှာ တည်တည်ငြိမ်ငြိမ်ဖြင့် ရပ်နေသည်။

သို့သော်....





တောင်ဝှေးကို ထောက်လျက် အုန်းမောင်း သုံးချက်က တဖြည်းဖြည်းချင်း လီစုကျိုထံသို့ လျှောက်လာနေသည်။

လီစုကျိုက သူ့ထံ လျှောက်လာနေသော အုန်းမောင်းသုံးချက်ကို စူးစိုက်ကြည့်နေသည်။

အုန်းမောင်းသုံးချက် တစ်လှမ်းချင်း လျှောက်လာချိန်၌ လီစုကျိုက အတွေးကွန်ရက်ဝယ် မီနေလေသည်။

"ဒီလူဟာ တကယ်ပဲ မျက်စိမမြင်တာလား၊ အင်း....မြင်လျက်သားနဲ့ မမြင်ချင်ယောင်ဆောင်တာလား မသိဘူး"

အထက်ပါစကားလုံးများမှာ မင်းသားလေး လီစုကျို၏ အတွေးထဲ၌ ပေါ်ပေါက်နေသောအတွေးများ ဖြစ်သည်။

သူသည် အုန်းမောင်းသုံးချက်အား အတန်ကြာအောင် အကဲခတ် ကြည့်ရှုနေသော်လည်း အဖြေမှန် မရပေ။

မျက်စိကန်းသလား၊ မြင်သလားဟူသော အတိအကျ အဖြေကတော့ မရသေးပေ။

ထိုအဖြေကိုတော့ အုန်းမောင်းသုံးချက်ကိုယ်တိုင်က လွဲပြီး မေးခွန်းကို မည်သူမှ တိတိကျကျ ဖြေနိုင်လိမ့်မည် မဟုတ်ပေ။

* * *

လူသွားလမ်းကလေး။

အုတ်ဖြင့် သေသေသပ်သပ်စီ၍ ပြုလုပ်ထားသော လမ်းကလေး ဖြစ်သည်။

ခင်းကျင်းပြုလုပ်ထားပုံမှာ အင်မတန်မှ လက်ရာမြောက်လှသည်။ အနုပညာ ဆန်လွန်းသည်။

"ဒေါက်....ဒေါက်....ဒေါက်"

ကောင်ဝှေးသံသည် တိတ်ဆိတ်သော ဥယျာဉ်ကလေးထဲ၌ လွင့်မျံနေသည်။ သို့သော် တောင်မဝှေးထောက်သံသည် အလွန်ထူးဆန်းနေလည်း။

တကယ်တော့ တောင်ဝှေးထောက်သံသည် လီစုကျိအဖို့ သေမင်းအော်သံနှင့် မခြားပါ။

အသံက ပို၍ ကျယ်လာလေ သူ၏ သေခြင်းတရားသည် နီးကပ်လာပြီ မဟုတ်ပါလော။

တောင်ဝှေးသံသည် သစ်သားတစ်ခုမှ ထွက်ပေါ်လာသည့် အသံမျိုးမဟုတ်ပါချေ။ သံအမျိုးအစား တစ်ခုခုမှ ပေါ်ထွက်လာမည့် အသံမျိုးလည်း မဟုတ်ပါ။

ဤသို့ဆိုလျှင်....

ထိုတောင်ဝှေးသည် မည်သည့်အရာဖြင့် ပြုလုပ်ထားပါသနည်း။

လီစုကျိ မတွေးတတ်ပါ။

အုန်းမောင်းသုံးချက်၏ တောင်ဝှေးသည် ထူးခြားနေသည်မှာတော့ အမှန်ပင်။

ထိုစဉ်တွင်မှာပင် အုန်းမောင်းသုံးချက်သည် လီစုကျိ၏ ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေတော့သည်။





သူ လီစုကျိ၏ မျက်နှာချင်းဆိုင်တည့်တည့်သို့ ရောက်သောအခါ အုန်းမောင်းသုံးချက်၏ ခြေလှမ်းများ သူ့အလိုလို ရပ်တန့်သွားသည်။

ဤတွင်မှ အုန်းမောင်းသုံးချက်မှာ တကယ် မျက်မမြင်တစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်လေတော့သည်။

"ဘာလဲ....လီစုကျိ၊ ခင်ဗျားက ကျုပ်မျက်လုံးကို ကြည့်နေတာလား"

အုန်းမောင်းသုံးချက် အမေးကြောင့် မင်းသားလေး လီစုကျိ ရင်တစ်ချက် ခုန်သွားရပြန်သည်။

ထိုလူသည် မျက်မမြင်ဒုက္ခိတတစ်ယောက် ဖြစ်သော်လည်း သူ၏ခန္ဓာကိုယ်တွင် လျှို့ဝှက်မျက်လုံး ရှိနေသည့်အလား သူ၏ လှုပ်ရှားမှုများကို သိနေလေသည်။

အုန်းမောင်းသုံးချက်က....

"ဘာလဲ....မင်းသားလေးက ကျုပ်ရဲ့ မျက်လုံးကို သေသေချာချာ ကြည့်ချင်သေးလို့လား" ဟု ထပ်မံမေးလိုက်လေ၏။

မေးပြီးချိန်၌ သူ၏ လက်တစ်ဖက်က မျက်လုံးတစ်လုံးကို ကလော်ထုတ်လိုက်သည်။ ပါလာသော မျက်လုံးကို လက်ဝါးပေါ်တင်၍ ပြလိုက်ပြန်သည်။

"ကဲ....ဟောဒီမှာ သေသေချာချာကြည့်"

အုန်းမောင်းသုံးချက်က မျက်လုံးတင်ထားသည့် လက်ဝါးကို ရှေ့သို့ ဆန့်ထုတ်ပြလိုက်သည်။

လက်ဝါးပြင်ပေါ်၌ နို့နှစ်ရောင် အလုံးကလေးတစ်လုံး ပါလာသည်။

သူ၏ လက်ဝါးပြင်ပေါ်တွင် တင်ထားသည့် မျက်လုံးမှာ မည်သည့်အရာဖြင့် ပြုလုပ်ထားသည်မသိ။

အုန်းမောင်းသုံးချက်က ပါးတစ်ဖက် ရွဲ့လိုက်ပြီး....

"ဘယ့်နှယ်လဲ၊ ကျုပ်မျက်လုံးဟာ အတုဆိုတာ ယုံပြီမဟုတ်လား လီစုကျိ"

လီစုကျိက လေပူတစ်ချက် မှုတ်ထုတ်လျက်....

"ဟုတ်ကဲ့၊ ကျုပ် အမှန်တကယ်ပဲ ယုံပါပြီဗျာ"

ထိုအခါ အုန်းမောင်းသုံးချက်၏ မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်ပေါက်လာသည်။

သူက....

"ဒီမှာ မင်းသားလေး.... မင်းမှတ်ထားဖို့က ဒီမျက်လုံးစုံကန်းခဲ့ရတာကျုပ်အမှားတစ်ခုပြုလုပ်မိလိုက်လို့ပဲ၊ ဒါကြောင့် စုံကန်းခဲ့ရတာ၊ ဒါကြောင့် ဘယ်သူမဆို အမှား ပြုလုပ်မိရင် သူမှားခဲ့တဲ့ တန်ဖိုးကို အလျော်ပေးခဲ့ရမှာပဲ မဟုတ်လား"

ဤတွင် မင်းသားလေး လီစုကျိက ဦးခေါင်းညိတ်ကာ ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားပြောတာ မှန်ပါတယ်"

ထိုအခါတွင် အုန်းမောင်းသုံးချက်က လီစုကျိကို ကြည့်ပြီး

"မင်းသူငယ်ချင်း ချင်းလိန်ဟာ အမှားတစ်ခု ကျူးလွန်ခဲ့တယ်မဟုတ်လား"

သူက ခေါင်းညိတ်ပြလိုက်ပြန်သည်။





"ဟုတ်ပါတယ် အုန်းမောင်းသုံးချက်၊ ကျုပ်သူငယ်ချင်း ချင်းလိန်ဟာ အမှားတစ်ခု အမှန်တကယ်ပဲ ကျူးလွန်ခဲ့ပါတယ်"

ဝန်ခံလိုက်သည့်စကားကိုသဘောကျဟန်ဖြင့် အုန်းမောင်းသုံးချက်က ကျေနပ်စွာ ခေါင်းညိတ်ပြသည်။ သူက....

"ဒါဖြင့် ချင်းလိန်ကျူးလွန်ခဲ့တဲ့ အမှားအတွက် ကျုပ်က သူ့ကို ဓားနဲ့ တစ်ချက်တည်း ခုတ်သင့်တယ်မဟုတ်လား"

"မှန်ပါတယ်၊ ခုတ်သင့်ပါတယ်"

လီစုကျိက ဝန်ခံလိုက်ပြန်သည်။

အုန်းမောင်းသုံးချက် မျက်မှောင်ကုတ်သွားပြန်၏။ သူက နားမလည်ဟန်ဖြင့်....

"ဒါဖြင့်ရင် ခင်ဗျားက ဘာပြုလို့ သူ့အတွက် ဓားစာခံဝင်လုပ်ရတာလဲ"

သက်ပြင်းချသံ လီစုကျိထံမှ ပေါ်ထွက်လာသည်။ သူက စိတ်မကောင်းသော လေသံဖြင့်....

"သူဟာ သူ့အမှားအတွက်ခံဖို့ အဆင်သင့် ဖြစ်နေပါတယ်၊ ဒါပေမယ့် ချင်းလိန်မှာက ဒဏ်ရာ ကြီးကြီးကျယ်ကျယ် ရနေတယ်၊ ဒီလို ပြင်းထန်စွာ ရနေတဲ့ လူတစ်ယောက်ကို ခင်ဗျားက ဓားနဲ့ ထပ်ခုတ်ရင် သူသေဖို့ပဲရှိတဲ့အတွက် ကျုပ်က သူ့အသက်ကို ဝင်ကယ်ခဲ့တာပါ"

ထိုအခါ အုန်းမောင်းသုံးချက်၏မျက်နှာထား တင်းသွားသည်။

"ဒါဆို ချင်းလိန်ကို ခုတ်ရမယ့်ဓားတစ်ချက်ကို ခင်ဗျားက လက်ခံမယ်ပေါ့"

ဤတွင်....

မင်းသားလေး လီစုကျိ၏မျက်နှာပြင်မှာ ပိုမိုတည်ကြည်သွားတော့သည်။

*　　*　　*

သူက ရင်ကိုကော့လျက်....

"ဟုတ်တယ်၊ ချင်းလိန်အတွက် ဓားတစ်ချက်ကို ကျုပ်က အခုတ်ခံလိုက်ပါမယ်"

အုန်းမောင်းသုံးချက်က မယုံကြည်နိုင်ဟန်ဖြင့်....

"ခင်ဗျား တကယ်ပြောနေတာလား လီစုကျိ"

လီစုကျိက ခပ်ပြတ်ပြတ်လေသံဖြင့်....

"ကျုပ်က ပါးစပ်က ထွက်လိုက်တဲ့ စကားကို လေးစားတယ်၊ ပြောပြီးတဲ့စကားကိုလဲ နောက်မဆုတ်တတ်ဘူး၊ လက်နဲ့ရေးထားတာကို ခြေနဲ့မဖျက်ဘူး၊ ဒါကြောင့် ကျုပ် တကယ်ပြောနေတာပါလို့ ပြောတာပေါ့"

သူ၏ စကားအဆုံးတွင် အုန်းမောင်းသုံးချက်သည် သူ့လက်ထဲရှိ မျက်လုံးအတုကို မျက်လုံးဟောက်ပက်ထဲ ပြန်လည်တပ်ဆင်လိုက်လေသည်။

ယခုအခါ အုန်းမောင်းသုံးချက်၏ မျက်လုံးအစုံသည် သူ့အား စိုက်ကြည့်နေသည့်အလား ထင်မှတ်နေရလေတော့သည်၊





လီစုကျိက သူ့အား စိုက်ကြည့်နေသော အုန်းမောင်းသုံးချက်ကို ပြုံးပြလိုက်သည်။ ပြီးမှ သူက....

"ကဲ....ခင်ဗျား ခုတ်ချင်နေတယ်မဟုတ်လား၊ အခု ခုတ်နိုင်ပြီလေ"

ထိုအခါ အုန်းမောင်းသုံးချက်က သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး....

"ကောင်းပြီလေ၊ ဒီလောကအခုတ်ခံချင်နေတဲ့လူ ရှိမှတော့ ခုတ်ကြည့်ရသေးတာပေါ့"

စကားအဆုံးတွင် အုန်းမောင်းသုံးချက်က တောင်ဝှေး၏ ထိပ်ပိုင်းကို ဆွဲထုတ်လိုက်လေသည်။

ဤတွင်....

တောင်ဝှေးအတွင်းမှ နှစ်ပေခန့်ရှိသည့် ဓားတစ်လက်ပေါ်ထွက်လာတော့သည်။

လီစုကျိကလည်း ရင်ကော့ပေးလိုက်သည်။

မျက်လုံးကိုလည်း စုံမှိတ်ထားသည်။

ကျွန်းကျွန်းမှာ မင်းသားလေးလီစုကျိအတွက် စိုးရိမ်ပူပန်နေသည်။ သူမအနေဖြင့် ချစ်သူလီစုကျိအတွက်ပူပန်နေပေမယ့်တားလို့ မရမှန်း သူမကိုယ်တိုင်က သိနေသည်။

အုန်းမောင်းသုံးချက်ကိုလည်း မတားရဲပါ။

သူမကိုယ်တိုင်လည်း ချစ်သူလီစုကျိ သွေးအိုင်ထဲလဲကျသွားသည်ကို မမြင်လိုမတွေ့လိုပါ၊ ထို့ကြောင့် မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။

ထိုစဉ်....

အော်ဟစ်ဟန့်တားသံတစ်ခု ပေါ်လာသည်။

"ခဏနေပါဦး"

ဟန့်တားလိုက်သူမှာ အဆိပ်ဘုရင်ဖြစ်ပါသည်။

၎င်းတွင် ဟန့်တားသူ အဆိပ်ဘုရင်ကို အုန်းမောင်းသုံးချက် စိတ်ဆိုးဆိုးဖြင့် လှည့်ကြည့်လိုက်သည်။

သူက....

"ဘာဖြစ်လို့ ကျုပ်အလုပ်ကိစ္စမှာ ဝင်ရှုပ်ရတာလဲ အဆိပ်ဘုရင်"

ထိုအခါ အဆိပ်ဘုရင်က ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး....

"သူ့အပေါ်မှာကျုပ် ကြွေးလဲရှိနေသေးတယ်၊ ဒါကြောင့် ကျုပ် ကြွေးကို အရင်ဆပ်ဖို့လိုတယ်"

လီစုကျိက ပြုံးလိုက်ပြီး....

"ကျုပ်ရဲ့ ခံယူချက်ကတော့ အကြွေးရှိသမျှ ပြန်ဆပ်ရမှာပေါ့၊ အေး....တစ်ခု ကွာဟချက်ရှိတာက တချို့အရင်ဆပ်ပြီး တချို့ကို နောက်မှဆပ်တာပဲကွာတယ်"

အဆိပ်ဘုရင်က လီစုကျိအား အေးစက်သောလေသံဖြင့်....

"ဘာလဲ၊ ခင်ဗျားက နေ့ရှိသမျှ အကြွေးတွေကို အပြတ်ဆပ်ပစ်မယ် ဟုတ်လား"

လီစုကျိက ခေါင်းညိတ်ပြလျက်....

"ဟုတ်တယ်လေ၊ ဒါကြောင့် ခင်ဗျားတို့ကို ဒီမှာချိန်းတာပေါ့"

သူ၏စကားကြောင့် အဆိပ်ဘုရင် မျက်မှောင်ကုတ်သွားသည်။





သူ့အဖို့ လီစုကျိ တစ်နေ့တည်း ကြွေးရှင်သုံးယောက်စလုံးကို တစ်ပြိုင်နက်တည်း ချိန်းလိုက်သည်မှာ အံ့သြနေသည်။

သို့အတွက် အဆိပ်ဘုရင်မှာ သူ့ရှေ့တွင်ရပ်နေသည့် လူရွယ်ကို အံ့သြနေသည်။ တစ်စုံတစ်ခုလည်း မှားယွင်းနေသည်ဟု ထင်နေလေသည်။

ထို့ကြောင့် အဆိပ်ဘုရင်က....

"နေပါဦး၊ ခင်ဗျားက တကယ်ပဲ လီစုကျိ အစစ်ပဲလား"

မင်းသားလေးလီစုကျိက ခေါင်းညိတ်လိုက်ပြီး....

"ဘာသဲ ကျုပ်ကို လီစုကျိအတုထင်နေလို့လား"

အဆိပ်ဘုရင်က မျက်မှောင်ကုတ်လျက်....

"နည်းနည်းတော့ သံသယဖြစ်တယ်"

"ဘာဖြစ်လို့ ကျုပ်ကို လီစုကျိအတုပါလို့ သံသယဖြစ်နေရတာလဲ"

အဆိပ်ဘုရင်က ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး....

"လီစုကျိဟာ ရှန်နိုင်ငံရဲ့အမတ်ကြီး လီစုရင်ရဲ့သားတော်ဖြစ်ပါတယ်၊ အမတ်ကြီးလီစုရင်ရဲ့သားတော် လီစုကျိဟာ ဒီနေ့ မင်္ဂလာဆောင်မှာဖြစ်လို့ သူ့အတွက် ရက်ထူးရက်မြတ်ဖြစ်နေတယ်၊ အဲဒီအတွက် မင်းသားလေးလီစုကျိဟာ ဒီကို လာနိုင်မှာ မဟုတ်ဘူး"

* * *

တရုတ်ပြည်။

"ချူး"မင်းဆက်နောက်ပိုင်းတွင် အရှေ့ချူးနှင့် အနောက်ချူးဟူ၍ ရှိလေသည်။ တရုတ်ပြည်ကို အဆိုပါ ပြည်နယ်နှစ်ခုက နှစ်ခြမ်းကွဲစေသည်။

ထို့နောက်တွင် ညီညွတ်မှုမရှိသော တရုတ်ပြည်သည် နိုင်ငံငယ်ပေါင်း မြောက်မြားစွာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားရလေတော့သည်။ နိုင်ငံပေါင်း (၆၀)အထိ ကွဲသွားရလေသည်။

ရှန်နိုင်ငံငယ်သည် ထိုနိုင်ငံ ၆၀အနက် အငယ်ဆုံးဖြစ်သည်။

သို့သော်....

ရှန်နိုင်ငံ၏ ဘုရင်မင်းမြတ် လက်အောက်တွင် လက်ရုံးရည်နှလုံးရည်နှင့် ပြည့်စုံသော အမတ်ကြီးသုံးယောက်ရှိလေသည်။

ထို့ကြောင့် ရှန်နိုင်ငံငယ်သည် သေးငယ်သော်လည်း အမတ်ကြီးများ၏ အမြော်အမြင်ကြီးမှု၊ စည်းလုံးညီညွတ်မှု ရှိခြင်းကြောင့် သူတစ်လူငါတစ်မင်းကြားတွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအမတ်ကြီးသုံးယောက်မှာ....

လီစုကျိ၏ဖခင် လီစုရင်၊ ချန်းရှောင်ဖုန်းစုနှင့် ကွမ်းစန့်ချိန်းတို့ဖြစ်ကြလေသည်။

ထိုအမတ်ကြီးသုံးဦးမှာ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချရသည်။ တစ်ဦး အတွင်းရေးကို တစ်ဦး သိထားကြသူများဖြစ်သည်။

ဒါ့အပြင်....





တိုင်းရေးပြည်ရွာကိစ္စများ ဆွေးနွေးတိုင်ပင်ရာ၌ တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်သူများဖြစ်သည်။

ထို့ကြောင့် ရှန်နိုင်ငံရှိ ပြည်သူပြည်သားတို့က အမတ်ကြီးသုံးဦးအား သုံးဦးတစ်စိတ် အမတ်ကြီးများဟု ခေါ်ဆိုကြသည်။

* * *

လီစုကျိ သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီးမှ သူက ဦးခေါင်းခါယမ်းလိုက်ပြီး နောက်....

"ကျုပ်က လီစုကျိအစစ်ပေါ့ဗျာ၊ ကနေ့ဆိုရင် ကျုပ် သက်ထပ်မယ့်နေ့တစ်နေ့ဖြစ်တယ်၊ အင်း....အခုလောက်ဆိုရင် ကျုပ်တို့အိမ်မှာ ဧည့်သည်အတော်များများ စုံနေလောက်ပါပြီဗျာ၊ ဒါပေမယ့်...."

သူက စကားဆုံးအောင်မပြောတော့ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ထိုအခါ အဆိပ်ဘုရင်က....

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဤတွင် လီစုကျိက ဆက်၍ရှင်းပြသည်။

"ကျုပ် သက်ထက်ပြီးတဲ့နောက် ကျုပ်ရဲ့ဘဝဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားတော့မယ် မဟုတ်လား၊ ဇနီးမယားရှိပြီးတဲ့ နောက် အရင်လို ထင်သလိုလွတ်လွတ်လပ်လပ် သွားလာနိုင်တော့မှာမဟုတ်ဘူး၊ ကျုပ်ရဲ့ဇနီးဟာ ကျုပ်ရဲ့ဘဝတစ်လျှောက်လုံး လက်တွဲသွားရမယ့် ဘဝခရီးဖော်ဖြစ်တယ်"

မင်းသားလေး လီစုကျို သူ၏စကားကို ရပ်လိုက်ပြန်သည်။

ငြိမ်သက်စွာရပ်လျက် နားထောင်နေကြသူ အားလုံးကို တစ်ချက်အကဲခတ်လိုက်ပြန်သည်။

ကြွေးရှင်အားလုံးမှာ စိတ်ဝင်စားမှုကြောင့် ကျောက်ရုပ်များလို ရပ်နေကြသည်။ အုန်းမောင်းသုံးချက်မှလွဲ၍ ကျန်ကြွေးရှင်နှစ်ဦးဖြစ်ကြသည့် အဆိပ်ဘုရင်နှင့် အမည်းရောင်ဘွားဘွား၏မျက်လုံးအစုံမှာ အရောင်ဘဖျပ်ဖျပ် တောက်ပနေသည်။

ထိုအခြင်းအရာများသည် လီစုကျို၏စကားကို စိတ်ဝင်စားကြောင်း ပြသနေခြင်းဖြစ်ပါသည်။

အခြေအနေအရပ်ရပ်ကို အကဲခတ်ပြီးနောက်မှ မင်းသားလေး လီစုကျိုက သူ၏စကားကိုဆက်သည်။

"ဒါကြောင့် အကြင်လင်မယားဖြစ်လာရင် တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားရမယ်၊ မိန်းမဖြစ်တဲ့သူဟာလဲ သူရလိုက်တဲ့ ခင်ပွန်းသည်ဟာ ကတိ သစ္စာတည်တဲ့ ယောကျ်ား တစ်ယောက်ဖြစ်ရမယ်၊ ကြွေးမဆပ်ဘဲ ညစ်နေတဲ့ ယောကျ်ား တစ်ယောက် မဖြစ်စေချင်ဘူး၊ ဒါကြောင့် သူနဲ့လက်မထပ်မီ ရှိသမျှကြွေးတွေ ရှင်းရှင်းလင်းလင်းဖြစ်စေချင်လို့ အပြီးသတ်အမြစ်ပြတ်စေချင်လို့ ကျုပ်က အခုလို ခင်ဗျားတို့ကို ဒီနေရာကို ချိန်းလိုက်တာပါပဲ"

လီစုကျို၏စကားကို ကြားလိုက်ရသော အမည်းရောင်ဘွားဘွား သက်ပြင်းတစ်ချက်ချလိုက်ပြီး....





"အင်း....ဒီလိုစိတ်ထားမျိုးရှိတဲ့လူတစ်ယောက်ကို ရလိုက်တဲ့ မင်းရဲ့ဇနီးကတော့ သိပ်ကံကောင်းတာပဲဟေ့"

ထိုအခါ လီစုကျိုက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ သူ သိပ်ကံကောင်းတာဟာ ကျုပ် ကံကောင်းတာနဲ့အတူတူပါပဲ၊ လူတစ်ယောက်ဟာ အိမ်ထောင်မပြုခင်တုန်းကဆိုရင် ကိုယ်လုပ်ချင်တာလုပ်နိုင်ပေမယ့် အိမ်ထောင်သည်တစ်ယောက် ဖြစ်လာရင်တော့ ဇနီးဖြစ်သူ ဂုဏ်မငယ်ရအောင် ထိန်းသိမ်းရလိမ့်မယ်၊ တင်ရှိတဲ့ကြွေးတွေလဲ ရှင်းပစ်ရမယ်မဟုတ်လား၊ ဒါကြောင့် ကျုပ်တော်က ခင်ဗျားတို့ရဲ့ ကြွေးရှင်းဖို့ ချိန်းဆိုလိုက်တာပါပဲ"

သူ၏စကားအဆုံးတွင် အမည်းရောင်ဘွားဘွားက စူးစူးရှရှ တစ်ချက်ကြည့်လိုက်ပြီး....

"ကောင်းပြီ၊ ဒါဆို လီစုကျို ကျုပ်က မင်းရဲ့ လက်တစ်ဖက်ကို ဖြတ်ပစ်ရမလား၊ ဒါမှမဟုတ် ခြေထောက်တစ်ဖက်ကို အဖြတ်ခံစေချင်သလားဆိုတာကိုသာ ကြိုက်တာ ရွေးချယ်ပေတော့"

ဤတွင် လီစုကျိုက ရင်ကိုကော့ပြီး....

"ခင်ဗျား ဖြတ်ချင်တာသာဖြတ်လိုက်ပါတော့"

အမည်းရောင်ဘွားဘွားက အဆိပ်ဘုရင်ဘက် လှည့်လိုက်ပြီး....

"ဒီမှာ အဆိပ်ဘုရင်၊ ရှင်ကကော ဘာကိုဖြတ်ချင်တာပါလဲ" ဟု မေးလိုက်လေသည်။

* * *

အဆိပ်ဘုရှင်က မျက်နှာတစ်ချက်မဲ့ပြလိုက်ပြီး....

"ကျုပ်က ကြွေးတောင်းဖို့လာတာမဟုတ်ဘူးဗျ"

သူ၏စကားကြောင့် အမည်းရောင်ဘွားဘွား မျက်မှောင်ကုတ်သွားသည်။ သူမက ခတ်ဆတ်ဆတ်လေသံပြုလျက်....

"ဒါဖြင့် မင်းကဘာလုပ်ဖို့လာတာလဲ"

အဆိပ်ဘုရှင်က ခတ်ပြတ်ပြတ်လေသံဖြင့်....

"ကျေးဇူးလာဆပ်တာပါ"

ထိုအခါ အမည်းရောင်ဘွားဘွား၏မျက်လုံးအစုံမှာ ပြူးကျယ်သွားရလေတော့သည်။ သူမက အထိတ်တလန့် အော်လိုက်ပြီး....

"ဘာ....ကျေးဇူးဆပ်တာဟုတ်လား မင်း ဘာတွေလာပြောနေတာလဲ"

အဆိပ်ဘုရှင်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ စောစောက အုန်းမောင်းသုံးချက် ပြောတာမှန်ပါတယ်၊ ကျုပ်ရဲ့ခန္ဓာကိုယ်ပေါ်မှာ မြွေဆိပ်ခံနိုင်ရည် တဖြည်းဖြည်းအားနည်းလာနေပါတယ်၊ ဒါကို ကျုပ်မရိပ်မိခဲ့ဘူး၊ မြွေငါးကောင် အကိုက်ခံရတုန်းကမှ ကျုပ်သိလိုက်တယ်၊ ဒါပေမယ့် ကျုပ်မထနိုင်ခဲ့ဘူး၊ လီစုကျီရောက်လာပြီး မြွေကိုအချိန်မီသတ်ပစ်နိုင်လို့သာ ကျုပ် အသက်ချမ်းသာရသွားခြင်းဖြစ်ပါတယ်"

အမည်းရောင်ဘွားဘွားက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"ဒီလိုဆိုရင် သူကတောင် မင်းအပေါ်မှာ အသက်တစ်ချောင်းအတွက် ကျေးဇူးရှိသွားတာပေါ့ဟုတ်လား"





ထိုအခါ အဆိပ်ဘုရင်က ဦးခေါင်းညိတ်ဝန်ခံသည်။

"ဟုတ်ပါတယ်ဗျာ၊ လီစုကျီ ကျေးဇူး ကျုပ်ဆီမှာ ရှိနေပါတယ်"

အမည်းရောင် ဘွားဘွားက ပြူးကျယ်သောမျက်လုံးဖြင့် အဆိပ်ဘုရင်ကို ကြည့်လိုက်ပြီး....

"ဒါဖြင့် မင်းက လီစုကျီရဲ့အကြွေးကို ဘယ်လိုဆပ်မလဲ"

အဆိပ်ဘုရင်က ပြုံးလိုက်သည်။

"ခင်ဗျား သူ့အပေါ်တင်ထားတဲ့ ကြွေးတွေကို ကျုပ်သူ့အတွက်ပေးမယ်လေ"

အမည်းရောင်ဘွားဘွားက သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက်....

"ဒါဆိုရင် အဆိပ်ဘုရင်၊ မင်းက မိန်းမယောင်ဆောင်တဲ့ သူခိုးနှစ်ယောက်ကို ဖမ်းပေးမယ်ဆိုပါတော့"

ဤသည်ကို အဆိပ်ဘုရင်က ဝန်ခံသည်။

"ဟုတ်ပါတယ်ဗျာ"

"အဆိပ်ဘုရင် မင်းကသူခိုးနှစ်ယောက်ကို ဖမ်းနိုင်တဲ့အခွင့်အရေးတွေ တွေ့ထားလို့လား"

အမည်းရောင်ဘွားဘွားက မေးလိုက်ခြင်းဖြစ်သည်။

အဆိပ်ဘုရင်က ခတ်ပြတ်ပြတ်ပင် ကတိပေးလိုက်သည်။

"ကျုပ်သုံးရက်အတွင်းမှာ အဲဒီသူခိုးနှစ်ယောက်ကို အမိဖမ်းပြီး ခင်ဗျားလက်အပ်ပေးပါမယ်၊ အမည်းရောင် ဘွားဘွား ခင်ဗျားကျေနပ်တယ် မဟုတ်လား"

ထိုအခါ အမည်းရောင်ဘွားဘွားက ပြုံးပြလိုက်ပြီး....

"ကျုပ်က ဒီသူခိုးနှစ်ယောက်ရဖို့ အဓိကတော့ အဓိက မဟုတ်တော့ပါဘူး၊ ဘယ်သူဖမ်းပေးပေး၊ မပေးလဲ အရေး မဟုတ်ပါဘူး"

"ဒါဖြင့် ခင်ဗျားလက်ခံနိုင်ပြီလား"

အဆိပ်ဘုရင်က မေးလိုက်သည်၊

အမည်းရောင်ဘွားဘွားက မျက်မှောင်ကုတ်လျက်....

"ကျုပ် ဘာကိုလက်ခံရမှာလဲ"

တစ်ချိန်လုံး ငြိမ်နားထောင်နေသော လီစုကျိဘက်လှည့်၍ အဆိပ်ဘုရင်က မေးလိုက်သည်။

"ကဲ....လီစုကျိ အခုဆိုရင် ကျုပ်နဲ့ ခင်ဗျားရဲ့ ကြွေးတွေ ရှင်းသွားပြီ၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကိုတော့ ကတိတစ်ခု ပေးရလိမ့်မယ်"

သူ့စကားကြောင့် လီစုကျိ မျက်မှောင်ကုတ်သွားသည်။

"ဘာကတိ ကျုပ်က ပေးရမှာလဲဗျ"

ထိုအခါ အဆိပ်ဘုရင်က ပြုံးလိုက်ပြီးလျှင်....

"ဒီကနေ့ ခင်ဗျား မင်္ဂလာဆောင်မယ့်နေ့လေ၊ အဲဒီတော့ မင်္ဂလာပွဲမှာ အရက်သောက်ဖို့ ဖိတ်ခေါ်ရမယ်"

လီစုကျိက ဝမ်းသာအားရ လေသံဖြင့်....

"အို....ရပါတယ်၊ အရက်သောက်ရုံမကဘူး၊ ခင်ဗျားကို ထမင်းပါကျွေးလိုက်ပါဦးမယ်ဗျာ"

ဤတွင်....

အနန်းမောင်းသုံးချက်က ရုတ်တရက် ဟန့်တားလိုက်သည်။





"ခင်ဗျားသွားလို့ မဖြစ်သေးဘူး၊ ကျုပ် အကြွေးမှမရှင်း ရသေးဘဲ လီစုကျိ"

ထိုအခါ လီစုကျိက မျက်မှောင်ကုတ်သွားသည်။

သူသည် စကားမပြောတော့ပါ။ ဆိတ်ဆိတ်သာနေလိုက် လေတော့သည်။

အနန်းမောင်းသုံးချက်က သီစုကျိကို ကြည့်လိုက်ပြီး....

"ခင်ဗျားဆီကနေပြီး ကျုပ် ဓားတစ်ချက် အကြွေးရစရာ ရှိနေတယ်၊ အဲဒီတော့ ခင်ဗျားကို ကျုပ်က ဓားတစ်ချက်ခုတ် ရလိမ့်မယ်"

သူက ပြောရင်းမှ ဓားကိုကိုင်မြှောက်လိုက်သည်။

နေခြည်သည် ဓားကို ထိတွေ့လိုက်သောအခါ ဓားရောင် ဝင်းခနဲ လက်သွားလေတော့သည်။

★

## အခန်း ( ၄ )

## မိုးကြိုးလက်နက်

"တုံ  တုံ  တုံ"

အုန်းမောင်းသံ သုံးချက်တိတိ ထွက်ပေါ်လာချေပြီ။

ဝါးအုန်းမောင်းကို ဓားဖြင့်ခေါက်လိုက်သဖြင့် ပေါ်လာသော အသံဖြစ်သည်။

ထိုအသံ ပေါ်ထွက်လာခြင်းက လူတစ်ယောက်ကို အုန်းမောင်းသုံးချက်က သတ်တော့မည်ဖြစ်ကြောင်း သတိပေးသံပင် ဖြစ်သည်။

အုန်းမောင်းခေါက်သံ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်သွားပြီ။

နေခြည်ပို၍ ပူနွေးတောက်ပလာသည်။

သို့သော်....





ဓား၏ အငွေ့အသက်က မင်းသားလေး လီစုကျိုကိုယ်ပေါ်သို့ လွှမ်းခြုံနေလေသည်။

ထိုစဉ်တွင်....

အုန်းမောင်းသုံးချက်က ဓားကို မြှောက်လိုက်သည်။

မင်းသားလေး လီစုကျို၏ လက်ဝါးသည် ချွေးများပင်စို့ထွက်လာလေသည်။

သူ ကြောက်ရွံ့၍ မဟုတ်ပါ။

အကယ်၍ သူ ကြောက်ရွံ့သည့်တိုင်အောင် ရှောင်ပြေးမည့်လူ တစ်ယောက်လည်း မဟုတ်ပါချေ။

ဓားကို လေထဲတွင် မြှောက်ထားသော အုန်းမောင်းသုံးချက်က သူ့အား အေးစက်စက် ကြည့်လိုက်ပြီး....

"ကဲ....ပြောစမ်း၊ ကျုပ်က ဘယ်နေရာကို ခုတ်ရမှာလဲ"

ဟု အံတင်းတင်းကြိတ်ပြီး မေးလိုက်သည်။

မင်းသားလေး လီစုကျိုက မဲ့ပြုံးပြုံးလိုက်ပြီး....

"ခင်ဗျား ခုတ်ချင်တဲ့ နေရာကိုသာ ခုတ်လိုက်ပေတော့ဗျာ"

ဟု ခပ်အေးအေး လေသံဖြင့် ပြောလိုက်လေသည်။

သူ၏ သွင်ပြင်ဟန်ပန်မှာ ဘာမှ ခံစားချက်မရှိသူ တစ်ယောက် ဖြစ်နေသည်။

* • *

လျှပ်စီးရောင်တစ်ချက် ဖြိုးခနဲ ပြက်ခနဲ လင်းပြက်သွားသည်။

နေ့ခေါင်ခေါင် လင်းပြက်သွားခြင်း ဖြစ်သည်။

သို့သော်....

အမှန်စင်စစ် လျှပ်ရောင် ပြတ်သွားခြင်း မဟုတ်ပါ။

အုန်းမောင်းသုံးချက်ထံမှ ဓားရောင်တစ်ချက် လင်းပြက်သွားသည်။ ဓားက စွပ်ခနဲညို့မည်းသွားပြီး အရောင်ပြက်သွားခြင်း ဖြစ်ပါသည်။

သူ မြေပြင်ပေါ်သို့ ပြုတ်လဲကျသွားသည်။

အုန်းမောင်းသုံးချက်ဓားက သူ၏ လည်ကုပ်ပေါ်သို့ ခုတ်ချလိုက်ခြင်း ဖြစ်သည်။

ဓားက အလွန်ပါးလွှာပြီး ထက်မြက်သည်။ သူသည် အော်ပင်မအော်နိုင်တော့ပါ၊ မြေပြင်ပေါ်သို့ပြုတ်လဲကျသွားလေတော့သည်။

သို့သော်....

လီစုကျိ မသေသေးပါ။

အသက်ရှင်လျက်ပင် ရှိနေသေးသည်။

တကယ်တော့ အုန်းမောင်းသုံးချက်ဓားက လီစုကျိကိုယ်ပေါ်သို့ ကျရောက်သွားလျှင်လည်း ရှောင်တိမ်းမည် မဟုတ်ပါ။

ပြန်လှန်တိုက်ခိုက်မည် မဟုတ်ပါ။

ကြွေးဆပ်နေသူ တစ်ယောက်အတွက် အကြွေးကို သူ ပီပီပြင်ပြင် ဆပ်လိုသည် မဟုတ်ပါလား။





အုန်းမောင်းသုံးချက်ဓားက လီစုကျိထံမရောက်ဘဲ၊ အဆိပ်ဘုရင်၏ လည်ကုပ်ဆီသို့ ဝဲ၍ရောက်ရှိသွားသည်။

* * *

အမှန်မှာ အဆိပ်ဘုရင်သည် မြွေပါးကောင် သေဆုံးခြင်းကိစ္စအတွက် မင်းသားလေး လီစုကျိအပေါ် ကြေအေးခြင်း မရှိပါ။

သို့သော်....

သူ ယခုအချိန်တွင် သူနှင့်အတူ အကြံအစည်တစ်ခုပါလာ၍ ကြေအေးလိုက်သည်။

သို့သော်....

အဆိုပါ သူ၏ လျှို့ဝှက်အကြံအစည်ကို အုန်းမောင်း သုံးချက်၏ဓားက ဖျက်ဆီးလိုက်သည်။ မထင်မှတ်သော ဓားကလေးက လေကိုခွင်းလျက် အဆိပ်ဘုရင်၏ လည်ကုပ်ဆီသို့ ကျလာသည်။

ရုတ်တရက် ပေါ်ပေါက်လာသည့်ဓားချက်ကြောင့် အဆိပ်ဘုရင် မျက်လုံးပြူးကျယ်သွားသည်။

ဒါပေမယ့် အဆိပ်ဘုရင်မှာ ခေသူတစ်ယောက် မဟုတ်ပါချေ။ သိုင်းလောကအတွေ့အကြုံ များစွာရထားသူတစ်ယောက် ဖြစ်သည်။ အေးစိမ့် သောခံစားချက်တစ်ခုဖြစ်ပေါ် ခံစားမိချိန်၌ အဆိပ်ဘုရင်မှာ နောက်သို့ ခုန်ဆုတ်သွားပြီဖြစ်သည်။

သူ ခုန်ဆုတ်ရှောင်ချိန်၌ပင် ဂုန်နီအိတ်အတွင်းရှိ မြွေပျံသုံးကောင်က အုန်းမောင်းသုံးချက်ထံသို့ လွင့်စဉ်ထွက်သွားသည်။

အုန်းမောင်းသုံးချက်က သူ့ထံပျံဝဲဝင်လာသည့် မြွေပျံသုံးကောင်ကို တောင်ဝှေးဖြင့် ရိုက်ထုတ်လိုက်သည်။

"ပွမ် ဝှမ် ဝှမ်"

"ဖုတ် ဖုတ် ဖုတ်"

ဝါး လေတိုးသံနှင့်အတူ မြွေသုံးကောင် မြေပြင်ပေါ်သို့ ပြုတ်ကျသေဆုံးကုန်သည်။

"ဘယ်လိုလုပ်လိုက်တာလဲ အုန်းမောင်းသုံးချက်၊ ခင်ဗျား ဘာသဘောနဲ့ ကျုပ်ကို လုပ်ကြံရတာလဲ"

ထိုအခါ အုန်းမောင်းသုံးချက်က အေးစက်စက်ရယ်လိုက်သည်။

အမှန်ကို တစ်စွန်းတစ်စ အပြောခံလိုက်ရသူသည် အနာပေါ် တုတ်ကျသကဲ့သို့ ဆတ်ဆတ်ခါနာသည် မဟုတ်ပါလော။

ထိုစဉ်တွင် အုန်းမောင်းသုံးချက်၏ စကားသံ ထပ်မံပေါ်ပေါက်လာပြန်လေသည်။

"နောက်ပြီး ခင်ဗျား ဒီကိုလာတာဟာ အကြံအစည်တစ်ခု ပါလာတယ် ဒီအကြံကလဲ ကောင်းတဲ့အကြံမဟုတ်ဘူး"

အဆိပ်ဘုရင်က ခနဲ့တဲ့တဲ့ လေသံဖြင့်...

"ပြောစမ်းပါဦးဗျာ၊ ကျုပ်အကြံ ဘာလဲဆိုတာ"

အုန်းမောင်းသုံးချက်က အေးစက်စက် ရယ်လိုက်ပြီး....





"ဟင်း ဟင်း ဟင်း.... ခင်ဗျား အကြံက ခင်ဗျားက အကြွေးရစရာရှိတာကို မယူဘဲ ကျေအေးလိုက်မယ်၊ နောက်ပြီး မင်းသားလေးရဲ့ မင်္ဂလာပွဲကို အတူသွားမယ်၊ မင်္ဂလာပွဲမှာက ရှန်နိုင်ငံရဲ့ တကယ့်ခေါင်းဆောင်ကြီးတွေ တက်ရောက်မယ်"

သူက စကားကို ရပ်လိုက်၏။ အဆိပ်ဘုရင်ကို အကဲခတ်သလို ကြည့်လိုက်ပြန်သည်။ ထို့နောက်မှ သူက ဆက်၍ပြောသည်။

"အဲဒီအချိန်မှာ ခင်ဗျားက ထူးနိုင်ငံရဲ့ လက်နက်ပုန်းတစ်ခုကို ဖောက်ခွဲပြီး ရှန်နိုင်ငံရဲ့ ခေါင်းဆောင်ကြီးတွေကို သေစေမယ်လေ"

အုန်းမောင်းသုံးချက်၏စကားသည် နောက်ဆုံး၌ အဆိပ်ဘုရင်၏ အရှိုက်ကို ထိမှန်သွားစေသည်။

ယခု သူ ဒေါသကို မချုပ်တည်းနိုင်တော့ပါ။

ထို့ကြောင့်....

အဆိပ်ဘုရင်က သူ၏လက်တစ်ဖက်ကို ဂုန်နီအိတ်ထဲ နှိုက်ထုတ်လိုက်သည်။ ပြန်ထွက်လာသောအခါ လက်ထဲ၌ အစိမ်းရောင် တောက်နေသော မြွေတစ်ထွေး ပါလာသည်။

မြွေတထွေးကြီး လေထဲလွင့်ပျံလာသည်။

အုန်းမောင်းသုံးချက်က သူ့ကိုယ်ပေါ်သို့ ကျလာသော မြွေများကို တောင်ဝှေးဖြင့် ရိုက်ထုတ်သည်။

တောင်ဝှေးရိုက်ချက်နှင့်အတူ သူ၏ ခန္ဓာကိုယ်သည်လည်း လေထဲသို့ လွင့်တက်သွားသည်။ သူ၏ ခန္ဓာကိုယ် လေထဲတွင်ရှိနေစဉ်မှာပင် အလင်းရောင်တစ်ချက် ဝင်းပြက်သွားသည်။

ဓားချက်တစ်ချက် ထုတ်လွှတ်လိုက်၏။ မြွေများအဝေးသို့ လွင့်စဉ်သွားသလို ဓားချက်တစ်ချက်ကလည်း အဆိပ်ဘုရင်၏ ဦးခေါင်းတည့်တည့်သို့ ပြုတ်ကျသွားသည်။

သို့သော်....

အဆိပ်ဘုရင်က ခန္ဓာကိုယ်ကို တစောင်းပြုလျက် နံဘေးသို့ ခုန်ထွက်သွားသည်။ သူက အတော်ဝေးဝေး ရောက်အောင် အဆင့်ဆင့် ခုန်ထွက်သွားခြင်း ဖြစ်သည်။

"ဟေ့....အဆိပ်ဘုရင်၊ မင်း ဘာပြုလို့ ထွက်ပြေးဖို့ ကြိုးစားနေတာလဲ၊ နိုင်ငံအပေါ် သစ္စာဖောက်တဲ့သူဟာ သေဖို့ပဲရှိတယ်၊ မင်းပြေးလဲမလွတ်ဘူး"

အုန်းမောင်းသုံးချက်က အော်ဟစ် ဟန့်တားလိုက်သည်၊

ထိုအချိန်မှာပင် အဆိပ်ဘုရင်၏ လက်ထဲ၌ လေးနှင့် မြားရောက်ရှိနေသည်ကို တွေ့ရလေသည်။

"တင်း....ဒေါင်"

လေးတင်သံနှင့်အတူ မြားတစ်စင်း ပြေးထွက်လာသည်၊ ထိုအချိန်မှာပင် နောက်ထပ် မြားတစ်စင်း ထပ်မံပေါ်လာ၏။ မြားနှစ်စင်းက အုန်းမောင်းသုံးချက်၏ ခန္ဓာကိုယ် နှစ်နေရာသို့ ခွဲဝင်လာသည်။

ခွဲဝင်လာသော မြားတံနှစ်လက်ကို တောင်ဝှေးဖြင့် ပက် ထုတ်လိုက်ပြီး ဓားချက်သုံးချက် ဖော်ထုတ်တိုက်ခိုက်လိုက်၏။





ဓားရောင်မှာ အဆိပ်ဘုရင်၏ ခန္ဓာကိုယ် တစ်ခုလုံးကို လွှမ်းခြုံသွားသည်။

အဆိပ်ဘုရင်မှာ အလူးအလဲ ရှောင်တိမ်းနေရသည်။

သို့သော်....

အုန်းမောင်းသုံးချက် ထိုးသွင်းတိုက်ခိုက်လိုက်သော ဓားချက်နှစ်ချက်ကို ရှောင်ကြည့်သော်လည်း နောက်ဆုံး ဓားချက်ကိုမူ မရှောင်နိုင်တော့ချေ။

"အား...."

အဆိပ်ဘုရင်ထံမှ နာကျင်စွာ အော်ဟစ်သံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ သူ၏ ဝမ်းဗိုက်တွင် ဓားတစ်ချက် စိုက်ဝင်သွားခြင်း ဖြစ်သည်။

* * *

မြေပြင်ပေါ်သို့ အဆိပ်ဘုရင် ပစ်လဲကျသွားသည်။

ထိုအခါ ဂုန်နီအိတ်ထဲမှ မြွေများ လူးလွန့်ထွက်လာပြီး သူ့သခင်ကို ဖည်ကြဉ်ထွက်ခွာသွားကြလေတော့သည်။

သေလျှင် အားလုံး ခွဲခွာကြမည် မဟုတ်ပါလော။

မြွေအားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားမှ အမည်းရောင် ဘွားဘွားက ဂုန်နီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

သူမ လက်ပြန်ဆွဲထုတ်လိုက်သောအခါ အနက်ရောင် အိတ်ရှိ တစ်လုံး ပါလာလေသည်။ အိတ်ရှိ ကို ဖြေ၍ထုတ်လိုက်သောအခါ ကွမ်းသီးလုံးသာသာခန့်ရှိ အနက်ရောင် အလုံးတစ်လုံး ပါလာသည်။

အမည်းရောင် ဘွားဘွားက အမည်းရောင်အလုံးကိုကိုင်၍ မြှောက်ပြလိုက်ပြီး....

"ဒါဘာလဲ အုန်းမောင်းသုံးချက်"

ထိုအဖြေကိုအုန်းမောင်းသုံးချက်က မဖြေပါ။အုန်းမောင်းသုံးချက်က မျက်စိမျက်နှာပျက်ဖြင့် ငေးကြည့်နေသည်။

ဖြေလိုက်သူမှာ မင်းသားလေး လီစုကျိပင် ဖြစ်သည်။

"အဲဒါ ပေါက်ကွဲစေတတ်တဲ့ မိုးကြိုးလက်နက်လို့ ခေါ်တယ်"

အမည်းရောင်ဘွားဘွားက မျက်မှောင်ကြုတ်၍....

"ဘာ.... မိုးကြိုးလက်နက် ဟုတ်လား၊ ဒီလက်နက်က အဆန်းပါလား"

မင်းသားလေး လီစုကျိက ဦးခေါင်းညိတ်ပြပြီး....

"ဒီလက်နက်အကြောင်း ပြောရမယ်ဆိုရင် နိုင်ငံနှစ်နိုင်ငံရဲ့ အရေးကိစ္စပါလာပြီ" ဟု ပြောလိုက်လေသည်။

* * *

ယခု....

အဆိပ်ရောင် ဘွားဘွားသည် မိုးကြိုးလက်နက်အကြောင်း မင်းသားလေး လီစုကျိလောက် နားလည်ခြင်း မရှိပါ။

အကြောင်းမှာ 'ထူးနိုင်ငံ'၏ အထူး တီထွင်ထားသော လျှို့ဝှက်လက်နက်ပုန်းတစ်မျိုး ဖြစ်သည်။

ထိုလက်နက်ပုန်းသည် 'ရှန်' နိုင်ငံသားတိုင်းက သိကျွမ်းသော လက်နက်တစ်မျိုးဖြစ်သည်။





အကြောင်းကား....

'ရှန်'နိုင်ငံနှင့် 'ထူး'နိုင်ငံတို့သည် မဟာရန်သူများ ဖြစ်ကြသောကြောင့် ဖြစ်သည်။

အဆိုပါနိုင်ငံနှစ်ငံသည် အမြဲလိုလို တိုက်ခိုက်နေကြသည်။

ဒါ့အပြင် ထိုနိုင်ငံနှစ်နိုင်ငံ၏ ရေမြေတောတောင် အနေအထား တူညီကြသည်။ လူဦးရေကလည်း တူညီ၏။ အင်အားချင်းမျှနေသဖြင့် ယနေ့တိုင် တစ်ဦးနှင့်တစ်ဦး အနိုင်မရှိ၊ အရှုံးမရှိ အလစ်ချောင်းနေသောအသွင် ရှိနေလေသည်။

ထိုအကြောင်းများကြောင့် လီစုကျိသည်မိုးကြိုးလက်နက်ပုန်းနှင့် ပတ်သက်ပြီး အမည်းရောင်ဘွားဘွားထက် သိကျွမ်းရခြင်းပင် ဖြစ်ပါသည်။

* * *

အတန်ကြာမှ အမည်းရောင် ဘွားဘွားက မဲ့ပြုံးပြုံးလိုက်ပြီး....

"မိုးကြိုးလက်နက်ပုန်းဟာ အမှန်တကယ်တော့ အများသတင်းစကားလောက် ကြောက်စရာ မကောင်းပါဘူး"

ထိုအခါ အုန်းမောင်းသုံးချက်က အမည်းရောင်ဘွားဘွားထံမှ မိုးကြိုးလက်နက်ပုန်းကို ယူလိုက်သည်။

"စောစောကမိုးကြိုးလက်နက်ပုန်းတာ သွေးရည်နဲ့ ရေစိုသွားလို့ပါ၊ အခု ဟောဒီလက်နက်ပုန်းတစ်လုံးကို စမ်းကြည့်ပါလား"

မှန်သည်။

စောစောက မိုးကြိုးလက်နက်တစ်ခုမှာ အုန်းမောင်း သုံးချက်ဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်စဉ် အိတ်ပေါက်ထဲမှ မိုးကြိုးလက်နက်ပုန်း ထွက်ကျခဲ့သည်။

သို့သော်....

အဆိုပါ လက်နက်ပုန်းမှာ သွေးရည်များဖြင့် စိုရွှဲနေ၍ ထမပေါက်ခြင်းဖြစ်သည်။

ယခု သူ့လက်ထဲ ရောက်ရှိနေသော မိုးကြိုးလက်နက်ပုန်းမှာ အိတ်ရှုံ့ဖြင့်ထည့်ထားသော လက်နက်ပုန်းတစ်ခုဖြစ်သည်။

အုန်းမောင်းသုံးချက်က လက်နှစ်ချောင်းဖြင့် မိုးကြိုးလုံးကို ယူလိုက်ပြီး လက်ခလယ်ဖြင့် ထိုလက်နက်ပုန်းကို ပစ်လွှတ်လိုက်သည်။

ထိုအခါ မိုးကြိုးလက်နက်ပုန်းသည် ဝါးတစ်ရိုက်ခန့် လွင့်စဉ်သွားပြီး ကျောက်တုံးတစ်တုံးပေါ်သို့ ပြင်းစွာ ကျရောက်သွားတော့သည်။

"ဝုန်း"

ကျယ်လောင်သောမြည်ဟိန်းသံတစ်ခု ပေါ်ထွက်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တုန်ခါသွားစေသည်။

ပေါက်ကွဲသွားသော ကျောက်တုံးမှာ ကျောက်စရစ်ခဲများ ပျံ့လွင့်ထွက်လာသည်။ ယမ်းခိုးများဝေသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး တစ်ခဏတာမျှ မည်းမှောင်သွားတော့သည်။

အမည်းရောင်ဘွားဘွား မျက်နှာကွက်ခနဲပျက်သွားသည်။





ဤတွင်မှ မိုးကြိုးလက်နက်သည် သူတွေးဆထားသည်ထက် အဆပေါင်းများစွာ ကြောက်စရာ ကောင်းနေပါလားဟု အသိအမှတ်ပြုလိုက်ရလေသည်။

အချို့အချို့သော ကိစ္စရပ်များ၌ အမြင်နှင့် အထင်သည် ကွာခြားတတ်သည် မဟုတ်ပါလော။

*　　*　　*

လေထဲတွင် ယမ်းနံ့နှင့်ကန့်နံ့က သင်းပျံ့နေသည်။ လွင့်မျောနေလေသည်။

သို့သော်....

ထိုရနံ့များတွင် ပန်းရနံ့က ကပ်ငြိ၍ပါလာသည်။

ဤတွင် လီစုကျိ က နှာခေါင်းတစ်ချက်ရှုံ့ကြည့်လိုက်ပြီး....

"ဟင်....ဒီပေါက်ကွဲမှုထဲမှာ ပန်းရနံ့လဲ ပါနေပါလား၊ ဘယ်လိုအနံ့မျိုးလဲ"

အုန်းမောင်းသုံးချက်က မဲ့ပြုံးပြုံးလိုက်ပြီး....

"မိုးကြိုးပေါက်ကွဲတဲ့နေရာကို သွားကြည့်ပါလား"

ဟု တိုက်တွန်းလိုက်လေသည်။

သို့သော် လီစုကျိ သွားမကြည့်ပါ။ သူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

အကြောင်းမှာ ယမ်းမှုန့်များက ပန်းချုံပေါ်သို့ ကျရောက်သွားသောကြောင့်ဖြစ်သည်။ ယမ်းမှုန့်များ ပန်းချုံပေါ်သို့ ကျရောက်သွားသည်နှင့် ပန်းများ သစ်ရွက်များ ချက်ချင်းပင် ညိုးရော်သွားသည်၊ ခြောက်သွားသည်။

နီရဲသော နှင်းဆီပန်းသည် အနက်ရောင်ပန်းခြောက်အဖြစ် ကူးပြောင်း အရောင်ပြောင်းသွားသည်။ ထိုအခြင်းအရာကို မြင်လိုက်သောကြောင့် လီစုကျိ မျက်မှောင်ကုတ်သွားပြီး မျက်စိမျက်နှာ ပျက်သွားခြင်းဖြစ်သည်။

သူတို့အားလုံးပင် ယမ်းနံ့နှင့်ကန့်နံ့ ကို ရှူရှိုက်မိလိုက်ကြသဖြင့် ဦးခေါင်း မူးနောက် ဝေဒနာများ ခံစားလိုက်ကြရသည်။

ထိုအခါမှ အုန်းမောင်းသုံးချက်က ဆက်၍ ရှင်းပြသည်။

“ပထမပေါက်ကွဲသွားတဲ့ မိုးကြိုးဟာ သေးရည်နဲ့ ထိလို့ မပေါက်ကွဲဘူး၊ ဒါအပြင် ပေါက်ကွဲမေမယ့် အဆိပ်ရှိမှာ မဟုတ်တော့ဘူး၊ အဆိပ်ပြယ်နေပြီ၊ နောက် ကျုပ်ပစ်လိုက်တဲ့ မိုးကြိုးလက်နက်ပုန်းကျတော့ ဝါးတစ်ရိုက်လောက် ကွာသွားလို့ ကျုပ်တို့ ဘာမှမဖြစ်တာ၊ တကယ်လို့သာ အဲဒီ မိုးကြိုးလက်နက်ပုန်းဟာ ကျုပ်တို့အနီးမှာပေါက်ရင် ကျုပ်တို့ အားလုံး ဒီနေရာမှာ အသက်ထွက်မှာ သေချာတယ်”

သူသည် မိုးကြိုးလက်နက်နှင့် ပတ်သက်ပြီး ဗဟုသုတကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

ထိုစကားကို ကြားရသော လီစုကျိက မျက်မှောင်ကုတ်သွားသည်။တစ်ဆက်တည်းမှာပင်အဆိပ်ဘုရင်၏အကြံအစည်ကို ကွင်းဆက်ပြုကြည့်သည်။

လီစုကျိ ဦးစွာသတိထားစဉ်းစားမိသည်မှာ အဆိပ်ဘုရင်သည် သူ့အားအယုံသွင်းမည်။ ထို့နောက် သူနှင့်အတူ မင်္ဂလာဧည့်ခံပွဲသို့ လိုက်ပါလာမည်။





ထိုအခါ သူ၏အိတ်ထဲ၌ မိုးကြိုး လက်နက်ပုန်းများသည် မင်္ဂလာပွဲ၌ အသုံးချဖြစ်အောင်ချမည်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

သူတို့ရောက်ရှိချိန်မှာ ဧည့်ခံပွဲ၌ လူစုံတက်စုံ ရောက်ရှိနေမည်။

ဧည့်သည်များထဲ၌ ရှန်နိုင်ငံမှ အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်များ စုံစုံလင်လင်ရှိနေမည်။

အဆိပ်ဘုရင် မင်္ဂလာဧည့်ခံပွဲရောက်လျှင် မိုးကြိုးလက်နက်ပုန်းများကို မီးခွက်ထဲသို့ တိတ်တဆိတ်ထည့်ထားလိုက်မည်။

မီးခွက်မှမီးက မိုးကြိုးလက်နက်ပုန်းကို မီးလောင်ကျွမ်းစေပြီး ဧည့်ခံပွဲတစ်ခုလုံးမှာ....

ထိုသို့စဉ်းစားမိသည်။ လီစုကျိ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဇောချွေးများပြန်လာဖလေတော့သည်။

မင်းသားလေးလီစုကျိ ဆက်မတွေးဝံ့တော့ပါ။

အုန်းမောင်းသုံးချက်သည် လီစုကျိအား အေးစက်စက် ကြည့်လိုက်သည်။

“အဆိပ်ဘုရင်ဟာ ထူးနိုင်ငံကို သစ္စာခံလိုက်ပြီ၊ ခင်ဗျား မသိဘူးလား”

မင်းသားလေးမသိပါကြောင်း၊ သူ၏ဦးခေါင်းကိုခါယမ်း ပြလိုက်သည်။ မျက်နှာပြင် တစ်ခုလုံးမှာလည်း ခံပြင်းသော အရိပ်အယောင်များ လွှမ်းမိုးလာလေတော့သည်။

မင်းသားလေးလီစုကျိက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးနောက်....

"ကျုပ်တို့ ရှန်နိုင်ငံမှာ တိုင်းပြည်အတွက် အသက်စွန့်ခံတဲ့လူတွေ မရေမတွက်နိုင်အောင်ဖြစ်နေတယ်၊ မင်းတို့ ထူးနိုင်ငံက အကြံပက်စက်ပါစေ၊ တစ်နေ့ ကျုပ်ကိုယ်တိုင်ချေမှုန်းပစ်မယ်ဟေ့"ဟု ကြွေးကြော်လိုက်လေသည်။

သူ့အသံသည် အတော်ကြာအောင် မစဲနိုင်ပေ။ ထပ်ခါတလဲလဲ ဥယျာဉ်ထဲ၌ ပေါ်ထွက်နေလေတော့သည်။

★



## အခန်း ( ၅ )

## အမတ်ကြီးသုံးဦး

အုန်းမောင်းသုံးချက်က ရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် လှောင်ပြောင်သံပါနေသည်။

သို့သော်....

သူ ယခုရယ်မောလိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

လီစုကျိုက လှိုက်လှိုက်လှဲလှဲရယ်မောနေသောအုန်းမောင်းသုံးချက်ကိုကြည့်ကာ အံ့အားသင့်နေသည်။

အုန်းမောင်းသုံးချက် မည်သည့်အတွက်ကြောင့် ရယ်မောနေသည်ကို သူ မသိပါချေ။ ထို့ကြောင့် လီစုကျိုက....

"ဒီမှာ အုန်းမောင်းသုံးချက်၊ ခင်ဗျားဘာတွေသဘောကျပြီး ရယ်မောနေတာလဲဗျ"

ထိုအခါမှ အုန်းမောင်းသုံးချက် အရယ်ရပ်သွားပြီး....

"ခင်ဗျားကိုကြည့်ပြီး သဘောကျနေလို့ပါဗျာ"

မင်းသားလေးလ ိစုကျ ိက အံ့အားသင့်လျက်....

"ဗျာ....ကျုပ်ကိုသဘောကျပြီး ရယ်နေတာဟုတ်လား"

အုန်းမောင်းသုံးချက်က ဦးခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်ဗျာ"

သူက မျက်မှောင်ကြုတ်လျက်....

"ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်ရမှာလဲ၊လ ိစုကျ ိ ခင်ဗျားမှားနေလို့ပေါ့ဗျာ"

အုန်းမောင်းသုံးချက်က ဖြေသည်။

ဤတွင် လ ိစုကျ ိက....

"ကျုပ် ဘာတွေ မှားနေပြန်ပြီလဲဗျာ၊ ကျုပ်အမှားကို ထောက်ပြစမ်းပါဦး"

အုန်းမောင်းသုံးချက်က သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီမှာမင်းသားလေး၊ ခင်ဗျား အခုအချိန်မှာ ထူးနိုင်ငံ အကြောင်း စဉ်းစားမယ့်အစား ခင်ဗျားရဲ့ချောမောတဲ့ သတို့ သမီးအကြောင်းကို ပထမစဉ်းစားသင့်တယ်၊ နောက်ပြီးတော့ စေးလံတဲ့နေရပ်ကနေ မင်္ဂလာဆွေ့ခံပွဲလာတဲ့ ဧည့်သည်တွေ အကြောင်းကိုတွေးရင် ပိုမကောင်းဘူးလား"

ထိုစကားကိုကြားလိုက်ရသော လ ိစုကျ ိ၏ မျက်လုံးအစုံ ဝင်းလက်တောက်ပသွားသည်။

အလက်အရွယ်နုနယ်သော လူငယ်တစ်ယောက်သည် စိတ် ဆိုးလွယ်သလောက် စိတ်ပြေလွယ်တတ်သည် မဟုတ်ပါလော။





သူ၏စကားကို စိတ်ဝင်စားသွားသည့် မင်းသားလေး လ ိစုကျ ိကိုကြည့်ပြီး အုန်းမောင်းသုံးချက်က စကားဆက် သည်။

"အခုလောလောဆယ်ခင်ဗျားလုပ်ရမှာက ခင်ဗျား အမြန် ဆုံး အိမ်ပြန်သွားပြီး အဝတ်အစားလဲ၊ သတို့သမီးနဲ့ လက် ထပ်ဖို့"

ဤတွင် အုန်းမောင်းသုံးချက်၏စကားမဆုံးမီမှာပင် လ ိစု ကျ ိက ကြားဖြတ်ပြောလိုက်သည်။

"ဒါဖြင့် ကျုပ်ကြေးကိစ္စ"

ထိုအခါ အုန်းမောင်းသုံးချက်က လက်ကာပြလိုက်ပြီး....

"အို....ခင်ဗျားမှာ ကြွေးမရှိတော့ပါဘူး၊ဘယ်သူ့အပေါ် မှ ကြွေးမရှိတော့ပါဘူး၊ တကယ်လို့ ခင်ဗျားက ကျုပ် စကားကို နားမထောင်ဘဲ သတို့သမီးစိတ်ဆိုးအောင်လုပ်ရင် ကျုပ်စိတ်ဆိုးလိမ့်မယ်"

"ဟုတ်တယ်၊ ကျုပ်ကလဲ ပိုပြီးစိတ်ဆိုးမိလိမ့်မယ်"

အမည်းရောင်ဘွားဘွားကလည်း ကြားမှဝင်၍ ဖြည့်စွက် စကားဆိုလိုက်သည်။

* * *

လ ိစုကျ ိ အမည်းရောင်ဘွားဘွားကိုကြည့်လိုက်၊ အုန်း မောင်းသုံးချက်ကိုကြည့်လိုက်ဖြင့် ငေးနေလေသည်။

သူသည် ရပ်၍ငေးနေသော်လည်း စိတ်ကတော့ သူတို့ နှစ်ဦးအကြောင်းကို စဉ်းစားနေခြင်းပင်ဖြစ်သည်။

သူ၏အတွေး၌ လောကကြီးတွင်စိတ်ကောင်းနှလုံးကောင်း ရှိသူတွေ မရှားသေးကြောင်း နားလည်လိုက်လေသည်။

ဤလောကကြီးသည် နွေးနွေးထွေးထွေးရှိနေသည်။

လူ့ဘဝသည် ချစ်စရာကောင်းလေစွဟု ခံစားလိုက်ရလေသည်။

သူကတွေးရင်း ရယ်သည်။

လီစုကျိ ကလေးငယ်တစ်ဦးတစ်ယောက်ပမာ ယခုန် လိုက်သည်။

သူကနှုတ်မှလည်း အော်ဟစ်၍....

"ဟုတ်တယ်၊ ကျုပ် အခုပဲပြန်သွားတော့မယ်" ဟု ပြောပြီး သူ့မြင်းရှိရာသို့သွားရန် ဟန်ပြင်လိုက်သည်။

ထိုအခါ အုန်းမောင်းသုံးချက်က လက်ကာလိုက်ပြီး....

"နေပါဦးမင်းသားလေးရယ်၊ မင်းသားလေးကို ကျုပ်မှာ ပါရစေဦး" ဟု ပြောလိုက်လေသည်။

မင်းသားလေး လီစုကျိ မျက်မှောင်ကုတ်ကြည့်လျက်....

"ဘာများလဲဗျ"

အုန်းမောင်းသုံးချက်က....

"ခင်ဗျားအရက်သောက်ရင် မူးအောင်မသောက်ရဘူး" ဟုပြောရင်းမှ ပြုံးပြီး သူ၏စကားကိုရပ်လိုက်သည်။

ထို့နောက် အုန်းမောင်းသုံးချက် တစ်ချက်ပြုံးလိုက်ပြီး သူ၏စကားကို ဆက်လေသည်။

"ဘယ် သတို့သမီးပဲဖြစ်ဖြစ် မင်္ဂလာဦးညမှာ ကိုယ့်ရဲ့ ခင်ပွန်းသည် အရက်အလွန်အကျွံမူးနေတာကို မကြိုက်ဘူး၊





အရက်မူးလွန်ပြီး မူးဝေအော့အန်နေတဲ့သတို့သားလောင်းကို ကြိုက်မှာမဟုတ်ဘူးဆိုတာ ခင်ဗျားမှတ်ထားပါ"

ထိုအခါ အမည်းရောင်ဘွားဘွားက ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်မင်္ဂလာဆောင်တုန်းက အဲဒီညမှာ သတို့သားလောင်းကအရက်မူးအောင်သောက်ထားလို့ ကျုပ်စိတ်ဆိုးပြီး သူ့ကို ခုတင်ပေါ်ကနေ ခြေထောက်နဲ့ ကန်ချလိုက်တယ်၊ နောက်သုံးရက်တိတိ စကားမပြောတော့ဘူး"

အမည်းရောင်ဘွားဘွားမှာ ပြောရင်းမှ ရှက်သွေးဖြာလာပြီး ပါးပြင်မှာ နီရဲလာသည်ဟု ထင်ရသည်။

အုန်းမောင်းသုံးချက်မှာ ထိုစကားကို ကြားရသောအခါ တဟားဟား အော်ဟစ်ရယ်မောလေတော့သည်။

မင်းသားလေး လီစုကျိကလည်း အားရပါးရ ရယ်မောလိုက်ပြီး....

"ကျုပ် သေသေချာချာ မှတ်ထားပါမယ်၊ တကယ်လို့ မလွှဲမရှောင်သာလို့ အရက်မူးလာရင်လဲ...."

"အဲဒီတော့ မင်းဘာလုပ်မလဲ"

အမည်းရောင်ဘွားဘွားက ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

လီစုကျိက မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ပြီးနောက်....

"ကျုပ် ခုတင်အောက် ဝင်အိပ်မှာပေါ့၊ အဲဒီလိုအိပ်လိုက်ရင် ကျုပ် ဘယ်အကန်ခံရတော့မလဲ"

အမည်းရောင်ဘွားဘွားက အော်ဟစ် ရယ်မောလိုက်ပြီးလျှင်....

"ဟား ဟား ဟား၊ မင်းအကြံမဆိုးဘူးဟေ့၊ သိပ်ကောင်းတယ်"

ထိုအခါ လီစုကျိနှင့် အုန်းမောင်းသုံးချက်တို့သည်လည်း အားရပါးရ ရယ်မောလိုက်ကြလေတော့သည်။

ဤကွင် ဥယျာဉ်ဂူလေးတစ်ခုလုံးမှာ ပိုမို၍ စိုပြည်သွားရလေတော့သတည်း။

* * *

အကြွေးလည်း ရှင်းသွားပြီ ဖြစ်သည်။

အရာရာသည် အားလုံးပြေလည် ရှင်းလင်းသွားပြီ ဖြစ်သည်။

လီစုကျိ အိမ်သို့ပြန်ရန်သာ ရှိတော့သည်။

သူ၏ စိတ်နှလုံးမှာ အလွန်ပင် ရွှင်လန်းချမ်းမြေ့နေလေသည်။

ပို၍ လီစုကျိ ဝမ်းသာသွားရသည်မှာ ကျန်းကျန်းသည် သူ၏ စီးတော်မြင်းကို ဆွဲ၍ ခြံဝတွင် စောင့်နေခြင်းပင်ဖြစ်သည်။

သို့သော်....

သူမ၏ မျက်ဝန်းအစုံသည် အလွမ်းရိပ်များ ဖြာဝေနေသည်။ နှုတ်ခမ်းကလေးကို တင်းတင်း သွားကလေးဖြင့်ကိုက်ထားပုံမှာ ရင်ထဲမှ ပူဆွေးမှုကို အပြင်သို့ အန်မထွက်စေရန် ဖြစ်သည်။





မင်းသားလေး လီစုကျိက သူ၏ မြင်းဇက်ကြိုးကို ကိုင်လိုက်ချိန်၌ သူမက ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သည်။

"အစ်ကို အမြဲထာဝရ စိတ်ရွှင်လန်းပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ် အစ်ကို"

သူမ၏ အသံက တိမ်ဝင်စို့နစ်နေလေသည်။

"ကျေးဇူးတင်ပါတယ် ညီမ"

လီစုကျိက အူထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ခြင်း ဖြစ်ပါသည်။

သူမသည် မိမိအပေါ် ခွင့်လွှတ်ခြင်း၊ သူ၏ အခက်အခဲ အခြေအနေများကို နားလည်ခြင်း စသည်များကို ကျေးဇူးတင်နေခြင်း ဖြစ်ပါသည်။

အတန်ကြာမှ ကျန်းကျန်းက ခေါင်းမော့ လိုက်သည်။ သူမ၏ မျက်ဝန်းအစုံ၌ မျှော်လင့်ခြင်း၏ အရိပ်အယောင်များ တောက်ပနေလေသည်။

"အစ်ကို ကျွန်မဆီကို လာဦးမလားဟင်"

လီစုကျိက သက်ပြင်းတစ်ချက် ချလိုက်ပြီး သူမကို ရီဝေသော အကြည့်ဖြင့် ကြည့်လိုက်သည်။

ထို့နောက်မှ သူက ဦးခေါင်း ခါယမ်းပြီး....

"အစ်ကို မလာနိုင်တော့ပါဘူးကွယ်"

မင်းသားလေး လီစုကျိက သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ကနေ့ကစပြီး အစ်ကိုဟာ လင်ကောင်းတစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့ ကိုယ့်ကိုယ်ကို စောင့်ထိန်းရမှာမို့ လူပျိုတုန်းကလို လွတ်လွတ်လပ်လပ် မသွားနိုင်တော့ဘူးပေါ့ ဟုတ်လား"

ကျန်းကျန်းက အံတစ်ချက် ကြိတ်လိုက်ပြီးနောက်....

"ဘာလဲ၊ အစ်ကို့ဇနီးက ချုပ်ချယ်လို့ မဟုတ်လား"

မင်းသားလေး လီစုကျိက ရယ်မောလျက်....

"မဟုတ်ပါဘူး ကျန်းကျန်းရယ်၊ အစ်ကိုက ကိုယ့်ကိုယ်ကို ချုပ်ချယ်ရလိမ့်မယ်လို့ ပြောတာပါ"

သူက ပြောရင်းမှ မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

"ကဲ....အစ်ကိုသွားပြီ ညီမကျန်းရယ်"

မြင်းကို တရကြမ်းစိုင်းနှင်ကာ ချစ်ဇနီးလောင်း ရှိရာသို့ ခရီးဆက်လေတော့သည်။

ချစ်သူကျန်းကျန်းမှာ မင်းသားလေး လီစုကျိ မြင်ကွင်းမှ ပျောက်ကွယ် သွားသည်အထိ ငေး၍ ကျန်ရစ်ခဲ့လေတော့သည်။

* * *

"ဝိချင်ဖုံး" ကြေးမုံရှေ့တွင်ထိုင်၍ အလှပြင်နေသည်။

သူမနံဘေးတွင် မိန်းကလေး ငါးယောက် ရှိနေသည်၊ မိန်းကလေးအားလုံးမှာ နုနယ်၍ ချောမောလှန်းသည်။ မိန်းကလေး အားလုံးက သတို့သမီး ဝိချင်ဖုံးအား အလှပြင်ပေးနေခြင်း ဖြစ်သည်။

ယနေ့...

ဝိချင်ဖုံး မင်္ဂလာဆောင်မည့် နေ့တစ်နေ့ ဖြစ်ပါသည်။

နေ့ထူးနေ့မြတ်ဆိုလျှင်လည်း မမှားနိုင်ပါ။





သူမ၏ သတို့သားမှာ မင်းသားလေး လီစုကျိဖြစ်ပါသည်။

မင်းသားလေး လီစုကျိ အကြောင်းကို သိကျွမ်းခဲ့ရသည်မှာ ကြာမြင့်ပြီ ဖြစ်ပါသည်။

ဒါ့အပြင် လီစုကျိ၌ ချစ်ဦးသူ ကျန်းကျန်းတစ်ယောက် ရှိနေသည်ကိုလည်း သူမ သိထားသည်။

သို့သော်....

သူမ မင်းသားလေး လီစုကျိကို ခွင့်လွှတ်သည်။ နားလည်သဘောပေါက်၍ ခွင့်လွှတ်နိုင်ပါသည်။

ဝိချင်ဖုံး၏ ခံယူချက်မှာ အိမ်ထောင် မပြုရသေးသော လူပျိုတစ်ယောက်၌ ချစ်သူရှိနေသည်မှာ ဆန်းပြားသည့် ကိစ္စရပ် တစ်ရပ် မဟုတ်ပါ။

ဒါ့အပြင် မင်းသားလေး လီစုကျိနှင့် အိမ်ထောင်ကျပြီးပါက အရာခပ်သိမ်း ပြောင်းလဲသွားနိုင် လိမ့်မည်ဟု သူမ မျှော်လင့်ထားလေသည်။

ယခု သူမ မင်းသားလေး လီစုကျိအတွက် စိုးရိမ်ပူပန်လာသည်။

* * *

သူမ သတို့သားလောင်း လီစုကျိအတွက် စိုးရိမ်ပူပန်နေသည်မှာ သူ၌ ချစ်သူရှိနေ၍ မဟုတ်ပါ။

မည်သည့် အတွက်ကြောင့် ဝိချင်ဖုံး စိုးရိမ်ပူပန်နေရသနည်း။

သူမ စိုးရိမ်ပူပန်နေရသည်မှာ လဲစုကျုံ နံနက်စောစောကတည်းက ထွက်သွားသည်မှာ ယခုအချိန်အထိ ပြန်လည်ရောက်ရှိခြင်း မရှိသေးသောကြောင့် ဖြစ်ပါသည်။

ယခု....

နေမင်းသည် အနောက်ဘက် ဂေါယာကျွန်းသို့ ခရီးနှင်နေလေပြီ။

နေဝင်သွားပြီ ဖြစ်သည်။

သို့သော်....

နေ၏အလင်းရောင် တစ်စွန်းတစ်စက ကမ္ဘာမြေပြင်ပေါ်၌ ကျန်နေပါသေးသည်။

သို့သော်....

လဲစုကျုံ၏ အရိပ်အယောင်ကိုမှ မမြင်ရသေးပါ။

သူမသည် စိုးရိမ်မှုမှတ်တိုင်မှ ကျော်လွန်ကာ ပူပန်သောကဖြစ်မှု၏ နယ်ပယ်ထဲသို့ပင် ရောက်ရှိလာချေပြီ။

ထိုအချိန်မှာပင်....

ချိန်းချိန်း အသံကို ကြားလိုက်ရလေတော့သည်။

"အစ်ကိုလဲ ပြန်လာပြီ"

* * *

"ချိန်းချိန်း"

သူမသည် မင်းသားလေး လဲစုကျုံ၏ တစ်ဦးတည်းသော ညီမငယ် ဖြစ်ပါသည်။





ချိန်းချိန်းသည် မင်းသားလေး လဲစုကျုံကဲ့သို့ ကျန်းမာသန်စွမ်းသည်၊ ပါးနပ်သည်။ ချောမောလှပသည်။

လူချစ်လူခင်များပြီး လှပခြင်းဖြင့် ကျော်ကြားလေသည်။ သိုင်းပညာ အရာ၌လည်း ကျော်ကြားလှ လေသည်။

ယခု....

ချိန်းချိန်းသည် သူမ၏ ယောက်မလောင်းဖြစ်သူ၏ အနား၌ မနေနိုင်ပါချေ။ ယောက်မဖြစ်သူ ဝိချင်ဖုံး ကဲ့သို့ပင် အစ်ကိုဖြစ်သူကို မျှော်ရသည်မှာ လည်ပင်း ကိုးတောင် ရှည်နေလေပြီ။

သူမသည် အိမ်ဂေဟာကြီး၏အပေါ်ထပ် လသာဆောင်မှနေ၍ မျက်စိတစ်ဆုံး မြင်နိုင်သည်အထိ လှမ်းကြည့်နေသည်။

ချိန်းချိန်းလှမ်းကြည့်သောနေရာ၌ အဝေးပြေးလမ်းမကြီးတစ်ခုရှိနေသည်။ သူမ လမ်းမကြီးပေါ်သို့ ကြည့်နေခြင်းမှာ သူမ၏အစ်ကို လဲစုကျုံ ထိုလမ်းအတိုင်းလာမည်ဟု ထင်ထားသောကြောင့် ဖြစ်သည်။

သူမသည် အစ်ကိုအတွက် စိတ်ပူပန်ရသလို အစ်မ အတွက်လည်း စိတ်ပူပန်နေသည်။

အကယ်၍သာ အစ်ကိုဖြစ်သူ မင်္ဂလာပွဲအခမ်းအနားအမီ မလာနိုင်ပါက သူတို့အားလုံး အရှက်တကွဲ အကျိုးနည်းဖြစ်မည်။

အစ်ကိုဖြစ်သူ လဲစုကျုံ မည်သည့်အတွက်ကြောင့် အပြင်သို့ ထွက်သွားရသနည်း၊ အကြောင်းတစ်ခုခု ရှိရမည်မှာတော့ သေချာသည်။

အစ်ကိုဖြစ်သူ လီစုကျိုအတွက် စိုးရိမ်ပူပန်ရသလို ဖခင်ဖြစ်သူအတွက်လည်း သူမ စိုးရိမ်နေရပြန်သေးသည်။

အမှန်မှာ ဖခင်ဖြစ်သူ လီစုရင်သည်လည်း ယခု အချိန်တွင် အိမ်ဂေဟာ၌ ရှိနေသင့်ပါသည်။

ဖခင်ဖြစ်သူ အမတ်ကြီး လီစုရင် အဘယ်သို့ သွားနေပါသနည်း

ချိန်းချိန်းအတွေးတို့ဖြင့် ယောက်ယက်ခတ်နေစဉ် အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

မြင်းခွာသံများ တရကြမ်းနှင်လာသည့် ပုံဟန်မျိုးဖြစ်သည်၊ မြင်းအုပ်စုလိုက် ပြေးလာသောအသံမျိုး မဟုတ်ပါ။

မကြာမီ....

မြင်းတစ်ကောင်၏ပုံရိပ်က သူမ၏ မျက်ဝန်းအိမ်ဝယ် ထင်ဟပ်လာသည်။ မြင်း၏ကျောပြင်၌လည်း လူရိပ်တစ်ရိပ် ကပ်ငြိပါလာသည်။

အစ်ကိုဖြစ်သူလီစုကျိုပင်ဖြစ်ရမည်ဟု ချိန်းချိန်းတွက်လိုက်သည်။

အတော်ပင်ဝမ်းသာသွားသည်။

ခဏအကြာ၌ သူမ၏ မျက်ဝန်းအစုံ တောက်ပလာသည်၊ မျက်နှာပြင်ယည်း ဝင်းလက်ရှုလာလေသည်၊ အစ်ကိုဖြစ်သူ လီစုကျိုဖြစ်ကြောင်းလည်း သိလိုက်ရလေသည်၊

ထို့ကြောင့် ချိန်းချိန်း အိမ်ဂေဟာ၏ လသာဆောင်မှ အလျှင်အမြန် ပြေးဝင်သွားလိုက်သည်၊



သူမ အိမ်ရှေ့ခြံသို့ ရောက်ရှိချိန်၌ လီစုကျို၏မြင်းမှာ ချိန်းချိန်း၏ရှေ့မှောက်သို့ ရောက်ရှိလာလေပြီ။

ထိုအခါ ချိန်းချိန်းက ဝမ်းသာအားရလေသံဖြင့်....

"အစ်ကိုလီစုကျို ပြန်လာပြီ"

ဟု အော်ဟစ်လိုက်လေတော့သည်။

* * *

"ဟော....ညီမလေး၊ ညှော်သည်တွေ အတော်စုံနေပြီလား"

လီစုကျိုက သတ္တိုသားဝတ်စုံကိုလဲရင်း အခန်းထောင့်တွင် ထိုင်နေသော ညီမဖြစ်သူချိန်းချိန်းကို မေးလိုက်ခြင်းဖြစ်သည်။

ချိန်းချိန်းက ကုလားထိုင်ပေါ်တွင် ထိုင်နေခြင်းမဟုတ်ပါ။ ကြမ်းပြင်ပေါ်တွင် ထိုင်နေခြင်းဖြစ်ပါသည်။

သူမသည် အခြားမိန်းကလေးတစ်ဦးကဲ့သို့ ခပ်နွဲ့နွဲ့ထိုင်နေခြင်း မဟုတ်ပါ။ တကယ်တော့ ချိန်းချိန်းသည် ယောကျ်ားဆန်သော မိန်းကလေးတစ်ဦးသာဖြစ်ပါသည်။

အခန်းအတွင်း၌ ကုလားထိုင် များစွာရှိသည်။ သို့သော် ချိန်းချိန်းမှာ ကုလားထိုင်ပေါ်သို့ ထိုင်ချင်မှ ထိုင်တတ်သည်။ သူမသည် ကြမ်းပြင်ပေါ်၌ထိုင်လိုက ထိုင်တတ်သည်။

"ညှော်သည်တွေ အတော်များများစုံနေပါပြီ"

"အတိုးကြီးကော ဆေးသောက်ပြီးပြီလား"

အတိုးကြီးမှာ လီစုကျို၏ဖခင် လီစုရင်အား ဆိုလိုခြင်းဖြစ်ပါသည်။

ချိန်းချိန်း ခေါင်းညိတ်ပြလိုက်သည်။

"ဘဘဆေးသောက်ပြီးပါပြီ၊အခု ဘဘတို့အပေါ်ထပ်မှာ အရက်သောက်နေကြပါတယ်"

သူမ ဆိုလိုသည့် ဘဘတို့၏အဓိပ္ပာယ်မှာ အမတ်ကြီး ချင်းရှောင်ဖုန်းစုနှင့် အမတ်ကြီးကွမ်းစန်ချိန်တို့ပင် ဖြစ်ပါသည်။

လီစုကျိုသည် ယခုအခါ သတို့သား ဝတ်စုံ ဝတ်ဆင်ပြီး ဖြစ်နေသည်။ ထိုအခါမှ သူ တစ်စုံတစ်ခုကို သတိရသွားသည်။

သူက....

"အခုတလော အဘိုးကြီး သိပ်မကျန်းမာဘူး၊ သူ တစ်ယောက်တည်း သူ့အခန်းမှာအောင်းနေတတ်တယ်"

ထိုအခါ ချိန်းချိန်းက ဦးခေါင်းညိတ် ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ အခုတလော ဖေဖေ့ကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်းတာထက် တစ်စုံတစ်ခုကို စိုးရိမ် ပူပန်နေသလိုပဲ"

လီစုကျိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဟုတ်တယ်၊ အခုတလော ဖေဖေ့ကြည့်ရတာ ဖေဖေဟာ တိုင်းပြည်အတွက် တော်တော်စိတ်သောက ရောက်နေတဲ့ပုံပဲ"

ဤတွင်....

ချိန်းချိန်းက တည်ကြည်သောလေသံပြုလျက်....

"တိုင်းရေးပြည်ရေးတာဝန်မှာလဲ ဖေဖေနဲ့ဘဘတို့ခေါင်းပေါ်ကို ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျနေသလိုကျနေတော့ သူတို့က ဘယ်စိတ်အေးရတော့မှာလဲ၊ အထူးသဖြင့် ညီမတို့ ရှန်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထူးနိုင်ငံက ညီမတို့နိုင်ငံကို သိမ်းယူဖို့ အလစ်ချောင်းနေတယ် မဟုတ်လား"





မင်းသားလေး လီစုကျိုက ညီမဖြစ်သူ ချိန်းချိန်းအား စေ့စေ့ကြည့်လိုက်ပြီးနောက်....

"အောင်မယ်....ညီမက တိုင်းရေးပြည်ရေးတောင် စိတ်ဝင်စားလာပြီပဲ"

ချိန်းချိန်းက တစ်ချက် ပြုံးလိုက်ပြီး....

"တိုင်းရေးပြည်ရေးဆိုတာ မိန်းမရယ်၊ ယောကျ်ားရယ် ဘယ်ခွဲလို့ ရပါ့မလဲ အစ်ကိုရယ်၊ လူတိုင်းမှာ တာဝန်ရှိပါတယ်၊ အဲဒီတာဝန် ပေါ့လျော့တဲ့လူဟာ ဘာမှ အသုံးမကျတဲ့ လူပေါ့ကြောင့်ပဲ ဖြစ်ရမယ်၊ညီမလဲ ရှန်နိုင်ငံရဲ့သမီးတစ်ယောက်မို့ ကိုယ့်နိုင်ငံအရေး ကိုယ်တတ်နိုင်သလောက် လုပ်ရမှာပေါ့"

ထိုအချိန်တွင် ပြတင်းပေါက် အပြင်ဘက်မှ လေးလံ၍ အလောတကြီး လျှောက်လာသောခြေသံကို ကြားလိုက်ရလေသည်။

ခြေသံနှင့် တစ်ဆက်တည်း မေးမြန်းသံပါ ပေါ်ထွက်လာသည်။

"သခင်လေး ဒီမှာရှိပါသလား"

ထိုအသံကို ကြားလိုက်ရသည်နှင့် ကျင်းလောက်အသံမှန်း လီစုကျို သိလိုက်ရလေသည်။

ကျင်းလောက်သည် အမတ်ကြီး လီစုရင်၏လက်အောက်၌ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူ ဖြစ်သည်။

သူသည် ကိုယ့်ဘာသာကိုယ်တက်လမ်းရှိအောင်လည်းကြိုးစားခဲ့သူဖြစ်လေသည်။ အိမ်ဖော်ဘဝမှ အမှုထမ်းပြီး အိမ်ထောင်၏ အိမ်ထောင်မှူးဘဝသို့ တက်လှမ်းခဲ့သူ ဖြစ်လေသည်။

အမတ်ကြီး လဲစုရင်၏ လူယုံတော် တစ်ယောက်လည်း ဖြစ်လေသည်။

အပြင်ဘက်မှ အော်ဟစ်ခေါ်လိုက်သံကြောင့် ကြမ်းပေါ်တွင် ထိုင်နေသော ချိန်းချိန်း ထိုင်နေရာမှ ထလိုက်သည်၊ အခန်းတံခါးကို တွန်းဖွင့်ပေးလိုက်သည်။

ချိန်းချိန်းက....

"ဘာကိစ္စလဲ ဘဘကြီး"

သူမက မောကြီးပန်းကြီးဖြင့် ရောက်ရှိလာသော ကျောင်းလောက်ကို ဆီးမေးလိုက်သည်။

= * *

အိမ်ထောင်မှူး ကျောင်းလောက်၏ မျက်နှာပြင်၌ ချွေးသီးချွေးပေါက်များ သီးနေသည်။ သူ ဝတ်ထားသော အင်္ကျီတစ်ထည်လုံးမှာလည်း ချွေးများဖြင့် ကွက်နေလေသည်။

မျက်စိမျက်နှာလည်း ပျက်နေသည်ကို တွေ့ရလေ၏။

အိမ်ထောင်မှူး ကျောင်းလောက်က....

"သခင်ကြီး ဘယ်ရောက်သွားမှန်း မသိလို့ လိုက်ရှာနေတာ၊ အခု သခင်ကြီးကို ဘယ်မှ ရှာမတွေ့တော့ဘူး"

ထိုအချိန်မှ လဲစုကျဲက အခန်းထဲမှ ထွက်လာပြီး....

"ဦးကြီးတော် ကျောင်းလောက်၊ ဖေဖေ အခန်းကိုရော သွားရှာပြီးပြီလား" ဟု မေးလိုက်လေသည်။

ကျောင်းလောက်က မောဟိုက်စွာဖြင့်....





"အိမ်တော်ဝင်းရှိသမျှ နေရာရော၊ သခင်ကြီးနေတဲ့အခန်းပါ ရှာပြီးပါပြီ၊ မတွေ့ခဲ့ပါဘူး"

ထိုအခါ ချိန်းချိန်းမှာ ဖခင်အတွက် စိုးရိမ်ပူပန်သွား၏။ တစ်ဆက်တည်းမှာပင် သူမက တစ်စုံတစ်ခုကို သတိရလိုက်ပြန်သည်။

"ဘဘ ချင်းရှောင်ဖုန်းစုနဲ့ ဘဘ ကွမ်းစန်ချိန်းတို့ကော ဘဘကြီး တွေ့ခဲ့သလား"

"အမတ်ကြီး ချင်းရှောင်ဖုန်းစုကိုတော့ ဧည့်ခန်း မှာ ဧည့်သည်တွေကို ဧည့်ခံနေတာ တွေ့ရပါတယ်၊ ဒါပေမယ့် အမတ်ကြီး ကွမ်းစန်ချိန်းတော့ ပျောက်နေတယ်၊ သူ ဘယ်သွားနေသလဲ မသိပါဘူး"

လဲစုကျုံ နှုတ်ခမ်းကို သွားဖြင့် တစ်ချက်ကိုက်လိုက်ပြီး....

"ဖေဖေ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်"

ထိုအခါမှ ကျောင်းလောက်၏မျက်နှာပြင်ဝင်းလက်မတောက်ပသွားရလေတော့သည်။ သူက....

"ဟုတ်လား သခင်လေး၊ အမတ်ကြီး အခု ဘယ်မှာရှိနေပါသလဲ"

လဲစုကျုံက တစ်ချက် ငြိမ်းလိုက်ပြီးလျှင်....

"အဲဒီနေရာက ကျွန်တော်ပဲ သိပါတယ်၊ ကဲ....ဘဘ စိတ်ချလက်ချသာ နေပေတော့၊ ကျွန်တော် သွားခေါ်လိုက်မယ်"

သူသည် ပြောပြောဆိုဆိုပင် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

ဤတွင် ချိန်းချိန်းက နှုတ်ခမ်းကလေး စူလိုက်သည်။

"ဘဘကျောင်းလောက်တောင်မှ ရှာလို့မတွေ့တာ၊ အစ်ကိုက ရှာလို့တွေ့ပါ့မလား"

ကျောင်းလောက်က တစ်ချက် ပြုံးလိုက်ပြီးလျှင်....

"အဲဒါတွေ သမီး ချိန်းချိန်း မသိပါဘူး၊ အချို့နေရာမျိုးဟာ ဘဘတို့ သိဖို့မလိုပါဘူး၊ သွားဖို့လဲ မသင့်ဘူးပေါ့"

ချိန်းချိန်း မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် ဖေဖေရှိနေတဲ့ နေရာဟာ ဘယ်လိုနေရာမျိုးလဲ"

ကျောင်းလောက်က ပြုံးမြဲ ပြုံးလျက်....

"တိုင်းရေးပြည်ရေးအတွက်လျှို့ဝှက်ဆွေးနွေးတိုင်ပင်ရမယ့် နေရာမျိုးဖြစ်မှာပေါ့ သခင်မလေးရဲ့"

ထိုအခါ ချိန်းချိန်း နှုတ်ခမ်းကလေးကိုကိုက်ကာ တွေတွေလေး စဉ်းစားနေလေတော့သည်။

တိုင်းရေး ပြည်ရေးအတွက် ဆွေးနွေးသည့် နေရာသည် မည်သည့်နေရာမျိုး ဖြစ်သနည်း။

★



## အခန်း ( ၆ )

## လူသတ်သမား ဘယ်သူလဲ

ရှန်နိုင်ငံသည် အလွန်သေးငယ်သော နိုင်ငံကလေး တစ်ခုသာ ဖြစ်ပေသည်။

သူ၏ အိမ်နီးချင်း နယ်နိမိတ်ချင်း ဆက်စပ်နေသောနိုင်ငံသည် 'ထူးနိုင်ငံ' ဖြစ်သည်။

ထူးနိုင်ငံက အမြဲတမ်း ရှန်နိုင်ငံကိုသိမ်းရန် ကြိုးစားနေ၏။

သို့သော်....

ရှန်နိုင်ငံ၏ အမတ်ကြီးသုံးယောက် ဖြစ်ကြသော လီစုရင်၊ ချင်းရှောင်ဖုန်းစုနှင့် ကွမ်းစန်ချိန်းတို့၏ ဉာဏ်ပညာ ထက်မြက်မှု၊ တိုင်းသူပြည်သားများ၏ စည်းလုံးညီညွတ်မှုရအောင် စွမ်းဆောင်နိုင်မှုကြောင့်လည်းကောင်း၊ အမတ်ကြီး သုံးဦး၏ ထူးကဲသော စွမ်းရည်ကြောင့် လည်းကောင်း ထူးနိုင်ငံမှာ တိတိလင်းလင်း ပေါ်ပေါ်ထင်ထင် မလှုပ်ရှားရဲဘဲ အမြဲတစေ ကျားချောင်း ချောင်းနေသည်။

သို့သော်....

လူတို့သည် ရုပ်ချင်းသာ တူချင်တူမည်။ စိတ်နေသဘောထားချင်းကတော့ မတူညီနိုင်ပါ။

ထို့ကြောင့် အမတ်ကြီး သုံးဦး၏ စိတ်နေသဘောထားသည်လည်း ကွဲပြားခြားနားနေပါသည်။

အမတ်ကြီး ချင်းရှောင်ဖုန်းစုသည် ကျန်အမတ်ကြီးနှစ်ဦးထက် အသက်ကြီးရင့်သည်။

ရှန်နိုင်ငံတွင် အကြံဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦးဟု ပြည်သူပြည်သားများ လေးစားကြည်ညိုခြင်းခံရသော အမတ်ကြီးဖြစ်သည်။

သူ၏ ဘဝသက်တမ်းတစ်လျှောက်လုံးတွင် သွေးထွက်သံယိုမှုကို အမြဲတမ်း ရှောင်ရှားခဲ့သည်။

သူသည် မည်သည့်အရာမဆို လက်နက်ကို အသုံးမပြုဘဲ လူစွမ်းပကား သို့မဟုတ် လူစွမ်းရည်လက်နက်ဖြင့် ဖြေရှင်းနိုင်ရမည်ဟု ယူဆထားသူ ဖြစ်လေသည်။

ထို့ကြောင့် တချို့က အမတ်ကြီး ချင်းရှောင်ဖုန်းစုအား 'မေတ္တာတော်ရှင် ချင်းရှောင်ဖုန်းစု' ဟု အပြင်ဘက်၌ တိတ်တဆိတ် ခေါ်ဝေါ်နေကြလေသည်။

များသောအားဖြင့် စစ်ဘက်ဆိုင်ရာ ဗိုလ်မှူးကလေးများသည် နုပျိုသန်မာဖျတ်လတ်သော လူရွယ်များ ဖြစ်ကြသည်။ သို့ဖြစ်၍ သူတို့သည် လက်နက်အသုံးပြု တိုက်ခိုက်ပြီး ဖြေရှင်းလိုကြသည်။

သို့သော်....





အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ လုပ်ရပ်ကြောင့် သူတို့ထင်ရာ မလုပ်ရခြင်း ဖြစ်နေလေသည်။ ဒါကြောင့် အမတ်ကြီး ချင်းရှောင်ဖုန်းစုအပေါ် မကျေနပ်သည့်အသွင် အနည်းငယ်ရှိနေလေသည်။

အထူးသဖြင့် အမတ်ကြီး ချင်းရှောင်ဖုန်းစု ချမှတ်ထားသော လမ်းစဉ်မှာ....

"ကျုပ်တို့ ရှန်နိုင်ငံအပေါ် အတိအလင်း အခြားနိုင်ငံက ကျူးကျော်ဝင်ရောက်ခြင်း မရှိလျှင် ကျုပ်တို့ကလဲအခြားနိုင်ငံပိုင် နယ်ထဲသို့ ကျူးကျော်ဝင်ရောက်ခြင်း မပြုရ"

"တိုင်းပြည်အတွက် သေရေးရှင်ရေးအချိန် မရောက်သေးလျှင် လက်နက်ကို အသုံးမပြုရ"

ဟူ၍ ဖြစ်လေသည်။

* * *

"အမတ်ကြီး ကွမ်းစန်ချိန်း"

ကွမ်းစန်ချိန်းသည် မည်သည့်ကိစ္စမျိုးမဆို တုံ့ဆိုင်းဘာဝေနေတတ်သည်။ စကားအလွန်နည်းသူ ဖြစ်သည်။

သူနှင့်အတူ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူပင် သူ၏ ပါးစပ်မှ ပြောဆိုစကားကို ကြားရခဲသည်။

ထို့ကြောင့်သူ့အား "နှုတ်ဆိတ်ရွှေပါးစပ်" ဟု အမည်ပေးထားလေသည်။

ဇနီးဖြစ်သူ ကွယ်လွန်သွားချိန်၌ ကွမ်းစန်ချိန်းသည် တစ်ဦးတည်းသော သမီးကို နိုင်ငံရပ်ခြားမှ မိတ်ဆွေတစ်ဦးထံသို့ ပို့ထားသေသည်။

သို့အတွက် ရှန်နိုင်ငံတွင် ကွမ်းစန်ချိန်းသည် ဆွေမျိုးမရှိ တစ်ကောင်ကြွက် ဖြစ်နေလေသည်။

သူ၏ ထူးခြားသော အပြုအမူကြောင့် မည်သူကမှ သူ့အား ရင်းနှီးခြင်း မရှိကြပါချေ။

သို့အတွက်....

ထိုအမတ်ကြီး သုံးယောက်အနက် မည်သူပြည်သားများက အမတ်ကြီး လီစုရင်အား ပို၍ လေးစားကြည်ညိုကြလေသည်။

* * *

အမတ်ကြီး လီစုရင်၏ အိမ်တော်ဝင်း တစ်ခုလုံးသည် စည်ကားသိုက်မြိုက်စွာရှိလေသည်။မီးရောင်စုံများကအိမ်တော်ဝင်း တစ်ခုလုံးအား ပိုမိုခန့်ညားစေသည်။

မြင်ရသူအဖို့ စိတ်ဘဝင် ကြည်နူးသာယာမှု ဖြစ်စေလေသည်။ ရာပေါင်းများစွာသော ဧည့်သည်များ ရယ်မောပြောဆိုကာ စားသောက်နေကြသည်။

ထိုအခါ ဗွန်းသံ၊ ပန်းကန်သံတို့သည် အိမ်တော်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံနေလေတော့သည်။

သို့သော်....





သူတို့ အားလုံး စောင့်ဆိုင်းနေသည်မှာ သတို့သမီး၊ သတို့သားနှစ်ဦးပင် ဖြစ်သည်။

သတို့သား သတို့သမီး နှစ်ဦးမှာ ထွက်သင့်သည့်အချိန်ထက် နောက်ကျနေသည်။ ထို့ကြောင့် လည်ပင်း တမော့မော့ ဖြစ်နေလေသည်။

ဧည့်သည်အားလုံး၏ စကားသံများမှာ သတို့သမီးသတို့သား အကြောင်းပင်ဖြစ်သည်။ သူတို့ ပြောဆိုနေသည့်စကားမှာ သတို့သား သတို့သမီး နောက်ကျရခြင်း၏ ဝေဖန်သံများပင် ဖြစ်လေသည်။

ဝေဖန်သံများ ပွက်လောရိုက်နေချိန်၌ သတို့သားသည် သူ၏ဝတ်စုံကို ဝတ်ဆင်လျက် ပေါ်ထွက်လာလေသည်။

သတို့သား လီစုကျိ ဝင်ရောက်လာသည်ကို တွေ့လိုက်သည်နှင့် ဧည့်သည်အားလုံး ထိုင်နေရာမှ ထရပ်လိုက်သည်။ ကောင်းချီးသြဘာလည်း ပေးကြသည်။

သူတို့အားလုံးအား လီစုကျိက လက်နှစ်ဖက်ဆုပ်ကိုင်ကာ အရိုအသေပြုသည်။ အားလုံးကိုလည်း သတို့သား လီစုကျိက ပြန်လှန်နှုတ်ခွန်းဆက်သည်။

လီစုကျိ အားလုံးသော ပရိသတ်များကို တိုးဝှေ့ကာ ဥယျာဉ်၏ အနောက်ဘက်သို့ ထွက်ခွာလာခဲ့လေသည်။

ဧည့်ပရိသတ်များမှာ သတို့သား လီစုကျိ၏ ထူးခြားသော သွင်ပြင်ဟန်ပန်ကို ဂရုပြုမိလိုက်ဟန်တူသည်။ သူတို့အားလုံးက နားမလည်နိုင်စွာ သတို့သား၏ ကျောပြင်ကို ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူတို့အားလုံး၏အတွေး၌ သတို့သားမည်သည့်အကြောင်း ကိစ္စရှိ၍ ပျောက်ခတ်နေရသနည်း။

လီစုကျို ဥယျာဉ်၏ အနောက်ဘက်သို့ ရောက်သောအခါ ကွေ့ကောက်သော လမ်းကလေးကို တွေ့ရသည်။

လမ်းကလေးမှာ မြွေတစ်ကောင် ချထားသကဲ့သို့ ရှိနေလေသည်။

ထိုလမ်းကလေးအတိုင်း သူလျှောက်သွားပြန်သည်။

မကြာမီ....

လီစုကျို ဝါးရုံများဖြင့် ပြည့်လျှံအောင် ပေါက်နေသော နေရာ၌ ရှိနေသော အဆောက်အအုံ တစ်ခု ရှေ့သို့ရောက်ရှိလာလေတော့သည်။

*　　*　　*

အနီရောင် ဆေးခြယ်ထားသော အဆောက်အအုံ တစ်ခုကို မင်းသားလေး လီစုကျို ငေးကြည့်နေသည်။

လေများသည် ဝါးရွက်များကို ခပ်ကြမ်းကြမ်းတိုက်ခတ်နေသောကြောင့် ညှော်ခံပွဲမှ အသံဗလံများကို လွှမ်းမိုးထားလေသည်။

မင်းသားလေး လီစုကျို၏ ရှေ့ရှိအဆောင်မှာ အလွန်သပ်ရပ်ပြီး လေးခန်းတွဲ အဆောင်တစ်ခု ဖြစ်သည်။

ဤအဆောင်သည် အမတ်ကြီး လီစုရင်၏ သီးသန့်အဆောင်တစ်ခုလည်း ဖြစ်လေသည်။





အမတ်ကြီးလီစုရင်သည် ဤ အနီရောင် အဆောက်အအုံသို့ လာရောက်၍ စာဖတ်ခြင်း၊ တိုင်းရေးပြည်ရေး ကိစ္စအရပ်ရပ်ကို တာဝန်များ ခွဲဝေသတ်မှတ်လေ့ရှိသည်။

အိမ်တော်မှူးကျင်းလောက်သည် ဤအနီရောင် အဆောက်အအုံကို သိနေပါသည်။ လာ၍လည်း ရှာဖွေခဲ့ပါသည်။

သို့သော်....

သူသည် သခင်ကြီး လီစုရင်ကို လုံးဝရှာဖွေ မတွေ့ခဲ့ပါ။

သခင်ကြီး လီစုရင် မည်သည့်နေရာ၌ ရှိနေပါသနည်း။

အဆိုပါမေးခွန်း၏ အဖြေကိုတော့ လီစုကျို သိနေပါသည်။ အနီရောင် အဆောက်အအုံထဲ၌ လျှို့ဝှက်အခန်းတစ်ခန်း ရှိနေသောကြောင့် ဖြစ်သည်။

ထိုလျှို့ဝှက်ခန်းတွင် သူ့ဖခင် ရှိနေ၍ အိမ်တော်မှူးကျင်းလောက် ရှာမတွေ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လီစုကျို စိတ်ချယုံကြည်စွာဖြင့် အဆောင်ထဲသို့ လှမ်းဝင်လိုက်လေသည်။

*　　*　　*

မင်းသားလေး လီစုကျို၏ ခြေလှမ်း အဆောင်အတွင်းသို့ လှမ်းဝင်လိုက်ချိန် သူ့တစ်ကိုယ်လုံး အေးစိမ့်သွားသလို ခံစားလိုက်ရသည်။

သို့သော်....

ထိုခံစားချက်ကို လီစုကျိ ဂရုမစိုက်ပါ။

သူ၏ဖခင်ကို တွေ့မြင်လိုစိတ် ပြင်းပြနေ၍ ဂရုမပြုမိခြင်း ဖြစ်ပါသည်။

အဆောင်၏ နောက်ဆုံးခန်းသည် အမတ်ကြီးလီစုရင်၏ စာဖတ်ခန်းပင် ဖြစ်ပါသည်။ အခန်း၏ လေးဘက်လေးတန်တွင် စာအုပ်များဖြင့် ဝန်းရံထားသည်။

လီစုကျိ အခန်းထဲသို့ရောက်သည်နှင့် စာအုပ်ကမ္ဘာထဲသို့ ရောက်နေသည့်အလား မြင်သွားရသည်။ စာအုပ်မှာများပြားလွန်းလှသည်။

သို့သော် အခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ တိတ်ဆိတ်လွန်းသောကြောင့် ခြင်တစ်ကောင်၏ အော်သံကိုပင် ကြားနေရသည်။

စာဖတ်ခန်းထဲ၌ လူတစ်ဦးတစ်ယောက်မှ မရှိပါ။ သက်ရှိဆို၍ ခြင်တစ်ကောင်သာ ရှိပါသည်။

လူတစ်ယောက်မှမရှိ၍ လီစုကျိစိတ်မပျက်ပါ၊ စိတ်ဓာတ်ကျသွားခြင်းမရှိပါချေ။

မြောက်မြားလှစွာသော စာအုပ်ဗီရိုများကို လီစုကျိ လိုက်ကြည့်နေပြန်သည်။ ခဏကြာမှ လီစုကျိဝဲဘက်နံရံရှိ စာအုပ်ဗီရိုရှိရာသို့ လျှောက်သွားလေတော့သည်။

အကြောင်းကား....

ထိုစာအုပ်ဗီရို၏နောက်တွင် လျှို့ဝှက်အခန်းတစ်ခု ရှိနေသေးသည်ကို သိထားသောကြောင့် ဖြစ်လေသည်။





သူ၏ဖခင်သည် ထိုအခန်းထဲ၌ရှိနေသည်ဟု သူအစာပ်တွေးထင်ထားသည်။ မျှော်လည်းမျှော်လင့်ထားသည်။

လီစုကျိက လက်ချောင်းကလေးဖြင့် ဗီရိုတတိယအဆင့်ရှိ သစ်သားဆောင်ကို ခေါက်လိုက်သည်။

သို့သော်....

သူ သုံးချက်တိတိခေါက်လိုက်သော်လည်း မည်သည့် တုံ့ပြန်မှုမှမရှိပါ။ အတွင်းဘက်၌ တိတ်ဆိတ်နေလေသည်။

ထိုအခါကျမှ သူသည် ရင်ထဲအနည်းငယ်ထိတ်သွားသည်။ ဗီရိုနံဘေးရှိ သစ်သားဘုကို နှိပ်လိုက်သည်။

ဤတွင်....

စာအုပ်ဗီရိုသည် ရုတ်တရက် လှုပ်ရှားလာလေတော့သည်။ တကျိကျိ မြည်သံနှင့်အတူ ဗီရိုတစ်ဖက်ခန်းသို့ လည်သွားသည်။ လူတစ်ယောက် ဝင်သွားရုံအပေါက်တစ်ခု ပေါ်လာလေသည်။

လီစုကျိ အလောတကြီး ပြေးဝင်သွားသည်။

အခန်းထဲ၌ သူ၏ဖခင် လီစုရင် ရှိနေပါသည်။

သူ၏ဖခင်လီစုရင်သည် မင်္ဂလာဧည့်ခံပွဲတွင် ဝတ်ဆင်ရန် အစိမ်းရောင် ပိုးအင်္ကျီ ပန်းပွင့်ရုပ်ကို ဝတ်ဆင်ထားသည်။

လီစုရင်၏လက်၌ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ဆေးတံတစ်ခုကို ကိုင်ထားလေသည်။

သို့သော်....

သူ၏ရင်ဝတွင် ဓားတစ်လက် တန်းလန်းစိုက်ဝင်နေသည်ကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းကြောင့် လီစုကျို၏ခန္ဓာကိုယ်တစ်ခုလုံးမှာ မိုးကြိုး အပစ်ခံလိုက်ရသလို တုန်ခါသွားရလေတော့သည်။

*　　*　　*

အမတ်ကြီးလီစုရင်၏မျက်လုံးအစုံမှာ ပြူးကျယ်နေသည်။ အံ့သြခြင်း ထိတ်လန့်ခြင်းများ သူ၏မျက်လုံးအိမ်၌ ပေါ်လွင်နေလေသည်။ မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော်ပင် ရှိနေသေးသည်။

လီစုကျို မျက်ရည်မကျပါ။

အသံထွက်၍လည်း ငိုကြွေးခြင်းမရှိပါချေ။

သူ၏အသည်းနှလုံးမှ မျက်ရည်များ မရှိတော့သည့်အလားယခုဖြစ်ပေါ်နေသည်။

သို့သော်....

လီစုကျို၏မျက်ဝန်းအစုံတွင် သွေးချည်မျှင်များဖြင့် ယှက်သန်းနေသည်။ မျက်လုံးတစ်ခုလုံး နီရဲနေသည်။

ထိုစဉ်....

ပွင့်နေသောဇီရိုပေါက်မှ လေတစ်ချက် ခပ်သုတ်သုတ် တိုက်ခတ်လိုက်သည်။ လေပြင်းကြောင့် နံရံပေါ်ရှိ ပြက္ခဒိန်မှ စာရွက်နှစ်ရွက်လန်သွားသည်။

ပြက္ခဒိန်လန်သွားသောရက်စွဲမှာ....

(၃)လ(၂၇)ရက်နေ့

နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါသည်။

*　　*　　*





(၃)လ(၂၇)ရက်နေ့။

အမတ်ကြီး လီစုရင်၏သားဖြစ်သူ လီစုကျို လက်ထပ်မင်္ဂလာပွဲကျင်းပမည့် နေ့တစ်နေ့ဖြစ်သည်။ နေ့ကောင်း ရက်သာနေ့ တစ်နေ့ဖြစ်သည်။

ပြဿဒါးရက်လွတ်သည်၊

သို့အတွက် နေ့ကောင်းရက်တစ်ရက်ဟု သတ်မှတ်နိုင်ပါသည်။

ထိုနေ့တွင် မင်္ဂလာဧည့်ခံပွဲ၌ အနယ်နယ်မှလာရောက်သည့် ဧည့်သည်များဖြင့် စည်ကားနေသည်။ ထိုအချိန်တွင် အမတ်ကြီး လီစုရင်အသတ်ခံလိုက်ရလေသည်။

အဆိုပါသတင်းသည် ရှန်နိုင်ငံတစ်ခုလုံးသာမက ရန်သူနိုင်ငံဖြစ်သော ထူးနိုင်ငံအထိ ပျံ့နှံ့သွားလေတော့သည်။

တိုင်းသူပြည်သားများ တစ်ယောက်နှင့် တစ်ယောက်တွေ့ကြသောအခါ မေးခွန်းတစ်ခုစီ ထုတ်ကြတော့သည်။

ထိုမေးခွန်းကား....

လူသတ်တရားခံဘယ်သူလဲဟူ၍ပင် ဖြစ်လေသည်။

*　　*　　*

လူသတ်တရားခံ ဘယ်သူဖြစ်နိုင်ပါသနည်း။ အမေးခံရသူတိုင်း ရုတ်တရက် ကြောင်သွားတတ်သည်။

ဤမေးခွန်းအတွက် မည်သူမှ ပေါ့ပေါ့တန်တန် မဖြေဝံ့ကြပါ။ ဘယ်သူမှလည်း အမှားမခံနိုင်ပါ။

အမတ်ကြီးလိစုရင် အသတ်ခံရမှုအတွက် ဘုရင်မင်းမြတ်၏ အတော်ဆုံး ထောက်လှမ်းရေးသမားပင် လက်မှိုင်ချရလေတော့သည်။

"တရားခံဘယ်သူနည်း"

"သဲလွန်စကော တွေ့ရဲ့လား"

အမတ်ကြီးလိစုရင်၏မိတ်ဆွေများကလည်း ဖြစ်နိုင်သည်ထင်ရသော သဲလွန်စဟုထင်ရသောကိစ္စများကိုဝိုင်းဝန်းရှာဖွေကြသည်။

ထိုအခါ သဲလွန်စသည် ရှာလေ များလေဖြစ်လာရလေတော့သည်။

ထိုနည်းတူ....

အမတ်ကြီး၏အိမ်တော်မှလည်း သဲလွန်စတစ်ခု ရရှိလိုက်လေသည်။

* * *

သဲလွန်စက မေးခွန်းမေးချင်းမှပေါ်လာသော အဖြေသာဖြစ်သည်။

မေးခွန်းကိုမေးကြည့်လျှင်....

အမတ်ကြီး လိစုရင်သည် မည်သည့်နေရာ၌ အသတ်ခံရသနည်း။

အဖြေသာရှိပါသည်။

လျှို့ဝှက်တည်ရှိသောအခန်းထဲ၌ အသတ်ခံလိုက်ရခြင်းဖြစ်ပါသည်။





ဒါဆိုလျှင်....

အဆိုပါ လျှို့ဝှက်ထားသောအခန်းကို မည်သူများ သိရှိထားပါသနည်း။

ထိုမေးခွန်း၏အဖြေကို ထပ်မံဖြေပါမည်။

အဖြေကတော့ လျှို့ဝှက်ခန်းကို လီစုရင်အပါအဝင် အားလုံး လူ(၄)ယောက်သိရှိကြပါသည်။

ထိုသိရှိကြသောလူသုံးယောက်မှာ အမတ်ကြီး ချင်းရှောင်ဖုန်းစု၊ ကွမ်းစန်ချိန်းနှင့် လိစုကျိတို့ပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင်....

အမတ်ကြီးလီစုရင်ကို သတ်နိုင်သည့် အခွင့်အရေးရရှိကြသူများမှာ ထိုသုံးယောက်ပင် ဖြစ်နေလေသည်။

နောက်တစ်ချက်ကား....

လီစုရင်ကို လုပ်ကြံသတ်ဖြတ်သည့်လက်နက်မှာ ဓား ဖြစ်သည်။

အမတ်ကြီး လိစုရင်ကို လုပ်ကြံသူသုံးဦး၏ လက်ရှိအခြေအနေကို ထပ်မံဆန်းစစ်ရမည်ဖြစ်သည်။

သတ်ဖြတ်နိုင်ရန်အခွင့်အရေးရှိသူသုံးဦးအနက် ပထမဆုံးသားဖြစ်သူ လိစုကျိကို ဆန်းစစ်ဝေဖန်ကြည့်ရန် ဖြစ်သည်။

လိစုကျိသည် အမတ်ကြီးလိစုရင်၏ သားအရင်း ဖြစ်သည်။ နောက်တစ်ချက်မှာ လီစုကျိသည် တစ်နေကုန် အိမ်မှာ မရှိပါ။ ညနေ နေဝင်ကာနီးမှ ပြန်ရောက်လာသည့်အတွက် သံသယရှိစရာမလိုပါချေ။

ဤသို့ဆိုလျှင်....

သံသယရှိသင့်သူမှာ ချင်းရှောင်ဖုန်းစုနှင့် ကွမ်းစန်ချိန်းတို့သာ ကျန်နေပါတော့သည်။

သူတို့နှစ်ဦးကို ဆန်းစစ်ဝေဖန်ကြည့်ရမည် ဖြစ်သည်။

ဦးစွာ ချင်းရှောင်ဖုန်းစုနှင့်ကွမ်းစန်ချိန်းတို့မှာ ခေးကျွမ်းကျင်သော သိုင်းသမားဘဝမှ အမတ်နေရာသို့ ရောက်ရှိလာကြသူများ ဖြစ်သည်။

ပို၍ သံသယဖြစ်စရာကောင်းနေသည်မှာ လီစုရင်သည် သိုင်းပညာအလွန်ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသည်။

တစ်စုံတစ်ယောက်က သူ့အား မည်သည့်နည်းနှင့်မှအလွယ်တကူ လုပ်ကြံရန် မလွယ်ကူပါ။

ယခု....

အမတ်ကြီး လီစုရင် အသတ်ခံရသည်မှာ လုံး၀ သူ့အား သတ်လိမ့်မည်ဟု မမျှော်လင့်သူက မမျှော်လင့်သော အခြေအနေမှာ အသတ်ခံလိုက်ရခြင်းဆိုသည်မှာ အလွန်မှ ထင်ရှားနေလေသည်။

ထို့ကြောင့် လူသတ်တရားခံမှာ ချင်းရှောင်ဖုန်းစုနှင့် ကွမ်းစန်ချိန်းတို့နှစ်ယောက်သာ ဖြစ်နိုင်ခြေအများဆုံး ဖြစ်နေလေသည်။

သို့သော်....

လူသတ်တရားခံမှာ မည်သူနည်း။

ချင်းရှောင်ဖုန်းစုလော....

ဒါမှမဟုတ်....





ကွမ်းစန်ချိန်းလော....

ဤနှစ်ဦး တစ်ဦးဦးသာဖြစ်ပေတော့သည်။

*　　　*　　　*

"အဲဒီသံသယဖြစ်စရာလူနှစ်ယောက်အနက်က အမတ်ကြီး ချင်းရှောင်ဖုန်းစုဟာ အဖြစ်နိုင်ဆုံးပဲ၊ လူသတ်မှုကို သူပဲ ကျူးလွန်တာပဲဖြစ်မယ်"

လူတစ်ယောက်က ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ကျန်လူတစ်ဦးက မျက်မှောင်ကုတ်၍....

"ဘာဖြစ်လို့လဲ"

ပထမလူက....

"အမတ်ကြီး ချင်းရှောင်ဖုန်းစုဟာ အမတ်ကြီး လီစုရင်ရဲ့ အိမ်တော်ကို သုံးလ၊ နှစ်ဆယ့်ခုနစ်ရက်နေ့မှာရောက်လာတယ်၊ ဒါပေမယ့် အမတ်ကြီး ချင်းရှောင်ဖုန်းစု အိမ်ကထွက်လာတာ သုံးလပိုင်း နှစ်ဆယ့်ငါးရက်နေ့ကတည်းက ထွက်ခဲ့တယ်လို့ သိရတယ်"

ဒုတိယလူက ဦးခေါင်းညိတ်ပြပြီး....

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ"

ပထမလူက ပြုံး၍....

"ဒါဖြင့် အမတ်ကြီးချင်းရှောင်ဖုန်းစု နှစ်ဆယ့်ခြောက်ရက်တစ်ရက်လုံး ဘယ်ရောက်နေသလဲ၊အဲဒါကို စဉ်းစားကြည့်စမ်းပါ"

ဒုတိယလူက လက်ဖျစ်တစ်ချက် တီးလိုက်ပြီး....

"ဒါကြောင့် ချင်းရှောင်ဖုန်းစုဟာ ဒီလူသတ်မှုမှာ သံသယဖြစ်စရာအကောင်းဆုံးလို့ ပြောနေကြတာပေါ့"

ပထမလူက....

"ဒါနဲ့ နေပါဦး၊ နှစ်ဆယ့်ခုနစ်ရက်နေ့ ညနေတစ်ချိန်လုံးမှာ ကွမ်းစန်ချိန်းနဲ့ အမတ်ကြီး လီစုရင်တို့ အတူရှိနေတယ်လို့ တချို့က ပြောနေကြပါလား"

ဒုတိယလူက ပြုံး၍....

"ဒီလိုဆိုရင် ကွမ်းစန်ချိန်းက ပိုပြီး သံသယဖြစ်စရာမကောင်းဘူးလား"

ပထမလူက....

"ဒါလဲ ဟုတ်တာပဲ"

"အခု အဲဒီသံသယဖြစ်စရာကောင်းတဲ့ လူနှစ်ယောက်စလုံးကော...."

ဒုတိယလူက မေးလိုက်ခြင်းဖြစ်သည်။

ပထမလူက ပြုံးပြလိုက်ပြီးလျှင်....

"အဲဒီလူနှစ်ယောက်စလုံး သူတို့အိမ်တော်မှာ ရှိကြသေးတယ်လေ"

ဒုတိယလူက သက်ပြင်းရှည်တစ်ချက်ချပြီး...."

"အင်း....သူတို့လဲ ဒီလောက်တော့ ပါးမှာပေါ့၊ အမှုကိစ္စဖြစ်ဖြစ်ချင်း ထွက်သွားရင် သံသယတွေ ပိုလာမှာပေါ့"

ပထမလူက မျက်မှောင်ကုတ်ပြီး....





"ဒါပေမယ့် သူတို့တစ်တွေဟာ အမတ်ကြီး လီစုရင်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေပဲ၊ လက်ဆုပ်လက်ကိုင် မမိရင်တော့ သူတို့ကို ဘယ်သူမှ တိတိကျကျ စွပ်စွဲရဲမှာမဟုတ်ဘူး"

ဒုတိယလူက အံကြိတ်လျက်....

"ဟုတ်ပါတယ်၊ လက်ဆုပ်လက်ကိုင် သက်သေ သာဓကမရှိတဲ့ မဖမ်းရဲဘူး၊ ဒါနဲ့ ဖမ်းဖို့ သက်သေ အထောက်အထား ရပြီလား"

"မရသေးဘူးလို့ ပြောနေကြတာပဲ"

အထက်ဖော်ပြပါ စကားသံများသည် ဝေဖန်ပြောဆိုနေကြသော တိုင်းသူပြည်သားများ၏ စကားများသာဖြစ်သည်။

ရှန်နိုင်ငံ၌ ယခုအချိန်တွင် အမတ်ကြီး လီစုရင် အသတ်ခံရမှုကိုသာ စိတ်ဝင်စားနေကြသည်။

ထိုဝေဖန်ပြောဆိုသံများသည် နေရာတိုင်း၌ ရှိနေကြ၍ ကြားနေကြရလေသည်။

★

## အခန်း ( ၇ )

### အမေးပုစ္ဆာထဲမှ အဖြေ

ယနေ့....

(၄) လပိုင်း၊ (၄) ရက်နေ့ ဖြစ်ပါသည်။

ည....

ကောင်းကင်ပြင်၌ ကြယ်ပေါင်းစုံသော ည ဖြစ်သည်။

လမင်းသည် ကောင်းကင်ပြင်၌ ပျောက်နေသည်။ လကွယ်ညဖြစ်သောကြောင့် ဖြစ်ပေသည်။

ယနေ့ညသည် လီစုရင် အသတ်ခံရပြီး (၇)ရက်မြောက်နေ့ ဖြစ်သည်။

အမတ်ကြီး လီစုရင်၏ အိမ်တော်ဝင်း တစ်ခုလုံးမှာ ချောက်ချားဖွယ် ကောင်းလောက်အောင် တိတ်ဆိတ်နေလေသည်။

အိမ်တော်အတွင်းရှိ လူအားလုံးမှာ ပါးစပ်မပါသည့် အလား ရှိနေကြသည်။ တစ်ဦးတစ်ယောက်မှ စကားမပြောကြတော့ပါ။





ထိုအထဲတွင် ခံစားချက် အပြင်းထန်ဆုံးမှာ လီစုကျိပင် ဖြစ်သည်။

လီစုကျိ မျက်ရည်တစ်စက်မှ မကျပါ။

သူသည် ရေတစ်ပေါက်မှလည်း မသောက်ပါ။ အစားအစာမှာလည်း တစ်စိုးတစ်စိမှ မစားပါ။ ထမင်းဆိုသည်မှာလည်း သူ၏ စိတ်ကူးထဲမှာပင် မပေါ်သေးပါ။

လီစုကျိ၏ နှုတ်ခမ်းတစ်ခုလုံးသည် အက်ကွဲခြောက်ကပ်နေသည်။

သူ၏ မျက်ကွင်းနှစ်ခုစလုံးမှာ ဟောက်ပက် ဖြစ်နေပြီး မျက်နှာပြင်တစ်ခုလုံးမှာ သွေးရောင်ပင် မရှိတော့ပါချေ။

ခန္ဓာကိုယ်တစ်ခုလုံးသည် တောင့်တင်းနေပြီး ပလွပ်မယှက် ထိုင်နေသည်။ သူ၏ပုံသဏ္ဌာန်ကြည့်ပြီး တစ်အိမ်သားလုံးမှာ ရိုးရိမ်ပူပန်လာသည်။ ထိတ်လန့်လာသည်။

ညီမဖြစ်သူ ချိန်းချိန်းက အမျိုးမျိုး နှစ်သိမ့်စကားပြောသော်လည်း အချည်းနှီးပင်။

သတို့သမီး ဝီချစ်ဖုံးက အားပေးစကားဆိုသည်။ သို့သော် မရပါ။

လီစုကျိမှာ ကြေကွဲမှု၊ နာကြည်းမှု အာခါင်အဖျားသို့ ရောက်နေ၍ ဖြေသိမ့်မရနိုင်ပါ။

ထို (၇)ရက်အတွင်း....

အမတ်ကြီးလီစုရင်၏ အိမ်တော်တွင်ရှိ လူအပေါင်းတို့မှာ မည်သူမှ စကား ဟက်ဟက်ပက်ပက်မပြောကြပါ။

သူတို့အားလုံးသည် အမတ်ကြီးလီစုရင် အသတ်ခံရမှုနှင့် ပတ်သက်၍လည်း သမ်းစများကို ဖိ၍ ရှာနေကြလေသည်။ ကြိုးစား၍ ရှာနေကြသည်။

သို့သော်....

အိမ်တော်ဝင်းအတွင်းရှိ လူအပေါင်းတို့၏ရှာဖွေချက်သည် အချည်းနှီးဖြစ်နေကြသည်။ ချင်းရှောင်ဖုန်းစုနှင့် ကွမ်းစန်ချိန်း အပေါ်တွင်လည်း တပ်အပ်မစွပ်စွဲရဲပါ။

အခြေအနေအရပ်ရပ်တို့သည် ချင်းရှောင်ဖုန်းနှင့် ကွမ်းစန်ချိန်းတို့အပေါ် သံသယများရှိနေကြသည်။

ဒါပေမယ့်....

အမတ်ကြီးနှစ်ဦးကို မစွပ်စွဲရဲကြပါ။

သူတို့ရင်ထဲကသာ စွပ်စွဲနေကြခြင်း ဖြစ်ပါသည်။

*　　*　　*

ဤသို့ဆိုလျှင်....

အမတ်ကြီးတစ်ဦး၏လက်ရှိအနေအထားကို ဆန်းစစ်ကြည့်ကြပါစို့။

ပထမဦးစွာ အမတ်ကြီးကွမ်းစန်ချိန်း၏ လက်ရှိ အနေအထားကို ကြည့်ရလျှင်....

အမတ်ကြီးကွမ်းစန်ချိန်းသည် လူသတ်မှုနှင့် ပတ်သက်၍ စကားတစ်လုံးမှ ဖွင့်ဟပြောဆိုခြင်းမရှိပါချေ။

ဝေဖန်ပြောဆိုခြင်း၊ အကြံဉာဏ်ပေးခြင်းလည်းမရှိပါ။





အမတ်ကြီးလီစုရင် သေဆုံးချိန်၌ သူ ဘာယ်နေရာသို့ ရောက်ရှိနေပါသည်ဟူသော သက်သေစကားကိုလည်း မဆိုပါ။

မည်သူက သူ့အား ဖြေရှင်းရန်အတွက် တိုက်တွန်းခြင်း မပြုဝံ့ပါ။

နိုင်ငံတော်တွင် အထင်ကရအမတ်ကြီးကို အဘယ်လူမျိုးက တိုက်တွန်းဝံ့ပါမည်နည်း။

ဘေးစကားအရ လီစုရင် အသတ်ခံရချိန်တွင် အမတ်ကြီး ကွမ်းစန်ချိန်းသည် အရက် အလွန်အကျွံမူးပြီး တည်းခိုခန်း တစ်ခုသို့ ရောက်နေပါသည်ဟု ပြောကြလည်း။

သို့သော်....

ထိုသို့ပြောသူမှာ ကွမ်းစန်ချိန်း၏မြင်းထိန်း "ချောင်ချူး" ပင် ဖြစ်ပါသည်။

မြင်းထိန်းချောင်ချူး၏ ပြောစကားသည် အမှန်တကယ်ပဲ မှန်နိုင်ပါ၏လော။

*　　*　　*

ကျန်တစ်ဦးဖြစ်သည့် အမတ်ကြီးချင်းရှောင်ဖုန်းစု အပေါ် ထင်မြင်ယူဆချက်ကို ဆန်းစစ်ကြည့်လျှင်....

ချင်းရှောင်ဖုန်းစုသည် အချို့က သူ့အပေါ် သံသယဖြစ်နေသည်ကို သိထားသည်။

သူသည် (၂၅)ရက်နေ့က သူ၏အိမ်တော်မှ ထွက်သွားခြင်း ဖြစ်သည်။

ဤကဲ့သို့ တစ်ရက်ကြိုထွက်လာခြင်းမှာ အခြားကိစ္စ တစ်ခု ရှိသောကြောင့်ဖြစ်ရမည်။

ယင်းကိစ္စမှာလည်း လျှို့ဝှက်သောကိစ္စတစ်ခုဖြစ်ရမည်။ သူ့အနေဖြင့် မည်သူ့ကိုမှ အသိပေးရန်မဖြစ်နိုင်ပါချေ။

ထို့ကြောင့် အမတ်ကြီးချင်းရှောင်ဖုန်းစုသည် သူ့အပေါ် မည်သူက ဘယ်လောက်ပင် သံသယရှိပါစေ သူ မမှုပါ။

ဖြေရှင်းခြင်းလည်း မပြုပါ။

သူသည် ယခု လူသတ်မှု ကိစ္စအတွက် ခေါင်းအေးအေး ထားရမည့် အခြေအနေပိုရှုပ်ထွေးမသွားစေရန် သူ ထိန်းထား ရမည်ဖြစ်သည်။

အမတ်ကြီးချင်းရှောင်ဖုန်းစု၏ ဦးဆောင်မှုဖြင့် လီစုရင်၏ ဈာပနကိစ္စအရပ်ရပ်ကို ကြီးကျယ်စွာ သင်္ဂြိုဟ်လိုက်သည်။

လီစုရင်၏ အိမ်တော်ရှိ ကိစ္စကြီးငယ်များကို စီမံကွပ်ကဲပေး နေရသည်။

ယခုအချိန်တွင် ရပ်ဝေးရပ်နီးမှလာသော ဆွေမျိုးအပေါင်း တို့မှာလည်း မိမိတို့နေရပ်သို့ ပြန်ကုန်ကြချေပြီ။

အိမ်တော်တွင် အမတ်ကြီးလီစုရင်၏ မိတ်ဆွေများ အိမ် သားများသာ ကျန်နေတော့သည်။

ကွမ်းစန်ချိန်းကလည်း နေအိမ်သို့ပြန်ရန် ပြင်ဆင်နေလေ သည်။

အမတ်ကြီးချင်းရှောင်ဖုန်းစုမှာ ကုလားထိုင်တစ်လုံးပေါ် တွင် ငြိမ်သက်စွာ ထိုင်နေသည်။

အမတ်ကြီးကွမ်းစန်ချိန်းက....





“ချင်းရှောင်ဖုန်းစု၊ ကျုပ် ‘ချန်’ဘုရင်ဆီသွားရဦးမယ်” သူ၏စကားသည် တိုတောင်းပြတ်သားလှသည်။

သို့သော်....

ကွမ်းစန်ချိန်း၏ဆိုလိုရင်းအဓိပ္ပာယ်ကို သူနားလည်လိုက်ပါ သည်။

ယခု ကွမ်းစန်ချိန်းက ဘုရင်ဆီသွားပြီး အမတ်ကြီး လီစု ရင် သေဆုံးမှုနှင့်ပတ်သက်၍ အစီရင်ခံမည်ဖြစ်သည်။

ထိုသဘောကို ကွမ်းစန်ချိန်းကပြောလိုက်ခြင်းပင်ဖြစ်သည်။

ကွမ်းစန်ချိန်းက ထိုစကား တစ်ခွန်းတည်းသာ ပြောပြီး အိမ်တော်မှ ထွက်ခွာသွားလေတော့သည်။

တကယ်တော့ အမတ်ကြီးကွမ်းစန်ချိန်းသည် အတိုတောင်း ဆုံး စကားကိုပြောပြီး အလုပ်ကိုအမြန်ဆုံးလုပ်သော လူစား မျိုးဖြစ်ပါသည်။

ဤသို့ဆိုလျှင်....

အမတ်ကြီးကွမ်းစန်ချိန်းသည် အလုပ်နှင့် သက်သေပြတတ် သော လူစားမျိုးသာ ဖြစ်လေတော့သည်။

ကွမ်းစန်ချိန်းထွက်သွားသောအခါ ချိန်းချိန်းကချင်းရှောင် ဖုန်းစုအား လှမ်းမေးလိုက်သည်။

“ဘဘကွမ်းစန်ချိန်းက ဒီလိုပဲသွားတော့မှာလား”

ချင်းရှောင်ဖုန်းစုက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ သူကချန်ဘုရင်မင်းမြတ်ဆီကို သွားစရာရှိနေ သေးတယ်၊ ဒီမှာကြာကြာနေလို့ ဘယ်ဖြစ်ပါ့မလဲချိန်းချိန်းရဲ့”

ထိုအခါ ချိန်းချိန်း စကားဆက်မပြောတော့ပါ။

ပါးစပ်ကို တင်းတင်းစေ့ကာ ပိတ်ထားလိုက်လေသည်။

အမတ်ကြီးကွမ်းစန်ချိန်း ချန်ဘုရင်ထံသို့သွားရောက်ရသည့် အကြောင်းက ရှိနေပါသည်။

ယခု....

"ရှန်နိုင်ငံ"၏အခြေအနေသည် ထူးနိုင်ငံနှင့် သင့်မြတ်ခြင်း မရှိပါက ရှန်နိုင်ငံကို သိမ်းပိုက်နိုင်ရန် အမြဲ ပြင်ဆင်လျက်ရှိသည်။

ယခုအချိန်တွင် "ထူးနိုင်ငံသည် "ကျန်နိုင်ငံ"နှင့် မဟာမိတ်ဖွဲ့သည်။ ရွှေလမ်းငွေလမ်းဖောက်ကြသည်။

သူတို့နှစ်နိုင်ငံ တိုးတက်ရေး၊ စည်းလုံး ညီညွတ်မှု ရှိပြီး အခြားနိုင်ငံများကို သိမ်းပိုက်စိုးမိုးရေးပါဝင်သည်။

ထို့ကြောင့်....

ရှန်နိုင်ငံကလည်း ချန်နိုင်ငံနှင့် မဟာမိတ်ဖွဲ့ရန် စိုင်းပြင်းနေကြလေသည်။ သို့မှသာ ရှန်နိုင်ငံအတွက် အင်အားပိုရှိမည်။ စီးပွားရေးလမ်းလည်း ပိုပွင့်လန်းမည်။

အခြားတိုင်းတစ်ပါးက ဇွန်စကျူးကျော်လာပါက မိမိ အတွက် အင်အားပိုရှိလာမည် မဟုတ်ပါလော။

ယခု....

ရှန်နိုင်ငံ၏ ညာလက်ရုံးတစ်ဆူ ပြုတ်ပျက်သွားခဲ့ချေပြီ၊ ညာလက်ရုံးတစ်ဖက် ဆုံးရှုံးရခြင်းသည် တိုင်းပြည်အတွက် အလွန်မှ အဘက်ဘက်မှ နစ်နာစေသည်။





ဒါကြောင့် ယခု ကွမ်းစန်ချိန်းက အမတ်ကြီးလီစုရင် သေဆုံးသည့်အတွက် ချန်နိုင်ငံသဘောထား တစ်မျိုးပြောင်းလဲသွားမည်ကို စိုးရိမ်သည်။

ထို့ကြောင့် ချန်နိုင်ငံဘုရင်၊ ချန်ဘုရင်ထံသို့ အလျင်အမြန်သွားရောက်ခြင်းဖြစ်ပါသည်။

ဤသည်မှာ ချိန်းချိန်းက နားလည်သဘောပေါက်ထားခြင်း ဖြစ်ပါသည်။

ချိန်းချိန်း ဤကဲ့သို့ တွေးတောနေစဉ်မှာပင် ကွမ်းစန်ချိန်းနှင့် သူ၏ နောက်တော်ပါးများ ထွက်ခွာသွားသော မြင်းခွာသံများကို ကြားလိုက်ရလေသည်။

သူမ ကျိတ်၍ဆုတောင်းနေသည်မှာ ရှန်နိုင်ငံနှင့် ချန်နိုင်ငံတို့၏ မဟာမိတ်ဖွဲ့ရေးကိစ္စသည် မိမိ၏ဖခင် သေဆုံးသွားသောကြောင့် ပျက်ပြယ်မသွားပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းမိလိုက်ရတော့သည်။

ချိန်းချိန်း သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခု....

အမတ်ကြီး ချင်းရှောင်ဖုန်းစုက အိပ်တော်တစ်ခုလုံးကို ထိန်းသိမ်းကြပ်မတ်နေ၏။ သို့သော် သူ ကြာကြာထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ဒါကိုတော့ သူမ နားလည်ထားသည်။

တိုင်းရေးပြည်ရေးကိစ္စများကိုပစ်ပြီး အိမ်တော်၌ကြာကြာ မနေသင့်သည်ကိုလည်း ချင်းရှောင်ဖုန်းစု သိထားသည်။

အကယ်၍....

ချင်းရှောင်ဖုန်းစု အိမ်တော်မှ ထွက်ခွာသွားလျှင် မည်သည့် အခက်အခဲများ သူမ ကြုံတွေ့ရမည်နည်း။

နောက်တစ်ချက်ကား....

သူမ၏ အစ်ကိုဖြစ်သူ လီစုကျိုသည် စိတ်၏ပင်ပန်းနွမ်းနယ်မှုကြောင့် စားနိုင် မအိပ်နိုင် ဖြစ်နေသည်။

ထိုအခါ အိမ်တော်တစ်ခုလုံး၏ တာဝန်သည် သူမ ခေါင်းပေါ်သို့ ပိလာမည်ဖြစ်သည်ကိုလည်း သူမ သိထားသည်။

သို့အတွက်....

ချိန်းချိန်း အံတင်းတင်း ကြိတ်ထားသည်။

သူမသည် ယခုအချိန်၌ ဝမ်းနည်းကြေကွဲမှုကို အင်အားတစ်ခုအဖြစ် ပြောင်းပစ်ရမည်။ ကျရောက်လာသည့် တာဝန်အထုပ်အပိုးကို ထမ်းဆောင်ရန် ပြင်ဆင်လေတော့သည်။

ချိန်းချိန်း ယခု ဆုတောင်းနေမိသည်မှာ အစ်ကို လီစုကျိုစိတ်ဓာတ် ပြန်တက်လာပါစေရန်သာ မျှော်လင့်နေရတော့၏။

* * *

သူမသည် မလှုပ်မယှက် ရပ်၍ တွေဝေနေသည်။

ထိုစဉ် သူမနောက်မှ လေးလံသော ခြေသံကို ကြားလိုက်ရလေတော့သည်။

အဆိုပါခြေသံ ကြားလိုက်ရသည်နှင့် မည်သူ၏ခြေသံမှန်းဆိုသည်ကို သူမ သိလိုက်ရပြီဖြစ်သည်။

ခြေသံမှာ အိမ်တော်မှူး ကျင်းလောက်ပင် ဖြစ်သည်။





အိမ်တော်မှူး ကျင်းလောက်၏လက်ထဲ၌ အိုးတစ်လုံးပါလာလေသည်။ သူက လက်ထဲရှိ ပုလင်းကို လှမ်းပေးလိုက်ရင်း....

"ကျွန်တော် အမတ်ကြီး ကွမ်းစန်ချိန်းရဲ့ အခန်းထဲက ဟောဒီအိုးကို တွေ့ရပါတယ်၊ ဒါကြောင့် သခင်မလေးကို ပြဖို့ ယူလာတာပါ"

ချိန်းချိန်းက ကမ်းပေးလာသောအိုးကို ယူကြည့်လိုက်၏။ အိုးမှာ အရက်အိုးဖြစ်သည်။ အစိမ်းရောင် တောက်နေလေသည်။

ကျင်းလောက်က ခရီးရောက်မဆိုက် မောမောပန်းပန်းဖြင့် ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

သူကပင် ဆက်၍ ထပ်မံရှင်းပြပြန်သည်။

"ကျွန်တော် အမတ်ကြီး ကွမ်းစန်ချိန်း ပြန်သွားတော့ ကျွန်တော် သူ့အခန်းကိုရှင်းဖို့ ဝင်သွားပါတယ်၊ အခန်းရှင်းရင်းနဲ့ ခုတင်အောက်မှာ ဒီအရက်အိုးကို တွေ့ရပါတယ်"

ထိုအခါ ချင်းရှောင်ဖုန်းစု မျက်မှောင်ကုတ်သွားပြီး....

"အိုးကလေးထဲက ဘာတွေလဲ" ဟု မေးလိုက်လေသည်။

ချိန်းချိန်းက အိုးကလေး၏အဖုံးကိုဖွင့်လိုက်ပြီး အမတ်ကြီး ချင်းရှောင်ဖုန်းစုကို လှမ်းပေးလိုက်သည်။

"ဘာဘချင်း.... စစ်ဆေးကြည့်ပါဦး၊ ကျွန်မတော့ ဘာမှ နားမလည်ဘူး"

ဤတွင်....

ချင်းရှောင်ဖုန်းစုက အရက်အိုးထဲသို့ လက်တစ်ချောင်းဖြင့် အရက်ကို တို့လိုက်သည်၊ အရက်များကို လက်ဝါးပေါ်တင်

ကာ အသာအယာ ပွတ်လိုက်သည်။ ထို့နောက် နှာခေါင်းဖြင့် အနံ့ခံကြည့်လေသည်။

ခဏအကြာတွင်ကား အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ မျက်နှာပြင်၌ ထူးခြားသော အမူအရာများ ထွက်ပေါ်လာလေတော့သည်။

အိမ်တော်မှူး ကျင်းလောက်က အနည်းငယ် စဉ်းစားပြီးနောက်....

''ဒီအရက်အိုးကို တွေ့တော့ မသင်္ကာတာနဲ့ ကျွန်တော်မျိုး သမားတော်ကြီးဆီ သွားပြပါတယ်၊ သမားတော်ကြီးက ဒီအရက်ထဲမှာ မူးယစ်ဆေးများ ပါရှိနေပါတယ်လို့ အဖြေပေးလိုက်ပါတယ်''

ချင်းရှောင်ဖုန်းစု ခေါင်းညိတ်လိုက်ပြီး....

''ဟုတ်တယ်၊ ဒီအရက်ထဲမှာ လူကို မူးယစ်စေတဲ့ ဆေးပါနေတယ်''

ထိုအခါ ကျင်းလောက် ခေါင်းငုံ့သွားလေသည်။

သူ၏ မျက်နှာတစ်ခုလုံးတွင် ခံပြင်းဒေါသထွက်နေသော အရိပ်အယောင်များ ပေါ်လွင်လာသည်။

အမတ်ကြီး ကွမ်းစန်ချိန်းသည် မည်သည့်အတွက်ကြောင့် မူးယစ်စေတတ်သည့် အရက်ကို မည်သည့်အတွက်ကြောင့် ဆောင်ထားရပါသနည်း။

ဤမေးခွန်း၏ အဖြေကို ဖြေစရာ မလိုတော့ပါ။

အကြောင်းကား....





ကွမ်းစန်ချိန်သည် တစ်ချိန်လုံး အမတ်ကြီး လီစုရင်နှင့် အရက်တွေ အတူသောက်နေသည် မဟုတ်ပါလော။

ဤအချက်ကို ထောက်ကြည့်လျှင် ကွမ်းစန်ချိန်းသည် အမတ်ကြီး လီစုရင်အား အရက်အနည်းငယ် မူးလာအောင် တိုက်သည်။ ထိုအခါ မူးယစ်စေသည့် ဆေးအရှိန်ကြောင့် လီစုရင် မူးမေ့သွားသည်။

ထိုအခါ ကွမ်းစန်ချိန်းက လီစုရင်ကို အလွယ်တကူ သတ်လိုက်ခြင်း ဖြစ်လေသည်။

အားလုံး အဖြေကို စဉ်းစားမိသောအခါ အခန်းတစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ် သွား လေတော့သည်။

အတန်ကြာသောအခါမှ ချင်းရှောင်ဖုန်းစုက စားပွဲမျက်နှာပြင်ကို လက်သီးဖြင့် တစ်ချက်ထုလိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

သူက အံတင်းတင်းကြိတ်ပြီး....

''ကျင်းလောက်'' ဟု ခပ်တင်းတင်း အော်ခေါ်လိုက်လေတော့သည်။ စိတ်ကို အလွန်ထိန်းသိမ်းနိုင်ပါသည်ဟု နာမည်ကြီးလှသော ချင်းရှောင်ဖုန်းစု၏ အသံက ဟိန်းထွက်လာလေသည်။

သူကား....

ခံပြင်းလွန်း၍ ဒေါသချောင်းချောင်း ထွက်လာချေပြီ။

''အမိန့်ရှိပါ အမတ်မင်း''

ပြောပြီးနောက် ကျင်းလောက် ကြမ်းပြင်ပေါ်သို့ ဒူးတုပ်လိုက်လေသည်။ အမတ်ကြီး ချင်းရှောင်ဖုန်းစုက ...

"ကွမ်းစန်ချိန်းရဲ့ နောက်တော်ပါးတွေကို နေရာချထားပေးဖို့ တာဝန်ကျတဲ့လူ ဘယ်လူလဲ"

"ကျောင်ပြုံးပါ၊ သူက အိမ်တော်မှာ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ပါ"

"သူ့ကို အခုချက်ချင်း သွားခေါ်စမ်း"

"အမိန့်အတိုင်းပါ"

ကျင်းလောက်က ဤသို့ပြောပြီး အခန်းထဲမှ ကပျာကယာ ထွက်သွားလေတော့သည်။

* * *

ချိန်းချိန်း နှုတ်ခမ်းကို တင်းတင်းကိုက်ထားသည်။

သူမ ဒေါသထွက်လွန်း၍ ဒေါသကို ပြေစေခြင်းအလို့ငှာ ကိုက်ထားခြင်းဖြစ်လေသည်။ ထိုအခါ နုနယ်သော နှုတ်ခမ်းသည် သွေးများပင် စို့လာလည်း။

သူမ၏ မျက်နှာပြင် တစ်ခုလုံးသည် ခံပြင်းသည့် အရိပ်အယောင်များ ပြင်းထန်စွာ ပေါ်ထွက်နေလေသည်။

ယနေ့....

အမတ်ကြီး ကွမ်းစန်ချိန်းနှင့် နောက်လိုက်နောက်ပါတို့ကို ညှော်ခံရန် တာဝန်ယူထားသည့် ကျောင်ပြုံးသည် အမတ်ကြီး ချင်းရှောင်ဖုန်းစုရှေ့သို့ ရောက်ရှိလာချေပြီ။





ကျောင်ပြုံးက အမတ်ကြီး ချင်းရှောင်ဖုန်းစုရှေ့တွင် ဒူးတုပ်၍ ထိုင်ချနေသည်။

ဤတွင် အမတ်ကြီး ချင်းရှောင်ဖုန်းစုက လက်ညှိုးဖြင့် ထိုးပြီး....

"မင်းက အမတ်ကြီး ကွမ်းစန်ချိန်းတို့လူစုကို တာဝန်ယူထားတယ်ဆိုတာ ဟုတ်သလား"

သူက တိုတိုတုတ်တုတ်ပင် မေးလိုက်သည်။

ကျောင်ပြုံးက....

"ဟုတ်ပါတယ် အမတ်မင်း"ဟု ဝန်ခံစကားဆိုသည်၊

အမတ်ကြီး ချင်းရှောင်ဖုန်းစုက....

"ကွမ်းစန်ချိန်းမှာ လူဘယ်နှစ်ယောက်ပါလာသလဲ"

"တစ်ဆယ့်လေးယောက်ပါ အမတ်ကြီး"

ကျောင်ပြုံးက အဖြေပေးသည်။

ထိုအခါ ချင်းရှောင်ဖုန်းစုက....

"အဲဒီလူတွေထဲမှာ မင်းမသေ ... ရ ... သူတို့အပေါ်မှာ ဘာတွေတွေ့သလဲ"

"ကျွန်...ကျွန်တော် ဘာ....ဘာမှ မတွေ့ပါဘူး"

ကျောင်ပြုံးက ထစ်ထစ်ငေါ့ငေါ့ ဖြေသည်။

ချင်းရှောင်ဖုန်းစုက သူ့အား စူးစူးရှရှကြည့်လိုက်ပြီး....

"ကျောင်ပြုံး....မင်းက အမတ်ကြီး လီစုရင်ရဲ့ လူသတ်တရားခံကိုပေါ်စေချင်ရင် မင်းစိတ်ထဲမှာ သံသယရှိတာတွေ၊ မင်းမြင်တာတွေ မဖုံးမကွယ်ပြောပါ"

ထိုအခါ ကျင်းလောက်က ကျောင်းပြုံး၏ပခုံးကို လက်ဖြင့် ပုတ်လိုက်က၁....

"မင်း ဘာမှမကြောက်ပါနဲ့၊ အမှန်တရားဟာ ဘယ်တော့မှ ဖုံးကွယ်လို့မရပါဘူး၊ မင်းတွေ့မြင်ရသမျှ အားလုံးပြောပြစမ်းပါ၊ ဒါမှလဲ အမတ်မင်းက ကိစ္စရပ်များကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်မယ်"

ထိုအခါ ကျောင်းပြုံးက အတန်ကြာအောင် တွေဝေနေပြီး....

"ကျွန်....ကျွန်တော်မျိုးစိတ်ထဲမှာတော့ သံသယဖြစ်စရာတွေ တွေ့မြင်ခဲ့ရပါတယ်၊ ဒါ....ဒါပေမယ့် ကွမ်းစန်ချိန်းအမတ်ကြီးဟာ ကျ....ကျနော်မျိုးရဲ့အမတ်မင်းနဲ့အလွန်ရင်းနှီးတဲ့ မိတ်ဆွေရင်းလဲဖြစ်၊ သေအတူ ရှင်မကွာ တိုင်းရေး ပြည်ရေး ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်လဲဖြစ်တဲ့အတွက် စိတ်ထဲမှာ သံသယဖြစ်နေသော်လဲ မပြောရဲဘူး ဖြစ်နေပါတယ်"

သူက စကားကိုခဏရပ်လိုက်ပြန်သည်။ အမတ်မင်း ချင်းရှောင်ဖုန်းစု၏မျက်နှာကိုတစ်ချက်မော့ကြည့်ပြီးမှ စကားဆက်လိုက်ပြန်သည်။

"အမတ်ကြီး ကွမ်းစန်ချိန်းယာတုန်းက လူတစ်ဆယ့်လေးယောက် ပါလာပါတယ်၊ သူတို့လူတွေထဲမှာ ထူးနိုင်ငံသားတွေ ခြောက်ယောက်လောက် ပါလာပါတယ်၊ အဲဒါတွေကို ကျွန်တော်မျိုးမျက်စိနဲ့ တပ်အပ်တွေ့ခဲ့ပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ချင်းရှောင်ဖုန်းစု၏ မျက်နှာသည် တဖြည်းဖြည်း နီမြန်းလာရလေတော့သည်။





"ထူးနိုင်ငံသားဟုတ်လား၊ မင်းဘယ်လိုလုပ်ပြီး ခွဲခြားသိသလဲ"

ကျောင်းပြုံးက အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ အမေးကို ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေလိုက်သည်။

"ကျွန်....ကျွန်တော် ငယ်ငယ်တုန်းက ထူးနိုင်ငံမှာ နေခဲ့ဖူးပါတယ်၊ ထူးနိုင်ငံသားတွေဟာ သူတို့ရဲ့ခေါင်းကို အဝတ်ဖြူနဲ့ စည်းထားလေ့ရှိလို့ ကျွန်တော်သိတာပါ၊ ကျွန်တော်က သူတို့ကိုမေးတော့သူတို့ဟာ ထူးနိုင်ငံသားမဟုတ်တဲ့အကြောင်း ငြင်းပါတယ်၊ သူတို့ရဲ့ခေါင်းမှာစည်းထားတဲ့ ခေါင်းစည်းတွေကို ဖြုတ်ပစ်လိုက်ကြပါတယ်၊ ဒါပေမယ့် သူတို့က လိမ်နေကြတယ်ဆိုတာ ကျွန်တော်သိနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ပြောတဲ့လေသံမှာ ထူးနိုင်ငံရဲ့လေသံ ပါနေလို့ပဲ"

အမတ်ကြီးချင်းရှောင်ဖုန်းစုမှာ ကျောင်းပြုံး၏စကားကို ကြားရသောအခါ စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်လေတော့သည်။

ပြဿနာသည် ယခုအခါ ရှင်းလင်းသွားပြီဖြစ်သည်။

ကွမ်းစန်ချိန်းသည် ထူးနိုင်ငံနှင့်ပူးပေါင်းသွားပြီလေ။

သူသည် အမတ်ကြီးလီစုရင်ကို သတ်ဖြတ်သွားခြင်းမှာ ထူးနိုင်ငံအကျိုးအတွက် အလုပ်လုပ်ပေးခြင်းလော။

* * *

ချင်းရှောင်ဖုန်းစု၏ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်ဝါးတွင် ချွေးများစို့နေလေသည်။

အခန်းထဲရှိလူအများ၏စိတ်ထဲတွင် နာကျင်မှုဖြင့် ကျောက်ရုပ်များလို မလှုပ်မယှက်ရပ်နေကြလေသည်။

ခံပြင်းမှု၊ ဒေါသထွက်မှု၊ မယုံကြည်နိုင်မှုဖြင့် စုပေါင်းဝံစားနေရသောကြောင့် အံများကို တကျစ်ကျစ်မြည်အောင် ကြိတ်နေကြသည်။

တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်ထိုင်နေသည့် လီစုကျိသည် ရုတ်တရက်ခုန်ပြီး ပြေးလွှားထွက်သွားသည်။

ချင်းရှောင်ဖုန်းစုမှာ ရုတ်တရက် လီစုကျိ ထပြေးသည်ကို တွေ့လိုက်ရသည်နှင့် ကပျာကယာ ခုန်ထလိုက်ပြီး ဟန့်တားလိုက်သည်။

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်ခြင်းဖြစ်သည်။

ထိုအခါ လီစုကျိမှာ မြေပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့သည်။ ခုနစ်ရက်လုံးလုံး အစာမစား မအိပ်သောလူ တစ်ယောက်အဖို့ အားချည့်နဲ့နေပြီ ဖြစ်ရာ ချင်းရှောင်ဖုန်းစုက လက်ဖြင့် အသာကလေး ဖမ်းလိုက်သည်နှင့် အားပြတ်လဲကျသွားခြင်းဖြစ်လေသည်။

ချင်းရှောင်ဖုန်းစု သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"မင်း ဘယ်သွားမလဲဆိုတာ ဘဘ သိပါတယ်၊ ကျုပ်က မင်းကိုတားဖို့မပြောနဲ့ ကျုပ်ကိုယ်တိုင်ဘဲ အခုအချိန်မှာ သိပ်ကို သွားချင်နေပါတယ်၊ ဒါပေမယ့်...."

သူ စကားကို ခဏရပ်နေလိုက်ပြန်သည်။





ပြီးမှ ချင်းရှောင်ဖုန်းစုက ဆက်၍ ပြောသည်။

"အခုအချိန်မှာ မင်းသွားလို့ မဖြစ်သေးဘူး၊ မင်းကို မသွားရဘူးလို့ ကျုပ် တားရမှာပဲ"

ယခုအခါ လီစုကျို၏မျက်လုံးအစုံမှာ နီရဲသော သွေးချည်မျှင်တို့ဖြင့် ပြည့်လျှံနေလေသည်။ သူသည် ဘာတစ်ခွန်းမှ မပြောတော့ပါ။ ချင်းရှောင်ဖုန်းစုကိုသာ စိုက်ကြည့်နေလေသည်။

ချိန်းချိန်းက လဲကျနေသော အစ်ကိုဖြစ်သူ လီစုကျိကို ပွေ့ထူလိုက်သည်။ သူမက အသံပြတ်ဖြင့်....

"ကျွန်မတို့သွားမယ်၊ သွားကိုသွားမယ် ဘဘ၊ ကျွန်မတို့ကို လာနားရင် မတားပါနဲ့"

သူမအသံက ကြေကွဲနေသော်လည်း ဒေါသများ၊ နာကြည်းမှုများ ရောယှက်ပါဝင်နေသည်။

ဒါအပြင် သူမအသံက ကျယ်လောင်လွန်းလှသည်။

ထိုအခါ ချင်းရှောင်ဖုန်းစုက ခေါင်းခါယမ်းလိုက်သည်။

"သွားတော့သွားရမှာပေါ့၊ ဘဘလဲလိုက်မှာပေါ့၊ ဒါပေမယ့် အခုသွားလို့ မဖြစ်သေးဘူးကွယ်၊ မင်းအဖေ သေသွားပြီးတဲ့နောက် မင်းတို့နှစ်ယောက်ကို စောင့်ရှောက်ရမယ့်တာဝန်ရှိနေပါတယ်၊ ကွားစန်ချိန်းဟာ ဘယ်လို လူစားလဲဆိုတာ မင်းတို့ သိပြီးသားပဲ၊ အခုလို အစီအစဉ်မရှိဘဲသွားရင် တို့အားလုံးဟာ သွားလမ်းသာရှိပြီး ပြန်လမ်းမရှိတော့ဘူးဆိုတာ ထည့်ပြီးစဉ်းစားဦးမှပေါ့"

သူက စကားကိုရပ်လိုက်သည်။

ထို့နောက်မှ ချင်းရှောင်ဖုန်းစုက သက်ပြင်းချလိုက်ပြီး....

"ကွမ်းစန်ချိန်းဟာ ငါတို့သုံးယောက်ထဲမှာ သိုင်းပညာအတော်ဆုံး အကောင်းဆုံးပဲ၊ ကြောက်စရာအကောင်းဆုံးဖြစ်တယ်လို့ အရင်ကတောင် ပြောခဲ့ဖူးတယ်၊ အခု ပထမဆုံးအရေးကြီးတာက လီစုကျိ ပြန်လည်ကျန်းမာပြီး အားအင်ပြည့်ဖြိုးလာဖို့လိုတယ်"

လီစုကျိ ပါးစပ်ပိတ်ထားလိုက်သည်။ ဦးခေါင်းကိုလည်း ဖြည်းလေးစွာ ညိတ်ပြလိုက်လေသည်။

သူသည် မည်သည့်အခါမှ အားဆေးမှီဝဲခြင်း ဝါသနာမပါပါ။

ယခု....

သူသည် အားဆေးကို မလွဲသာမရှောင်သာပဲ အားဆေးကို ဖိပြီး မှီဝဲနေရလေသည်။

လီစုကျိ အမြန်ဆုံးအားအင်ပြည့်ဖြိုးလာရန်လိုသည် မဟုတ်ပါလော။

အင်အားပြည့်ဖြိုးလာမှသာ မိမိဖခင်ကိုသတ်သွားသည့် သူအား ကလဲ့စားချေနိုင်မည် မဟုတ်ပါလော။

ထို့ကြောင့် လီစုကျိ အိပ်ရေးဝအောင်အိပ်ရသည်။

အစားကို မှန်မှန်စားရသည်။ အားရှိသည့် အစားအစာကို ရွေးချယ်၍ စားရသည်။

ကိုယ်လက်လှုပ်ရှားမှုများ လုပ်ပေးနေရလေသည်။

* * *



အခန်း ( ၈ )

## ကြောက်စရာအကောင်းဆုံးလူ

အိမ်တော်ရှေ့ မြေကွက်လပ်။

တိုက်ခိုက်ရေးတွင် အထူးလေ့ကျင့်ထားသူ သိုင်းသမား အကျော်အမော်တို့ အစီအရီတန်းစီရပ်နေကြလေသည်။

သိုင်းအကျော်အမော် (၁၅၀)တိတိ ရှိသည်။

သူတို့လက်ထဲ၌ လေးမြား၊ ဓားလှံလက်နက်များ စုံလင်စွာ ကိုင်ဆောင်ထားကြခြင်းဖြစ်လေသည်။

ထိုလူပေါင်း (၁၅၀) ခန့်အနက် ထက်ဝက်ကျော်ခန့်မှာ တိုက်ခိုက်ရေးကျွမ်းကျင်သော တပ်သားများ ဖြစ်ကြသည်။

သူတို့အား ဦးဆောင်သူမှာ ကျင်းလောက်ပင်ဖြစ်သည်။

ကျင်းလောက်သည် ခြေတစ်ဖက် မသန်စွမ်းသူဖြစ်၍ မြင်းလှည်းပေါ်တွင် ထိုင်နေလေသည်။

မြေပြင်တွင် စနစ်တကျ တန်းစီရပ်နေသော စစ်သည်အားလုံးမှာ စိတ်ဓာတ်တက်ကြွဟန်ဖြင့် သူတို့၏ ရင်အစုံမှာ မို့မောက်နေသည်။ မျက်လုံးအစုံမှာ တောက်ပနေလေသည်။

ကျော်ခင်စာပေ

မြင်းလှည်းပေါ် ထိုင်နေသော်လည်း အမှန်မှာသူကိုယ်တိုင်က ထိုင်ဝံ့သူ မဟုတ်ပါ။

အမတ်ကြီး ချင်းရှောင်ဖုန်းစုက အထူး အခွင့်အရေးပေး၍ ယခုကဲ့သို့ အမတ်ကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်ခွင့်ခြင်းဖြစ်ပါသည်။

သီစုကျိုနှင့် ချိုန်းချိန်းတို့ မောင်နှမက မြင်းလှည်း၏ဝဲယာတွင် နေရာယူထားလေသည်။

အားလုံးအဆင်သင့် ဖြစ်နေသည်။

ထွက်ပေါ်လာသမျှ ရန်သူကို ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေခြင်းပင်။

ယခုအခါ သူတို့အားလုံးမှာ အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ အမိန့်ကိုစောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

မှောင်စပြုလာပြီဖြစ်သည်။

အမတ်ကြီး ကွမ်းစန်ချိန်း၏ အိမ်တော်သည် ကျုံနေရာမှ မိုင်ပေါင်း ၁၀၀ ခန့် ကွာဝေးသည်။

ယခုအချိန်ထွက်မှ နောက်တစ်နေ့ နံနက်လင်းမှ အမတ်ကြီး ကွမ်းစန်ချိန်း နေအိမ်သို့ ရောက်ရှိမည် ဖြစ်သည်။

အမတ်ကြီး ချင်းရှောင်ဖုန်းစု မြင်းလှည်းပေါ် မှနေ၍မတ်တတ်ရပ်လိုက်သည်၊

သူက စနစ်တကျ တန်းစီနေသော သိုင်းအကျော်အမော်များကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။





အားလုံး သူ၏အမြင်တွင် စိတ်တိုင်းကျနေလေသည်။ သိုင်းအကျော်အမော်အားလုံးမှာ ရင်ကိုကော့၍ လက်နက်များကို တင်းကျပ်စွာ ဆုပ်ကိုင်ထားကြသည်။

ထိုအကျော်အမော် သိုင်းသမားအားလုံး၏ မျက်ဝန်းအစုံသည် မီးဝင်းဝင်းတောက်လျက် ရှိလေသည်။

သူတို့အားလုံးသည် သခင်အတွက် အသက်စွန့်ဝံ့ကြသူများ ဖြစ်ချေသည်။

* * *

ထို့နောက်....

အမတ်ကြီး ချင်းရှောင်ဖုန်းစုက လက်တစ်ဖက်ကို မြှောက်ပြီး ရှေ့သို့ညွှန်ပြလိုက်သည်။ ပါးစပ်ကလည်း အော်ဟစ်အမိန့်ပေးသည်။

"ချီတက်"

အမိန့်သံသည် ကျယ်လောင်စွာ ပေါက်ကွဲထွက်ပေါ်လာလေတော့သည်။

အချက်ပေး အမိန့်သံအဆုံးတွင် မြင်းခွာသံများ ဆူညံစွာ ပေါ်ထွက်လာလေသည်။ မြေပြင်ပေါ်မှ ဖုန်များသည်လည်း တထောင်းထောင်းထနေသည်။

နောက်မှ လေထဲတွင် လွင့်ပျံကျန်နေသော ဖုန်များသည် မဆုံးနိုင်အောင် မြင်နေရလေသည်။

မြင်းလှည်းထဲတွင် အမတ်ကြီးချင်းရှောင်ဖုန်းစုနှင့် ကျင်းလောက်တို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

မညီညွတ်သော၊ မြေပြင်ချောမွေ့ခြင်းမရှိသော လမ်းမ…ပေါ်တွင် ပြေးလွှားနေသည့် မြင်းလှည်းများ၊ မြင်းလှည်းအိမ်ထဲတွင်ထိုင်နေသူအဖို့ ငြိမ်ငြိမ်ထိုင်မရအောင် ဖြစ်နေလေသည်။

အတန်ကြာအောင် မြင်းလှည်းမောင်းနှင်ပြီးမှ အမတ်ကြီး ချင်းရှောင်ဖုန်းစုက မျက်နှာဆိုင်ထိုင်နေသော ကျင်းလောက်အား မေးလိုက်လေသည်။

"ကျုပ်တို့ ကွမ်းစန်ချိန်းရဲ့အိမ်တော်ကို ဘယ်လိုဝင်မလဲ၊ သူနဲ့တွေ့ရင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ မင်းမှာအကြံဉာဏ်များ ရှိနေပါသလား"

ကျင်းလောက်က ဦးခေါင်းညိတ်ပြပြီး...

"ဟုတ်ကဲ့....ကျွန်တော်စီမံထားတာ တစ်ခုတော့ ရှိနေပါတယ်"

အမတ်ကြီး ချင်းရှောင်ဖုန်းစုက....

"မင်း ဘာပြုလို့ ဒီစီမံချက်ကို စောစောက ပြောမပြထားရတာလဲ"

အိမ်တော်မှူး ကျင်းလောက်က တည်ငြိမ်စွာဖြင့်....

"အမတ်ကြီး အမေးတော်မရှိသေးလို့ပါ"

ထိုအခါ အမတ်ကြီး ချင်းရှောင်ဖုန်းစုက ဦးခေါင်း တစ်ချက်ညိတ်လျက်....

"ကောင်းပြီ၊ ငါအခု မင်းကိုမေးနေပြီ၊ မင်းရဲ့ အကြံအစည်ကို ပြောစမ်းပါဦး"





တကယ်တော့ ကျင်းလောက်မှာ ကြိုတင်စီစဉ်ထားသော အကြံအစည်တစ်ခုရှိပြီးဖြစ်သည်။ သို့သော် သူက ယခုအခါ သူ၏အကြံအစည်ကို တစ်ကြိမ်ပြန်စဉ်းစားပြီး ပြောသည်။

"အမတ်ကြီး ကွမ်းစန်ချိန်းကလူတစ်မျိုးဖြစ်တယ်၊ တခြားလူတွေနဲ့ သိပ်ပြီးအသွားအလာမရှိဘူး၊ ဒါကြောင့် သူတို့အိမ်မှာ အစောင့်အကြပ်များနေမယ်၊ တော်ရုံတန်ရုံလူ ဝင်ဖို့ လွယ်မှာမဟုတ်ပါဘူးခင်ဗျား"

ဤသို့ဖြင့် ကျင်းလောက်က စကားကို အစပျိုးလိုက်သည်။

ကျင်းလောက်၏စကားကို ကျေနပ်စွာ ခေါင်းညိတ်လိုက်သူမှာ အမတ်ကြီး ချင်းရှောင်ဖုန်းစုပင် ဖြစ်သည်။

"အဲဒီစကားတွေက မှန်တာပေါ့"

အမတ်ကြီး ချင်းရှောင်ဖုန်းစုက အစီအစဉ် ကောင်းမွန်ကြောင်း ထောက်ခံလိုက်ခြင်းပင် ဖြစ်သည်။

ထိုအခါ ကျင်းလောက်ကဆက်၍....

"ဒါကြောင့် ကွမ်းစန်ချိန်းရဲ့ အိမ်တော်ဝင်းထဲဝင်ဖို့ရာ အဓိကဖြစ်နေတယ်၊ အဲဒီအဓိကနေရာမှာရပ်နေတဲ့လူကတော့ ကွမ်းစန်ချိန်းပဲ၊ သူ့အပေါ်မှာ မူတည်နေတယ်"

သူက စကားကိုခဏရပ်လိုက်ပြီးမှ ဆက်၍ရှင်းပြပြန်သည်။

"အဲဒီတော့ ကျွန်တော်တို့ ဟိုရောက်တာနဲ့ အမတ်ကြီးက သူ့ဆီမှာ တစ်စုံတစ်ခု တိုင်ပင်စရာရှိလို့ လာတဲ့အကြောင်းကို အကြောင်းပြပြီးဝင်ရင် အမတ်ကြီး ကွမ်းစန်ချိန်းက ဘယ်နည်းနဲ့မဆို ကြိုဆိုမှာပဲ"

ကျင်းလောက်က စကားကိုရပ်ပစ်လိုက်ပြီး အမတ်ကြီး ချင်းရှောင်ဖုန်းစုကိုကြည့်လိုက်ပြန်သည်။ သူက အကဲခတ်လိုက်ခြင်း ဖြစ်သည်။

အမတ်ကြီး ချင်းရှောင်ဖုန်းစုက ငြိမ်သက်စွာ နားထောင်နေသလို သူ၏မျက်ဝန်းအိမ်မှာလည်း တောက်ပနေသည်။

ထိုအခါမှ ကျင်းလောက်က သူ့စကားကိုဆက်ပြီး....

"ဘာပြုလို့လဲဆိုတော့ သူက သူ့ကိစ္စ ဒီလောက်အထိ မြန်မြန်ပေါ်လိမ့်မယ်လို့ မထင်လို့ပါပဲ"

အမတ်ကြီး ချင်းရှောင်ဖုန်းစုက ခေါင်းညိတ်လျက်....

"ဆက်ပြောစမ်းပါကွာ"

ကျင်းလောက်က သူ၏စကားကိုဆက်ပြန်သည်။

"ကျွန်တော်ရထားတဲ့သတင်းအရအမတ်ကြီးကွမ်းစန်ချိန်းဆီမှာ သိုင်းအကျော်အမော် သုံးရာကျော်လောက်ရှိတယ်၊ အဲဒီလူအားလုံးဟာ တိုက်ခိုက်ရေးကျွမ်းကျင်တဲ့ လူတွေချည်းပဲ၊ ကျွန်တော်တို့အင်အားနဲ့နှိုင်းယှဉ်ရင် ကျွန်တော်တို့က အခု အခြေအနေအရ အင်အားနည်းနေပါတယ်"

ဤတွင်....

အမတ်ကြီး ချင်းရှောင်ဖုန်းစုက ကျင်းလောက်အား စိတ်ဝင်စားစွာ တစ်ချက်ကြည့်လိုက်ပြီးနောက်....

"အင်း....အခြေအနေကတော့ ကျုပ်တို့ဘက်ကအရေးနိမ့်နေပြီပဲ၊ ဒါဆို ကျင်းလောက် မင်းမှာ ဘယ်လိုအကြံကောင်းရှိနေလို့လဲ"

ကျင်းလောက်က အံတင်းတင်းကြိတ်လိုက်ပြီး....





"အင်အားချင်းတော့မမျှပါဘူး၊ ဒါပေမယ့် ကွမ်းစန်ချိန်းက အမတ်မင်းကို ကိုယ်တိုင်ထွက်ပြီးကြိုခဲ့ရင် သူ့နောက်မှာ လူတွေသိပ်များများ ပါလာမှာမဟုတ်ဘူး"

ချင်းရှောင်ဖုန်းစုက မျက်မှောင်ကုတ်လိုက်ပြီးလျှင်....

"မင်းက သူတို့ကို အဲဒီအချိန်မှာ ရုတ်တရက်တိုက်ခိုက်ဖို့ ကြံရွယ်ထားတယ်ပေါ့ဟုတ်လား"

အိမ်တော်မှူး ကျင်းလောက်က ဦးခေါင်းညိတ်ပြလိုက်ပြီး ဖြေသည်

"အဲဒီအချိန်မှာ သူတို့အားလုံးကို အငိုက်ဖမ်း ချုပ်ကိုင်လိုက်ရင် ကွမ်းစန်ချိန်းရဲ့တပည့်လက်သားတွေ လက်မြှောက်အရှုံးပေးမယ်လို့ ကျွန်တော်ထင်ပါတယ်"

ချင်းရှောင်ဖုန်းစု သက်ပြင်းရှည်ချလိုက်ပြီးနောက်....

"ကွမ်းစန်ချိန်းဟာ ခေတဲ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းလဲသိပါတယ်၊ သူ့ကို ဘယ်သူက အနိုင်ဖမ်းချုပ်နိုင်မှာလဲ"

ထိုအခါ အိမ်တော်မှူးကျင်းလောက်က သူ၏နည်းဗျူဟာကို ရှင်းပြလေတော့သည်။

"အမတ်ကြီးကွမ်းစန်ချိန်းကို သခင်လေးလီစုကျဲက ရှေ့က နေပြီး တိုက်မယ်၊ အမတ်မင်းနဲ့ သခင်မလေး ချိန်းချိန်းက ဝဲယာကနေ ညှပ်ပူးညှပ်ပိတ် နေရာယူပြီးတိုက်ခိုက်မယ်၊ ကျွန်တော်မျိုးနဲ့ ကျွန်လူတွေက ကွမ်းစန်ချိန်းရဲ့ နောက်တော်ပါးတွေကို ဖြတ်တိုက်ရင် အောင်မြင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

ကျင်းလောက်၏နည်းဗျူဟာသည် အတော်ပင်အကွက်စေ့ပါသည်။ စီစဉ်ထားပုံမှာ ပညာပါလှသည်။

သို့သော်....

သူစီစဉ်ထားသည့်အတိုင်း ဖြစ်လာပါမည်လော။

ထိုအကြံကို ချင်းရှောင်ဖုန်းစုကသဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"မင်းအကြံကတော့မဆိုးပါဘူး၊ တကယ်လို့ သူက ထွက်မလာဘူးဆိုရင်ကော"

ဤတွင်....

ကျင်းလောက်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

"သူထွက်မလာရင်တော့ ကျွန်တော်တို့က အဓမ္မဝင်တိုက်ရုံရှိတော့တာပေါ့"

သူ၏အဖြေကို ချင်းရှောင်ဖုန်းစု မျက်မှောင် ကုတ်သွားသည်။ သူအတန်ကြာအောင် စဉ်းစားပြီးမှ....

"မင်း ဘယ်လိုတိုက်မလဲ"

ဟု မေးလိုက်လေသည်။

ကျင်းလောက်က အံကြိတ်လိုက်ပြီး....

"ကျွန်တော်တို့အမတ်ကြီးလီစုရင်အတွက် အသက်နဲ့လဲပြီးတိုက်မယ်၊ သူတို့က လူအင်အား များပေမယ့် ကျွန်တော်တို့လောက် စိတ်ဓာတ်ပြင်းပြမှာ မဟုတ်ဘူး၊ စိတ်ဓာတ်အောင်နိုင်မှုကို တစ်ခါက်ပေးပါလိမ့်မယ်"





အတွေးအခေါ် မြင့်မားသော ကျင်းလောက်၏ စကားကြောင့် ချင်းရှောင်ဖုန်းစု၏ မျက်လုံးအစုံ လင်းလက်သွားသည်။

စိတ်ဓာတ်တို့သည်လည်း ဝေဟင်အထိ မြင့်တက်သွားရပြန်သည်။

ချင်းရှောင်ဖုန်းစုက....

"အင်း....လူတစ်ယောက်ဟာကိုယ့်အသက်ကိုပဓာနမထားဘဲ တိုက်ခိုက်မယ်ဆိုရင် ရှုံးစရာအကြောင်းမရှိပါဘူး"

ဟု ပြောဆိုလိုက်လေတော့သည်။

* * *

သို့သော်....

အိမ်တော်မှူးကျင်းလောက်၏ တိုက်ခိုက်ရေး နည်းဗျူဟာကို မသုံးလိုက်ရပါချေ။

သူတို့လူစု ကွမ်းစန်ချိန်းအိပ်တော်အနီးသို့ ရောက်ရှိလာကြသောအခါ မထင်မှတ်သော မြင်ကွင်းတစ်ရပ်ကို တွေ့လိုက်ရလေသည်။

မြင်ကွင်းမှာ အမတ်ကြီးကွမ်းစန်ချိန်း၏အိမ်တော်ကို မီးစွဲလောင်နေခြင်းပင်ဖြစ်သည်။

အဆိုပါမြင်ကွင်းကို အမတ်ကြီး ချင်းရှောင်ဖုန်းစုတို့ လူစုကွမ်းစန်ချိန်း အိမ်တော်အနီး တောင်ကုန်းတစ်ခုမှ မြင်တွေ့လိုက်ရခြင်းဖြစ်လေသည်။

အိမ်တော်၏ မီးရှိန်မှာ ကောင်းကင်ပြင်သို့ ထိုးတက်နေသည်။ မီးအရှိန်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပို၍လင်းထိန်နေလေသည်။

မီးခိုးတို့မှာ လေနှင့်အတူ မဆုံးနိုင်အောင် လွင့်မျောပြေးလွားနေပြန်လေသည်။

သူတို့လူစု အမတ်ကြီးကွမ်းစန့်ချိန်း၏ အိမ်တော်အနီးသို့ ရောက်သောအခါ အိမ်တော်တစ်ခုလုံးမှာ ပြာအတိကျသွားလေသည်။

ထို့အပြင်....

ကွမ်းစန့်ချိန်း၏အိမ်တော်၌ လူပေါင်းသုံးရာကျော်ရှိသည်၊ သူတို့၏အရိပ်အယောင်ကိုမှ မတွေ့ရတော့ပါချေ။

အိမ်တော်မှူး ကျင်းလောက်နှင့်တကွ အားလုံးသော လူအပေါင်းတို့မှာ မီးလောင်ကျွမ်းနေသည်ကို တအံ့တသြ ငေးကြည့်နေရလေတော့သည်။

ယခု....

သူတို့ မည်သို့ဆက်လုပ်ရမည်နည်း။

လီစုကျိမှာ တောက်တခေါက်ခေါက် ဖြစ်နေလေသည်။

ချိန်းချိန်းမှာလည်း ဒေါသထွက်လွန်း၍ ဓားကို ဓားအိမ်ထဲမှ ထုတ်ချည်သွင်းချည်လုပ်နေသည်။

နောက်ဆုံးတွင် ချင်းရှောင်ဖုန်းစု၏အသံ ပေါ်လာသည်၊

"ကဲ....အားလုံး တပ်ခေါက်ပြန်မယ်"

သူတို့လူစုသည် ခံပြင်းသောစိတ်ကို ရင်ဝယ်ပိုက်လျက် ချီတက်လာခဲ့ကြသည်။





ယခုမူ သူတို့အားလုံး ခေါင်းငိုက်စိုက်ချကာ လာလမ်းအတိုင်း ထွက်ခွာခဲ့ရလေတော့သည်။

အမတ်ကြီးချင်းရှောင်ဖုန်းစုက လေးလေးပင်ပင် သက်ပြင်းချလိုက်သည်။

"ကွမ်းစန့်ချိန်းစုရဲ့ အကြောင်းကို ဘဘ အသိဆုံးပါ၊ သူဟာပဲလုပ်လုပ် ပြတ်ပြတ်သားသားလုပ်တတ်တယ်၊ ငါတို့ ရှန်နိုင်ငံမှာ ဒီလိုလူမျိုး ဒုတိယလူအဖြစ် ရှာမတွေ့နိုင်ဘူး၊ ဒါကြောင့် ဒီလူဟာလဲ ကမ္ဘာမှာ ကြောက်စရာအကောင်းဆုံးလို့ ကျုပ် ပြောချင်တယ်"

ထိုစကားသည် ချင်းရှောင်ဖုန်းစုပြန်ခါနီးမှ လီစုကျိအား ပြောလိုက်သော စကားဖြစ်သည်။

အဆိုပါစကားကို လီစုကျိ ဘယ်တော့မှ မေ့ပျောက်နိုင်မည် မဟုတ်ပါ။

★

## အခန်း ( ၉ )

## ကြေကွဲကလဲ့စား

ဝိချင်ဖုံးသည် ဧနီးကောင်းတစ်ယောက် ဖြစ်သည်။

သူမ၌ အလွန်ကောင်းသော အလေ့အကျင့် တစ်ခုရှိနေပါသည်။

ထိုအလေ့အကျင့်မှာ ဝိချင်ဖုံး ညအိပ်ရာဝင်ချိန်၌ တစ်နေ့တာ ဖြစ်သမျှ ကိစ္စရပ်များကို မှတ်တမ်း ရေးထားခြင်းဖြစ်သည်။

အဆိုပါ မှတ်တမ်းရေးခြင်းဖြင့် နောင်တစ်ချိန်၌ မိမိလုပ်သမျှ ကြုံသမျှကို ပြန်လည်အမှတ်ရနေမည် ဖြစ်ပါသည်။

ရက်စွဲ၊ (၄) လပိုင်း (၄)ရက်နေ့။

နေမင်းက ကောင်းကင်ပြင်၌ ကျွတ်ကျွတ်လွတ်လွတ်ပူနေပါသည်။

ဒါကြောင့် ရာသီဥတုက သာသာယာယာရှိသည်။





"လူသတ်တရားခံဟာ ဘာဘာကွမ်းစန်ချိန်း ဖြစ်လိမ့်မယ်လို့ ဘယ်သူကမှ ယုံကြည်လိမ့်မယ် မဟုတ်ဘူး"

"ကျွန်မကတော့ ကျွန်မ့ဖေဖေ(ယောက္ခမ)နဲ့ အရင်းနှီးဆုံး မိတ်ဆွေကောင်း တစ်ယောက်လို့ ထင်မိပါတယ်၊ အဲဒီနေ့ ညနေမှာ ဘာဘာကွမ်းခန်ချိန်းနဲ့ ဖေဖေ လီစုရင်တို့ နှစ်ယောက်ဟာ ပန်းဥယျာဉ်ထဲမှာ အရက် သောက်နေကြပါတယ်၊ ဒါပေမယ့် ထူးဆန်းတာ တစ်ခုရှိနေပါတယ်....

"ထူးဆန်းတာက ဘာလဲဆိုတော့ အမတ်ကြီး ကွမ်းစန်ချိန်းဟာ ကျွန်မ ဖေဖေ အမတ်ကြီး လီစုရင်ရှေ့မှာ ဒူးထောက်နေပြီး ဖေဖေ အမတ်မင်းက ဆွဲထူနေတာကို တွေ့ရပါတယ်၊ အဲဒါတွေဟာ မမျှော်လင့်တဲ့ မြင်ကွင်းပေါ့"

"သူတို့နှစ်ဦး ဘာတွေပြောနေကြသလဲ ဆိုတာကိုတော့ ကျွန်မက အဝေးက ဆိုတော့ မကြားဘူးပေါ့၊ အဲဒါတွေကို ဖေဖေအမတ်မင်း အသတ်ခံရပြီးနောက်မှာ ပြန်သတိရလာပါတယ်"

ကျွန်မ တွေးထင်လိုက်တာက ဘာဘာအမတ်မင်း ကွမ်းစန်ချိန်း အပြစ် တစ်စုံတစ်ရာ ကျူးလွန်မိလို့ ဖေဖေ အမတ်မင်းကို တောင်းပန်နေတာပဲဖြစ်ရမယ်လို့ တွေးမိတယ်၊ ဒါကြောင့်သာ အမတ်ကြီး ကွမ်းစန်ချိန်းဟာ သူ ကျူးလွန်ခဲ့တဲ့ အပြစ်တွေ မပေါ်အောင် ဖေဖေ အမတ်မင်းကို သတ်လိုက်တာ ဖြစ်ချင်ဖြစ်နိုင်တယ် တွေးမိတယ်....

အစ်ကို လီစုကျိနဲ့ ညီမလေး ချိန်းချိန်းတို့က ဘာဘာ ချင်းရှောင်ဖုန်းစုတို့နဲ့အတူ ဘာဘာ ကွမ်းစန်ချိန်းရဲ့ အိမ်တော်ကို

သူစုပြီး သွားကြပါတယ်၊ သူတို့ တွေးခေါ်ရရှိတဲ့ အဖြေအရ စစ်ဆေးဖမ်းဆီးနိုင်ရန်အတွက် ဖြစ်ပါတယ်....

"ဘဘကွမ်းစန်ချိန်းရဲ့ အိမ်တော်ကို သွားကြတဲ့သူတွေ အခုအထိ မလာကြသေးဘူး....

"အဲဒီအထဲမှာ စကားတစ်လုံးမှ မပြောတာက အစ်ကို လီစုကျိပါပဲ၊ သူက ဘဘကွမ်းစန်ချိန်း အိမ်တော်ကို သွားတဲ့ အခါ ကျွန်မကို တစ်ချက်ပဲ ကြည့်သွားပါတယ်....

"သူ့ရဲ့အကြည့်ကခွင့်ပြုဖို့ တောင်းတဲ့အကြည့်ပါပဲ၊ ကျွန်မ ကလဲ ခွင့်ပြုပါတယ်၊ သူတွေ့ကြုံနေရတဲ့ ဒုက္ခဝေဒနာကိုမျှဝေ ခံယူချင်ပါတယ်"

*　　*　　*

(၄)လပိုင်း၊ (၆)ရက်နေ့။

နေသာပေမယ့် မိုးဖွဲကလေးတွေ တဖွဲဖွဲကျနေပါတယ်။ မိုးဖွဲကလေးတွေကို နေခြည် ပက်ဖျန်းလိုက်တော့ ကမ္ဘာမြေ ပြင်ကို စိန်မြားတန်းကလေးတွေ ပစ်ချနေသလို ဖြစ်နေပါ တယ်။

"အခုအချိန်အထိ ကွမ်းစန်ချိန်းရဲ့ သတင်းကို အစအန တောင် ရှာလို့မတွေ့သေးပါဘူး"

သည်နေ့အဖို့ ထူးခြားတာက လီစုကျိ စိတ်တည်ငြိမ် လာတယ်၊ အိပ်ရေးလဲ ဝအောင်အိပ်တယ်၊ ထမင်းလဲဝအောင် စားပါတယ်၊ လီစုကျိကို ကျွန်မ အခုမှတွေ့တာ မဟုတ်ပါ





ဘူး။ ငယ်ငယ်ကတည်းက သိကျွမ်းခဲ့တာပါ။ သူအခုလို ပြောင်းလဲလာတာဟာ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ပြီလို့ ကျွန်မ ယူဆမိပါတယ်။

လီစုကျိ ကျွန်မကို မပြောဘဲ သူကိုယ်တိုင် ကွမ်းစန်ချိန်းကို လိုက်ရှာလိမ့်မယ်လို့ ကျွန်မသိထားပါတယ်၊ သူတစ်ယောက် တည်းနဲ့ ကွမ်းစန်ချိန်းကိုသွားရှာတာဟာ အင်မတန်အန္တရာယ် များတယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

ဒါပေမယ့်လီစုကျိဟာ တစ်ခုခု ဆုံးဖြတ်ချက် ချပြီးပြီဆို ရင် ဘယ်တော့မှ တားလို့မရဘူးဆိုတာ ကျွန်မ သိထားပါ တယ်။

ကျွန်မကတော့ ကနေ့ သူ့ကို စကားနည်းနည်းပြောချင် ပါတယ်။

*　　*　　*

(၄)လပိုင်း၊ (၇)ရက်နေ့။

ကောင်းကင်ပြင်မှာ နေလုံး ပျောက်ကွယ်နေ ပါတယ်။ ဒါကြောင့် ကမ္ဘာလောကကြီးဟာ ညအမှောင်ကဲ့သို့ ဖြစ်နေ ပါတယ်၊ ဒါပေမယ့် ပတ်ဝန်းကျင်ကို လင်းသင်း ချင်းချင်း တွေ့နေရတယ်။

ကွမ်းစန်ချိန်းနောက် လိုက်တဲ့လူအားလုံး စိတ်ပျက် လက် ပျက်နဲ့ပြန်လာကြပါပြီ။ ကျွန်မ ထင်တဲ့အတိုင်းပါပဲ၊ သူတို့ဟာ ကွမ်းစန်ချိန်းရဲ့ အရိပ်အယောင်တောင်မှ မတွေ့ရပါဘူးလို့ ပြောပါတယ်။

အခု ကွမ်းစန်ချိန်း ဘယ်ရောက်သွားပါသလဲ၊ သူတခြားနိုင်ငံ တစ်ခုခုကို ထွက်ပြေးသွားပြီလား၊ အဲဒါကို စဉ်းစားရခက်နေပါတယ်။

ဒါပေမယ့် ကျွန်မ မပြောဝံ့ပါဘူး။ ကျွန်မစိတ်ထဲ ထင်သလို အဲဒီနိုင်ငံ ထူးနိုင်ငံကိုသာ ထွက်ပြေးသွားမယ်ဆိုရင်တော့ တိုင်းပြည်အတွက် အတော်နစ်နာမယ်လို့ ကျွန်မတွေးပြီး အတော်ကလေးကို ကြောက်ရွံ့မိလိုက်ပါတယ်။

လီစုကျိကတော့ ကွမ်းစန်ချိန်းကို လိုက်ရှာဖို့ ပြင်ဆင်နေပါပြီ၊ သူမသွားခင် ကျွန်မနဲ့ အေးအေးဆေးဆေး စကားလာပြောစေချင်ပါတယ်။

*　*

(၄) လပိုင်း၊ (၈) ရက်နေ့။

ယနေ့ မိုးတော်တော်ကြီး သဲကြီးမဲကြီး ရွာနေပါတယ်၊ အဖြိုးတကြီး ဒေါသတကြီးရွာတဲ့နေ့လို့ ပြောရမှာပါပဲ။

ညက ကျွန်မ မှတ်တမ်းရေးနေတဲ့အချိန်မှာ လီစုကျိရောက်လာပါတယ်။ သူက ကွမ်းစန်ချိန်းနောက်ကို မရရအောင်လိုက်မယ်လို့ ပြောပါတယ်။

နောက်ပြီး သူ ထွက်သွားတဲ့ အကြောင်းကို ဘယ်သူ ဘယ်ဝါမှ အသိမပေးခဲ့တဲ့အကြောင်း ပြောပါတယ်။ နောက်ဆုံး သူ့ညီမ ချိန်းချိန်းကိုတောင် အသိ မပေးခဲ့ကြောင်း ပြောပါတယ်။





သူ မရှိစဉ်ကာလမှာ အိမ်တော်ကို အစစအရာရာ ကြည့်ရှုထိန်းသိမ်း စောင့်ရှောက်ဖို့နဲ့ သူ့အတွက် စိတ်မပူဖို့ရယ်၊ အို...မှာလိုက်တာမှ စုံလို့ပါပဲ။

သူပြောနေတဲ့အချိန်မှာ ကျွန်မ အင်မတန်မှ ဝမ်းနည်းလာပါတယ်။ မျက်ရည်ကျမလာအောင် ကျွန်မထိန်းထားပါသေးတယ်။ ဒါပေမယ့် ကျွန်မ ဘယ်လိုမှ ထိန်းလို့သိမ်းလို့ မရဘူး။

ကျွန်မ ဝမ်းနည်းလွန်းလို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပါတယ်။

ဩော်....ခွဲခွာရတော့မှာပါလား အသိ၊ သူ့အတွက် စိုးရိမ်ပူပန်တဲ့အသိက ကျွန်မ အသည်းနှလုံးကို ရိုက်ခတ်တော့ ငိုကြွေးမိတာပါပဲ။

*　*　*

(၄) လပိုင်း၊ (၉) ရက်နေ့။

မနေ့ကတည်းက ရွာတဲ့မိုးဟာ သည်နေ့မဲ တိတ်သွားပါတော့တယ်။ ရုတ်တရက်ဆိုသလို ရာသီဥတုကလည်း ပြောင်းလဲသွားပါပြီ။

ယနေ့နံနက် စောစောမှာပဲ လီစုကျိ အိမ်တော်ကနေ တိတ်တဆိတ် ထွက်ခွာသွားပါပြီ။အိမ်တော်မှူး ကျင်းလောက လီစုကျိကို ပြန်ခေါ်ဖို့ လူစုခဲ့ပြီး လိုက်ရှာနေပါတယ်။

ကျွန်မကတော့ ရှာလို့မတွေ့ပါစေနဲ့လို့ ကျိတ်ပြီး ဆုတောင်းနေရပါတယ်။တကယ်တော့ လီစုကျိဟာ ယောကျ်ား

ကောင်း ယောကျ်ားမြတ် တစ်ယောက်ပါ။ သူ လုပ်သင့် လုပ်ထိုက်တဲ့အလုပ်ကို လွတ်လွတ်လပ်လပ် သွားလုပ်ပါစေ။

ကနေ့ကစပြီး ကျွန်မ အခန်းထဲမှာ အောင်းမနေတော့ပါဘူး။ ကျွန်မခင်ပွန်းရဲ့ အိမ်ထောင်တစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်က ရှိနေပြီမဟုတ်လား။ သူမြန်မြန်ပြန်လာပါစေလို့ ကျွန်မ ဆုတောင်းနေပါ့မယ်။

ကျွန်မစိတ်ထင်တော့ လစိုကျို ဟာ သူ လုပ်ချင်တဲ့အရာကို လုပ်ပြီးမှ ပြန်လာလိမ့်မယ်လို့ ထင်ပါတယ်။

* * *

ည....

မိုးက တဖြောက်ဖြောက် ရွာချနေလေသည်။

မိုးဖွဲကလေးများကို လေက တိုက်ခတ်လိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပို၍ အေးစိမ့်သွားသည်ဟု ထင်ရသည်။

အဆိုပါ မိုးဖွဲကလေးများကြား၌ လစိုကျို မြင်းကို တရကြမ်း စိုင်းနှင်နေလေသည်။ သူ နံနက်စောစော အိမ်တော်မှ ထွက်လာခဲ့သည်။ ယခု မိုးစုန်းစုန်းချုပ်သွားပြီဖြစ်သည်။

နေမင်း ကောင်းကင်ပြင်တွင် မရှိတော့ပြီဖြစ်၍ အမှောင်ထုက ကမ္ဘာမြေလောကကို ဝါးမျိုသွားပြီ ဖြစ်သည်။





ထို့ကြောင့် သူ၏ စီးတော်မြင်းမှာ တစ်နေကုန် ခရီးပြင်းနှင်နေရသဖြင့် မြင်းတစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေပြီဖြစ်သည်။

သို့သော်....

သူ မြင်းကို ရပ်တန့်ခြင်းမပြုပါ။ ခရီးပြင်းကို ဆက်နှင်နေဆဲဖြစ်သည်။

လစိုကျို မြင်းကို တရကြမ်း စိုင်းနှင်နေသော်လည်း စိတ်အတွေးက ပျံ့လွင့်နေသည်။ သူ၏ စိတ်အတွေးက များပြားလှန်းသည်။

သူ၏ စိတ်အတွေးက ဇနီးဖြစ်သူ ဝိချင်ဖုံးထံ ရောက်လိုက်' ဖခင်ကို သတ်သွားသည့် ကွမ်းစန်ချိန်းထံရောက်လိုက် ဖြစ်နေလေသည်။

နောက်တစ်ချက် တွေးမိသည်မှာ အိမ်တော်မှူး ကျင်းလောက်ပင် ဖြစ်လေသည်။

ကျင်းလောက်သည် သူ့အား အလွန်ခင်မင်တွယ်တာသူဖြစ်သည်။ ငယ်စဉ်က သူ့အား ပြုစုစောင့်ရှောက်လာသူဖြစ်၏။

ထို့ကြောင့် ယခုအချိန်ဆိုလျှင် ကျင်းလောက်သည် သူ့အား အပူတပြင်း ရှာနေပေလိမ့်မည်။

သို့အတွက်....

အိမ်တော်မှူး ကျင်းလောက်နှင့် သူ မတွေ့လို မမြင်လိုပါ။ ဒါကြောင့် လစိုကျို မြင်းကို တရကြမ်း မရပ်မနား စိုင်းနှင်နေခြင်းပင် ဖြစ်ပါသည်။

မြင်းကို လီစုကျိုင်းနှင်နေသော်လည်း တစ်ချက်တစ်ချက် အသစ်စက်စက် ဇနီးကလေးကို မြင်ယောင်နေမိသည်၊

ထိုအခါ အံကိုတင်းတင်းကြိတ်ထားရသည်။ စိတ်ကိုတတ်နိုင်သမျှ ထိန်းချုပ်ထားရသည်။

* * *

ခုနစ်စင်ကြယ် အမြီးထောင်သည့်အချိန်ဖြစ်သည်။

ညသန်းခေါင်ယံအချိန်ပင်။

လီစုကျို မြင်းကျောပြင်ပေါ်တွင် ရှိနေသေးသည်၊ ယခုသူ လမ်းမကြီးတစ်ခုပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်၊

လမ်းမကြီးသည် မှေးမှိန်သော ကြယ်ရောင်ကြောင့်လင်းလင်း ချင်းချင်း မရှိပါ၊ မှုန်မှုန်ဝါးဝါး ဖြစ်နေသည်။

ထိုအချိန်တွင်....

မှောင်အတိကျနေသော လမ်းမပေါ်သို့ မီးပုံးအိမ် တစ်လုံး ရုတ်တရက် ထွက်ပေါ်လာလေသည်။

ဤမျှ မိုးအေးသောည။ ညဥ့်နက်သန်းခေါင်ယံအချိန်တွင် လမ်းသွားသူများ ရှိနေသေးပါသလား။

လီစုကျို မတွေးမိပါ။

သတိလည်း မပြုမိပါချေ။

သို့သော်....

မီးပုံးအိမ်တစ်လုံးကို ကိုင်ထားသူသည် လီစုကျိုမြင်း ပြေးရာ လမ်းပေါ်၌ ရပ်နေလေသည်။





သူ၏မြင်းက လူတစ်ယောက် လမ်းမအလယ်တွင် ရပ်နေမှုကြောင့် ရုတ်တရက်ထိတ်လန့်ပြီး ပတတ်ရပ်ကာ တစ်ချက်ဟီလိုက်သည်။

လီစုကျို မြင်းပေါ်မှ ကျမသွားစေရန် မနည်း ထိန်းထားလိုက်ရလေသည်၊

သူက လှမ်းတားသောလူကို ဒေါသတကြီး ကြည့်လိုက်သည်။

အပြစ်တင်ရန် ကြည့်လိုက်သောအခါ လီစုကျို၏ ဒေါသသည် ရုတ်တရက် ပျောက်ကွယ်သွားရလေသည်။

အကြောင်းကား....

သူ၏မြင်းကို ရပ်စေအောင် လှမ်းတားလိုက်သူမှာ အရွယ်ရောက်သေးသော လူငယ်လေးတစ်ဦး ဖြစ်နေသောကြောင့်တည်း။

ထိုလူငယ်မှာ အသက်(၁၀ နှစ် (၁၁ နှစ်ခန့်သာ ရှိပေမည်။

အဆိုပါကလေးသည် မိုးတဖွဲဖွဲ ရွာကျနေသည့် ကြားမှ မီးအိမ်ကို လှုပ်ယမ်းကာ တားနေသည်။ ကျန်လက်တစ်ဖက်ကရောင်စုံစက္ကူထီး တစ်လက်ကို ဆောင်းထားပြန်သေးသည်။

ဒါပေမယ့် ထိုကလေး ကိုင်ထားသည့်ထီးမှာ စုတ်ပြဲပေါက်ကွဲနေလေသည်။ သို့အတွက် သူ၏ ကိုယ်လုံးသေးသေးလေး၏ ခန္ဓာကိုယ်၏ အချို့နေရာ၌ ရေများဖြင့် ရွှဲရွှဲစိုနေလေသည်။

ယခုအချိန်တွင် လီစုကျိုက သူ၏မြင်းကို ငြိမ်အောင်ထိန်းလိုက်နိုင်ပြီ ဖြစ်လေသည်။ သူက အော်ဟစ်၍....

"ဟေ့....ကလေး၊ မင်း ဘာဖြစ်လို့ လမ်းလယ်ကောင်မှာ ရပ်နေရတာလဲ၊ တော်ကြာ မြင်းက မင်းရဲ့ ကိုယ်ပေါ်ကို တက်ကြိတ်သွားမှာ မကြောက်ဘူးလား"

ထိုအခါ ကလေးငယ်က ခေါင်းကို တွင်တွင် ခါပြလိုက်သည်။

သူသေရမှာ မကြောက်ကြောင်း ပြဆိုလိုက်ခြင်းပင် ဖြစ်လေသည်။

လီစုကျိုက....

"မင်း တကယ် မြင်းတက်နင်းမှာကိုမကြောက်ဘူးလား"

ဟုမေးလိုက်ပြန်သည်။

သူ၏အမေးကို ကလေးငယ်က ရယ်မောလိုက်ပြီး....

"ကျွန်တော်ကတောင် ဦးလေးစီးသွားတဲ့မြင်းကို တက်နင်းမိမှာတောင် စိုးရိမ်ရသေးတယ်"

ကလေးငယ်၏ စကားကြောင့် လီစုကျိုံ မနေနိုင်တော့ဘဲ ပြုံးရယ်လိုက်လေသည်။

သို့သော် သူက မျက်နှာကို တင်းတင်းထားပြီးနောက်....

"မင်းက အချိန်မတော် ဘယ်တွေလျှောက်သွားဦးမှာလဲ၊ တော်ကြာ မင်းမိဘတွေက စိုးရိမ်နေမှာပေါ့"

ကလေးငယ်က ခေါင်းကို ချာလည်လည်အောင် ခါယမ်းလိုက်ပြန်လေသည်။

"ကျွန်တော့်မှာ မိဘမရှိပါဘူး"





လီစုကျိုက မျက်မှောင်ကုတ်လျက်....

"ဘာပဲဖြစ်ဖြစ် ဒီလို အချိန်မတော် ညကြီးသန်းခေါင်မှာ မင်း အိမ်မှာနေသင့်တာပေါ့"

သူ၏ စကားကို ကလေးငယ်က ဦးခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် အခုပဲ အိမ်ကထွက်လာခဲ့တာပါ"

"မင်းက ဒီလောက် ညဉ့်နက်နေတဲ့အချိန်မှာ ဘာကိစ္စအရေးတကြီး အိမ်ကထွက်လာခဲ့တာလဲ"

လီစုကျိုက မေးလိုက်သည်။

ထိုအခါ ကလေးငယ်က သူ့အား ကြည့်လိုက်ပြီး....

"ခင်ဗျားကို တွေ့ချင်လို့ပါဗျာ"

* * *

ကလေးငယ်၏ စကားကြောင့် လီစုကျိုံ အံ့အားသင့်သွားသည်။

မိမိရှေ့မှောက်ရှိ ကလေးငယ်သည် အဘယ့်ကြောင့် မိမိအား တွေ့ချင်နေရပါသနည်း။

ညကြီးသန်းခေါင် တွေ့ချင်သည့် ကလေးငယ်၌ ထူးခြားချက် ရှိနေသည်မှာ အမှန်ပင်သေချာနေပြီ။

"ဘယ်လိုကွ၊ မင်းက ငါ့ကို တွေ့ချင်လို့ ဟုတ်လား"

လီစုကျိုက တအံ့တသြမေးလိုက်သည်။

ကလေးငယ်က....

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားကို တွေ့ချင်တာပါ"

"နေပါဦး၊ မင်းက ငါ့ကိုသိလို့လား"

"သိပါတယ်ဗျာ"

"ဒါဖြင့် ပြောစမ်း၊ ငါဘယ်သူလဲဆိုတာ ပြောစမ်းပါ"

ထိုအခါ ကလေးငယ်က....

"ခင်ဗျား နာမည်က လီစုကျိ၊ ခင်ဗျားအဖေ နာမည်က လီစုရင် ဟုတ်လား"

ဒုတိယအကြိမ် လီစုကျိ အံ့အားသင့်သွားပြန်လေသည်။

ထိုလူငယ်က တစ်ချက်ပြုံးလိုက်ပြီး....

"ကျွန်တော်က သိပေမယ့် ခင်ဗျားကကျွန်တော့်ကိုသိမှာ မဟုတ်ပါဘူးဗျ"

ဟုပြောလိုက်လေသည်။

လီစုကျိက....

"မင်း ဘယ်သူလဲ"

"ကျွန်တော်က ကလေးပါ"

"ငါက မင်းနာမည် မေးနေတာကွ"

"ကျွန်တော်က အဖေနဲ့ အမေမရှိတဲ့ဘယ်လိုလုပ် နာမည်ရှိမှာလဲဗျ"

ထိုအခါမှ လီစုကျိ သက်ပြင်းတစ်ချက်ချလိုက်လေသည်၊ သူ ဆက်၍သာမေးလျှင် အဆုံးအစရှိတော့မည် မဟုတ်ကြောင်း သိရှိလိုက်သည်။

သို့သော်....

သူသည် မေးဖြစ်အောင် မေးလိုက်ပါသေးသည်။





"ဒါဖြင့် မင်းက အခု ဘယ်သူနဲ့နေသလဲ"

"ကျွန်တော် ဆရာနဲ့ နေပါတယ်"

"မင်းဆရာက ဘယ်သူလဲ"

"ဆရာပါ ဆိုနေမှ ဘယ်သူဖြစ်ရမှာလဲ"

"ကဲ....ထားပါတော့ မင်းဆရာက ငါ့ကို ရှာခိုင်းတာလား"

ဤတွင် ကလေးငယ်က ဦးခေါင်းခါယမ်းလိုက်ပြီး....

"မဟုတ်ပါဘူး၊ ဆရာ့ ညွှေ့သည် တစ်ယောက်က ခိုင်းတာပါ"

လီစုကျိမှာ ကလေးငယ်၏စကားကြောင့် မျက်လုံးအစုံမှာ ပြူးကျယ်ရလေသည်။

"ညွှေ့သည် ဟုတ်လား၊ ဘယ်ကညွှေ့သည်လဲ"

ကလေးငယ်က မျက်မှောင်ကုတ်လျက်....

"ကျွန်တော်လဲ မသိပါဘူး၊ ဘုရင်အနားမှာ အလုပ်လုပ်နေတဲ့ ညွှေ့သည်လို့ ပြောလိုက်ပါတယ်"

အပြုံးရိပ်က လီစုကျိထံမှ ပေါ်ထွက်လာသည်။

သူသည် ယခုအခါ ညွှေ့သည်ဘယ်သူဖြစ်ကြောင်း ရိပ်စားမိလိုက်ပြီ။

သူက....

"မင်းဆရာရဲ့ ညွှေ့သည် နာမည်က ချင်းရှောင်ဖုန်းစိုး ဟုတ်လား"

ထိုအခါ ကလေးငယ်က ရယ်မောပြီး ခေါင်းညိတ်လိုက်သည်။

"ဟာ....ခင်ဗျားက ဘယ်လိုလဲဗျ၊ ဗေဒင်တောင်တွက်တတ်နေပါလား၊ ဟုတ်တယ်ဗျ၊ ခင်ဗျားပြောတဲ့ ချင်းရှောင်ဖုန်းစုပါ"

လီစုံကျီက မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ...အခု မင်းဆရာဘယ်မှာလဲ"

ဤတွင်....

ကလေးငယ်က လမ်းဘေးရှိ တောအုပ်တစ်ခုကို ညွှန်လိုက်သည်။

"ဟိုဘက် ပန်းခြံထဲမှာ"

* * *

မက်မန်းပင်များ ပေါက်နေသော ဥယျာဉ်ကလေး၏ အလယ်တွင် သေးငယ်သောအိမ်ကလေးတစ်လုံးရှိသည်၊ ထိုအိမ်ကလေး၏ ပြတင်းပေါက်မှ မီးရောင်ဖြာထွက်နေသည်။

သူ မက်မန်းခြံအလယ်သို့ ရောက်ရှိနေသော်လည်း အတွေးတစ်ခုကတော့ သူ၏ဦးနှောက်ထဲ၌ ရှိနေလေသည်။

"ချင်းရှောင်ဖုန်းစု၊ ဘာကိစ္စနဲ့ ဒီကိုရောက်နေတာလဲ"

ဤသည်ကား....

လီစုံကျီ၏ရင်ထဲ၌ ဖြစ်ပေါ်နေသော ဇမေးခွန်းတစ်ခု ဖြစ်လေသည်။

"ဟဲ့....ကလေး၊ မင်းဆရာက ဘာပြုလို့ ဒီမှာလာပြီး အိမ်ဆောက်နေရတာလဲ"





သူက အလွန်ခေါင်လှသော လူနေအိမ်ခြေနှင့် ဝေးကွာလှသော နေရာတွင် အိမ်ဆောက်နေခြင်းကို အံ့သြမိခြင်းဖြင့် မေးလိုက်ခြင်းဖြစ်ပါသည်။

ထိုအခါ ကလေးငယ်က ရယ်မောလိုက်ပြီး....

"ဘာ....ဒါ အိမ် ဟုတ်လား၊ ခင်ဗျားကြီး မျက်လုံးမှ ကောင်းမှမကောင်းပဲ၊ ဒါ အိမ်မဟုတ်ဘူးဗျ၊ မြင်းလှည်းဗျ၊ မြင်းလှည်း....သိပြီလား"

သူ၏စကားကြောင့် လီစုံကျီ အံ့သြသွားရပြန်လေသည်၊ ထိုအခါမှ လီစုံကျီ သေသေချာချာ ကြည့်မိသည်။

ဟုတ်ပါသည်။

လီစုံကျီ တွေ့ရသော အိမ်ကလေးမှာ ဘီးလေးဘီး တပ်ဆင်ထားသည့်သို့ တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်၊

* * *

ကြီးမားသော မြင်းလှည်းထဲသို့ လီစုံကျီ ဝင်လိုက်သည်။

မြင်းလှည်းထဲ၌ အနီရောင် အဝတ်နှစ်ခုရှိသည်၊ ထိုအဝတ်နှစ်ခုက အကန့်နှစ်ကန့်ဖြစ်အောင် ပိုင်းခြားထားသည်။

အနောက်ဘက်အကန့်သည် မြင်းလှည်းအိမ်ပိုင်ရှင်၏ အိပ်ခန်း ဖြစ်ပုံရလေသည်။

အပြင်အကန့်တွင် ခုံရှည်တစ်ခု၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ကျောက်ပန်းခက် ကုလားထိုင် သုံးလေးလုံး ချခင်းထားလေသည်။

မြင်းလှည်းနံရံပေါ်၌ ပန်းချီကျော်များ၏ နာမည်ကျော် ပန်းချီကားချပ် သုံးလေးပုံ ချိတ်ဆွဲထားသည်။

စားပွဲပေါ်တွင် ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော အရုပ်ကလေးများ သူ့နေရာနှင့်သူ အစီအရီ ချထားသည်။

အခြားတစ်နေရာ၌ စားပွဲတစ်လုံး၊ အမွေးတိုင် ထွန်းညှိထားသော ကြေးအိုးတစ်အိုးနှင့် စစ်တုရင်ခုံတစ်ခုံ ရှိလေသည်။

ခုံရှည်ပေါ်တွင် ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ခပ်စောင်းစောင်း လဲလျောင်းနေသည်။

ထိုအဘိုးအိုသည် လှပသော အဝတ်အစားကို ဝတ်ဆင်ထားသည်။ အဝတ်အစားတို့မှာ မြင်းလှည်း အမိုးပေါ်၌ ချိတ်ဆွဲထားသော မီးပုံးအိမ်ကြောင့် အရောင်တပြောင်ပြောင် တောက်ပနေလေသည်။

လဲလျောင်းနေသော အဘိုးအို၏ မျက်နှာပြင်မှာ ခန့်ညားလှသည်။ ခန့်ညားမှုရှိသော မျက်နှာပြင်ပေါ်ဝယ် အပုံးရိပ်က ယှက်ဖြာနေပြန်သေးရာ ထိုအဘိုးအိုမှာ လေးစားကြည်ညိုချစ်ခင်ဖွယ် ကောင်းနေလေတော့သည်။

သို့သော်....

အဆိုပါ လဲလျောင်းနေသည့်အဘိုးအို၏ကျောတွင် သံမဏိဖြင့် ပြုလုပ်ထားသော စင်တစ်ခုက ထောက်ထားသည်။

အကယ်၍ ထိုသံမဏိစင်သာ ထောက်ထားခြင်း မရှိပါက သူ၏ ခန္ဓာကိုယ်သည် ပျော့ခွေသွားမည်သာ ဖြစ်သည်။





အဘိုးအိုသည်ကား အရိုးပျော့ရောဂါ စွဲနေသူ ဒုက္ခိတတစ်ဦးပင် ဖြစ်ပါလေတော့သည်။

*　　*　　*

လီစုကျိက အရိုးပျော့ရောဂါ စွဲကပ်နေသူ အဘိုးအိုကို မသက်သာသော မျက်လုံးဖြင့် ကြည့်လိုက်သည်။

စိတ်ထဲတွင်လည်း မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေ၏။ ဝေဒနာမှာ ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ် ဖြစ်ပေါ်နေခြင်းပင် ဖြစ်ပါသည်။

မင်းသားလေး လီစုကျိသည် ကြင်နာသနားစိတ်ရှိပြီး အများအကျိုး သယ်ပိုးတတ်သူ ဖြစ်ချေသည်တကား။

မြင်းလှည်းအိမ်ထဲသို့ ဝင်လာသော လီစုကျိကို ကြည့်ပြီး ကျောက်ကုလားထိုင် တစ်လုံးတွင် ထိုင်နေသော ချင်းရှောင်ဖုန်းစုက ပြုံးပြလိုက်သည်။

"မင်း အိမ်တော်က ထွက်လာတာ မဟုတ်လား"

ချင်းရှောင်ဖုန်းစု၏ အမေးကို မဖြေပါ။

သို့သော် ...

သူ၏စိတ်ထဲတွင်တော့ မေးခွန်းတစ်ခု မေးလိုက်ပါသည်။

"ခင်ဗျား ဒါတွေ ဘယ်လိုလုပ်သိသလဲ"

သူက ခေါင်းတစ်ချက်ညိတ်၍ ဟုတ်မှန်ကြောင်း ဖြေလိုက်ပြီး အိမ်ရှင်အား ကရုဏာသက်စွာ ကြည့်လိုက်သည်။

ယခုအခါ လီစုကျိ၏မျက်လုံးအိမ်သည် အကြင်နာရိပ်များ ယှက်ဖြာနေပါသည်။

အိမ်ရှင်က လဲလျောင်းနေရင်းမှ တစ်ချက်ပြုံးပြလိုက်ပြီး....

"ကျုပ်နောက်မှာရှိတဲ့ သံမဏိစင်ကို ကျုပ် ကြိုက်လို့မို့ ထားတာမဟုတ်ဘူး၊ အဲဒီထောက်ထားတဲ့စင်မရှိရင် မဖြစ်လို့ပါ"

လီစုကျီက ခေါင်းညိတ်လိုက်သည်။

အိမ်ရှင်ဆိုလိုသည့် သဘောကိုလည်း နားလည်လိုက်၏။ ခုံတန်းလျားရှည်ပေါ်တွင် လဲလျောင်းနေသော အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"အမှန်မှာ လူတိုင်းလူတိုင်းဟာ မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒီလိုသံမဏိစင်မျိုး ရှိကြတာချည်းပါပဲ၊ မင်းကိုယ်မှာလဲ ဒီလို သံမဏိစင်မျိုး ရှိတာပါပဲ မဟုတ်ဘူးလား" ဟု ပြောပြီး လီစုကျီကို စူးစိုက်ကြည့်နေလေသည်။

သူက စကားကို ခဏရပ်ထားလိုက်ပြီး လီစုကျီကို တစ်ချက် ကြည့်လိုက်သည်။ ထို့နောက်မှ အိမ်ရှင်က....

"မင်းလဲ ရောဂါတစ်ခု ရှိနေတယ်၊ မင်းကိုယ်ပေါ်မှာ မမြင်ရတဲ့ သံမဏိစင်တစ်ခု ရှိနေတယ်"

မင်းသားလေး လီစုကျီက အိမ်ရှင်အဘိုးအို ဒုက္ခသည်အား မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေလေသည်။

သူသည် ဒုက္ခိတအဘိုးအို၏ စကား အဓိပ္ပာယ်ကို နားမလည်ပါ။

ထို့ကြောင့် သူ ဘာမှ ပြန်မဖြေနိုင်ဘဲ ဖြစ်နေလေသည်။

အမတ်ကြီး ချင်းရှောင်ဖုန်းစုမှာ သူတို့နှစ်ဦးအား ပြုံး၍ ကြည့်နေလေသည်။





ခဏကြာမှ အိမ်ရှင်အဘိုးအို ဒုက္ခိတက လီစုကျီဝတ်ဆင်ထားသော အနက်ရောင် အဝတ်အစားများကို လက်ညှိုးထိုးပြသည်။

ပြီးမှ သူက ခပ်ယဲ့ယဲ့ပြုံး၍....

"မင်းမှာ နာရေးအထိမ်းအမှတ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားတယ်၊ ဒါဟာ မင်းရဲ့ဆွေမျိုးသားချင်းထဲက လူတစ်ဦးဦး သေဆုံးတဲ့အကြောင်း၊ ရက်ပိုင်းအတွင်း သေဆုံးတဲ့အကြောင်းကို သက်သေပြလိုက်တာပါပဲ"

ဟုပြောပြီး စကားကို ရပ်လိုက်ပြန်ပါသည်။

ထို့နောက်မှ သူက ဆက်ပြီး....

"နောက်ပြီး မင်းဟာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေတယ်၊ မျက်လုံးမှာ သွေးနီတွေ ယှက်သန်းနေတာတောင် တွေ့ရတယ်၊ ဒါကိုကြည့်ခြင်းအားဖြင့် မင်းဟာ မင်းဆွေမျိုး သေဆုံးရမှုအတွက် အလွန်ပဲ ကြေကွဲ ဝမ်းနည်း နေတယ်၊ ဒါထက် ပိုပြီးတော့ ကလဲ့စား ချေလိုစိတ်လဲ ပေါ်ပေါက်နေတယ်၊ ငြင်းပြနေတယ်"

ဟု ထပ်ဖော်ပြောဆိုလိုက်ပြန်သည်။

သူက စကားကို ရပ်လိုက်ပြီး လီစုကျီကို အကဲခတ်နေသည်။

လီစုကျီမှာ ငြိမ်သက်စွာ ရပ်နေသည်။ အဘိုးအို ပြောစကားများသည် မှန်ကန်လွန်းသဖြင့် သူ၏ခန္ဓာကိုယ်ကိုတောင် မလှုပ်ရဲပါ။

"ဝမ်းနည်းကြေကွဲခြင်း ကလဲ့ စားချေခြင်းဆိုတာ ရောဂါ တစ်မျိုးပဲကွယ့်၊ ဒါကြောင့် မင်းရဲ့ရောဂါအခြေအနေ တော်တော်ဆိုးနေတယ်၊ မင်းအခု လဲကျမသွားတာက မင်းကိုမမြင်ရတဲ့ သံမဏိစင်က ထောက်ထားလို့ပါပဲ၊ ကျုပ်ပြောတာ ဟုတ်ရဲ့လား"

အဘိုးအို၏ စကားမှာ မှန်ကန်လွန်း၍ ပို၍ငြိမ်သက်သွားသူမှာ လစ်စုကျိုပင် ဖြစ်ပါသည်။

* * *

မင်းသားလေး လစ်စုကျိုက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး....

"ခင်ဗျားပြောတာ မှန်တယ်"

ဟု တစ်ခွန်းချင်း ပြောဆိုလိုက်လေသည်။

ယခုအခါ သူ၏ စိတ်ထဲတွင် အိမ်ရှင်အဘိုးအို ဒုက္ခိတအား လေးစားလာသည်။ သူ၏ခန္ဓာကိုယ်သည် ဒုက္ခိတတစ်ရောက်နေစေကာမူ စိတ်ဓာတ်နှင့် လူ့ဘဝ သဘောတရားများကို ကောင်းကောင်း နားလည်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ထိုအခါ လီစုကျိုသည် ထိုလူအား ပို၍ လေးစားကြည်ညိုလာသည်။

"သူက ဘယ်သူလဲဗျ"

လစ်စုကျိုက ချင်းရှောင်ဖုန်းစုကို မေးလိုက်ခြင်းဖြစ်သည်။





ချင်းရှောင်ဖုန်းစုက ပြုံးပြလိုက်ပြီး....

"သူကတော့ မင်းစိတ်ထဲမှာ ထင်နေတဲ့အတိုင်း လူထူးလူဆန်း တစ်ယောက်ပါပဲ"

ဟုပြောလိုက်လေသည်။

လစ်စုကျိုက မျက်မှောင်ကုတ်လိုက်ပြီးလျှင်....

"သူက ဘယ်လို ထူးခြားနေလို့လဲ"

ချင်းရှောင်ဖုန်းစုက ရယ်မောလိုက်ပြီး....

"သူက ဘာအလုပ်မှ မလုပ်ဘူး၊ ဒါပေမယ့် သူ့မှာအိမ်ဖော်သုံးဆယ်၊ စားဖိုမှူး လေးယောက်၊ မြင်းလှည်းမောင်းသမား ခြောက်ယောက်၊ မြင်းအကောင် ရှစ်ရာနဲ့ စားစရိတ်များကို ထိန်းသိမ်းထားနိုင်တဲ့ လူထူးလူဆန်းကြီး ကူးလပဲ၊ လူထူးလူဆန်း မဟုတ်ဘူးလား"

သူက စကားကို ခဏရပ်လိုက်ပြန်သည်။

တန်းလျားပေါ်တွင် လဲလျောင်းနေသော ဒုက္ခိတ ကူးလကို တစ်ချက်ကြည့်လိုက်ပြန်သည်။

သည်နောက်မှ သူက ဆက်၍ပြောပြန်လေသည်။

"ကူးလကို ဒုက္ခိတဆိုပြီး အထင်မသေးလိုက်နဲ့ဦးနော်၊ သူ့ကို စော်ကားမော်ကား ပြုတဲ့သူဆိုရင် အသက်တိုတတ်ကြတယ်"

အိမ်ရှင်ကူးလက သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ဒုက္ခိတလို့ စော်ကားတဲ့လူကို ဘုရားကသူ့ကို အပြစ်ဒဏ်ပေးမှာပေါ့ဗျာ"

ထိုအခါ ချင်းရှောင်ဖုန်းစုက အိမ်ရှင်ကူးလကို စေ့စေ့ကြည့်လိုက်ပြီးနောက်....

"ဘုရားက အဖြစ်ပေးသလား၊ သူက အဖြစ်ပေးသလားတော့ မပြောတတ်သူး၊ ဒါပေမယ့် သူ့အိမ်ဖော် သုံးဆယ်ထဲက အနည်းဆုံး ဆယ်ယောက်လောက်ကတော့ ထိပ်တန်းသိုင်းသမားတွေ ဖြစ်တယ်"

ယခုအခါတွင် လီစုကျိသည် ဒုက္ခိတကူးလ အပေါ် ပုံပြင်တစ်ပုဒ် နားထောင်နေရသကဲ့သို့ စိတ်ဝင်စားလာရလေတော့သည်။

"ကနေ့ ကျုပ်ဆီကို ဧည့်သည်တော်များများ လာကြလိမ့်မယ်၊ ခင်ဗျားကိုလဲ ဖိတ်ပါတယ်ဗျာ"

ဒုက္ခိတ ကူးလက လီစုကျိကို ဖိတ်ကြားလိုက်သည်။

လီစုကျိက ကျေးဇူးတင်စကားပြောဆိုသည်။

သူသည် ယခုအခါ ထူးဆန်းသော အိမ်ရှင်၏ ဧည့်သည်များသည် မည်သို့သောလူစား ဖြစ်သည်ကို သိလိုသောဆန္ဒက စိတ်ဝယ် ပေါ်လာလေတော့သည်။

★



## အခန်း (၁၀)

### ထူးဆန်းသော ဈေးတန်းသား

ခုံတန်းရှည်ကလေး နံဘေးတွင် ရွှေမောင်းတစ်ခု ချိတ်ဆွဲထားလေသည်။ အိမ်ရှင် ဒုက္ခိတကူးလက ရွှေဖြင့်ပြုလုပ်ထားသော ဘုကလေးဖြင့် ရွှေမောင်းကို ထုလိုက်လေသည်။

"နောင်"

ရွှေမောင်းသံသည် တော်တော် ရှည်လျားစွာ မြည်ဟီးရိုက်ခတ်သွားသည်။ မောင်းသံ အဆုံးတွင် ဒုက္ခိတ ကူးလက....

"ကျုပ် မောင်းသံတစ်ချက် ထုလိုက်တဲ့ အဓိပ္ပာယ်ကတော့ ကျုပ်ရဲ့ အုပ်ချုပ်ရေးမှူးကြီး လူထွားကြီးကို ခေါ်လိုက်တဲ့ သင်္ကေတပါပဲ"

ဟု သူက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

မောင်းသံအဆုံးတွင်ကား အလွန် ထွားကျိုင်း၍ အရပ်မြင့်မားသော လူတစ်ယောက် ဝင်ရောက်လာလေတော့သည်။

အုပ်ချုပ်ရေးမှူး ဗလကြီးက အိမ်ရှင် ဒုက္ခိတကူးလကို ဦးညွှတ် အရိုအသေပြုလိုက်သည်။

"မင်းကိစ္စအားလုံး မင်း အဆင်သင့် လုပ်ပြီးပြီလား"

အုပ်ချုပ်ရေးမှူးကြီးကို အိမ်ရှင် ဒုက္ခိတကူးလက မေးလိုက်ခြင်း ဖြစ်ပါသည်။

သူက ရှိကျိုးစွာဖြင့်....

"ဟုတ်ကဲ့၊ အားလုံး အဆင်သင့် ပြုလုပ်ပြီးပါပြီ"

ကူးလက ခပ်ပြတ်ပြတ်လေသံပြုလျက်....

"ကောင်းပြီ၊ မင်းသွားတော့"

ထိုအခါ လူထွားကြီးက အိမ်ရှင်ကူးလကို ထပ်မံ အရိုအသေ ပြုလိုက်ပြီး ထွက်ခွာသွားလေတော့သည်။

လီစုကျို၏ မျက်လုံးအစုံ တောက်ပလာသည်။

အိမ်ရှင်သည် ဒုက္ခိတတစ်ဦး ဖြစ်သည်၊

သို့သော်....

အခိုင်းအစေများသည် ခေသူများ မဟုတ်ကြသည်ကို တော့ သူသိရှိလိုက်ရလေပြီ။

သူတွေးတောနေစဉ်မှာပင် ရုတ်တရက်ဆိုသလို အမှောင်ထုလွှမ်းနေသော မက်မန်းခြံသည် မီးရောင်များဖြင့် လင်းထိန်လာလေတော့သည်။

ယခုအခါ မက်မန်းခြံ တစ်ခုလုံးမှာ မြို့ငယ်လေးတစ်မြို့လို မီးရောင်စုံ လင်းလက်နေလေပြီ။



တစ်ခုရှိသည်မှာ လီစုကျိုကြုံမက်မန်းခြံ အတွင်းသို့ စတင်ဝင်ရောက်ချိန်၌မီးအိမ်များရှိနေသည်ကို လုံးဝမတွေ့ရခြင်းပင်။

ယခုမူ ဝန်းကျင်တစ်ခုလုံးတွင် မီးအိမ်များ လေးဘက်လေးတန်မှ ထွန်းညှိထားသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေတော့သည်။

မင်းသားလေး လီစုကျိုမှာ အံ့သြလွန်းသောကြောင့် ကြောင်တောင်ငေး၍ ရပ်ကြည့်နေမိသည်။ စကားမပြောနိုင်တဲ့ ဆွံ့အလူဖြစ်လာကဲ့သို့ ဖြစ်နေသည်။

သူ၏မျက်လုံးအိမ်သည်လည်း လည်မနေတော့ပါ၊ ရပ်လျက်ရှိနေလေချေပြီ။

ထိုစဉ်မှာပင် မြင်းလှည်းရှေ့တွင်ရှိနေသော သစ်ပင် အချို့ ရုတ်တရက် လဲပြိုကျသွားသည်။ လဲကျသွားသောသစ်ပင်များကို ကြိုးများဖြင့် ချက်ချင်းသိုင်းချည်ကာ ဆွဲသွားကြသည်။

စောစောက သစ်ပင်များဖြင့် အုံ့ဆိုင်း ညို့မှိုင်းနေသောနေရာသည် ယခုအခါ ဟာလာဟင်းလင်းဖြစ်သွားရလေပြီ။

အံ့သြလွန်းမက အံ့သြနေသော လီစုကျို ပါးစပ်အဟောင်းသား ငေးနေသည်။

သည့်စဉ်မှာပင် စကားသံများ ရုတ်တရက် ပေါ်ထွက်လာသည်။

လီစုကျို၏ မျက်လုံးအကြည့်အိမ်ထဲသို့ လူတစ်ဦး၏ ပုံရိပ်ပေါ်ပေါက်လာသည်။

မျက်လုံးအိမ်ထဲသို့ ထင်ဟပ်လာသည့် ပုံရိပ်မှာ ဈေးသည်များပင် ဖြစ်ပါပေတော့သည်။

ဟာလာဟင်းလင်းဖြစ်သွားသော မြေကွက်လပ်ဆီသို့ ဈေးသည်များ စုလာကြခြင်းဖြစ်သည်။

စုရုံးရောက်ရှိလာသည့်ဈေးသည်များသည် များသောအားဖြင့် အစားအသောက်ရောင်းချသည့် ဈေးသည်များပင် ဖြစ်ပါသည်။

ဝက်သား၊ ကြက်သား၊ ငါး၊ ပုစွန်၊ ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည့်လူသုံးကုန်ပစ္စည်းကအစပြု၍ အဝတ်အထည် လက်နက်ကိရိယာများအထိ မျိုးစုံပါဝင်ပါသည်။

ချက်ချင်းဆိုသလို မိုးပေါ်မှ ကျလာသည့်အလား "သန်းခေါင်ယံ ဈေးတန်း"ကလေးတစ်ခု ဖြစ်လာပါသည်။

အိမ်ရှင် ဒုက္ခိတ ကူးလက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မင်းအံ့သြမယ်ဆိုရင်လဲ အံ့သြစရာပါပဲ၊ကျုပ်တို့ တစ်တွေဟာ နိုင်ငံမဲ့တွေပါ၊နိုင်ငံမရှိပါဘူး၊အဲဒီနေ့ကျမှပဲလူစုံတက်စုံနဲ့ တွေ့ကြပြီး ကိုယ်လိုအပ်တဲ့ ပစ္စည်း ဝယ်ကြ ခြမ်းကြ၊ အခက်အခဲရှိတာတွေကို ဆွေးနွေးကြရပါတယ်ဗျာ"

ချင်းရှောင်ဖုန်းစုက ခေါင်းညိတ်ပြလိုက်သည်။

သူက လီစုကျိဘက်သို့လှည့်လိုက်ပြီး....

"ကဲ....မင်းကော ဘာများ အကူအညီလိုချင်သလဲ၊ အကူအညီလိုချင်ရင် တောင်းပါ"

ဟု မေးလိုက်လေသည်။

ထိုအခါ လီစုကျိက ပြုံးလိုက်ပြီးလျှင်....

"ကျွန်တော် အကူအညီတစ်ခုလောက်တော့ တောင်းမလို့ပါပဲ၊ ဒါပေမယ့် ကျွန်တော်က လူတစ်မျိုးခင်ဗျ၊ ကျွန်တော်က အကူအညီပေးပြီးမှ သူများဆီက အကူအညီ လိုချင်ပါတယ်၊ နောက်တစ်ချက်ရှိတာက ကျွန်တော့်ဆီတောင်းတဲ့ အကူအညီကလဲ ကျွန်တော်ကူညီနိုင်တဲ့ အကူအညီမျိုးဖြစ်ရပါမယ်"



လီစုကျိ စကားကြောင့် အိမ်ရှင်က သဘောအကျကြီးကျကာ ခွက်ထိုးခွက်လန် ရယ်လိုက်သည်။ ပြီးမှ သူက....

"ဟား....ဟား....ဟား....ကောင်းတယ်ဟေ့၊ ဒီ သူငယ်ရဲ့ အတွေး အခေါ်ဟာ အင်မတန်မှ မြင့်မြတ်တာပါပဲလား၊ ဟေး ဟေး"

ထိုအချိန်တွင် လူတစ်ယောက် ခြေလှမ်းကျဲကျဲ လှမ်းလျက် ဝင်ရောက်လာလေတော့သည်။

* * *

မြင်းလှည်းဆီသို့ လူတစ်ယောက် လှမ်းဝင်လာသည်။

ခြေလှမ်းကျဲကျဲ လှမ်းဝင်လာသောလူကို တွေ့ရသည်နှင့် စောစောက အော်ဟစ် ရယ်မောနေသော အိမ်ရှင် ကူးလ၏ မျက်နှာထား တည်ကြည်သွားသည်။ တည်ကြည်သွားသော သူ၏ မျက်နှာပြင်များ ချက်ချင်းပင် မျက်မှောင်ကုတ်သွားပြန်သည်။

သူက ခပ်တိုးတိုး ညည်းတွားသံပြု၍....

"ဒုက္ခပါပဲ၊ ဒီကစားသမားက ကျုပ်ဆီကို မတွေ့ တွေ့အောင် ရှာဖွေပြီးလာနေပြန်ပြီ"

ထိုအခါ လီစုကျိက ထိုလူကို သေသေချာချာကြည့်လိုက်မိသည်။

ဝင်လာသူ၏အရပ်မှာ ခြောက်ပေကျော်ခန့် မြင့်မားသည်။ သိုးသားရေဖြင့် ချုပ်ထားသောအင်္ကျီကို ပတ်ဆင်ထားသည်။ ခြေထောက်တွင် မြက်ဖိနပ်ကိုစီးထားသည်။

သူ၏ ရှုပ်ပွနေသောဆံပင်ကို ကြိုးတစ်ချောင်းဖြင့် စုစည်းထားသည်။

ကျောပြင်ပေါ်တွင်ကား အိတ်တစ်လုံးကို သိုင်းလွယ်ထားပြန်သေးသည်။

အရပ်ရှည်ရှည်လူက အိမ်ရှင်ဒုက္ခိတကူးလကိုတွေ့လိုက်သည်နှင့် လက်ညှိုးဖြင့် ထိုးညွှန်ကာ အော်ဟစ် ရယ်မောလိုက်ပြီးနောက်....

"ဟား ဟား ဟား.... မင်းက ဒီနေရာမှာ ရွှေးထားတာကိုး၊ ကျုပ်ဖြင့် လိုက်ရှာလိုက်ရတာ မောသွားတာပဲ"

သူ၏စကားက လူတိုင်းယုံကြည်လေးစား ချစ်ခင်ကြည်ညို နေသော အိမ်ရှင်ကူးလကို သူက ရိုကျိုးခြင်းမရှိပါ။ လေးစားခြင်း အလျှင်းမရှိ။

သို့သော်....

အိမ်ရှင်ကူးလက သူ့အား ဒေါသထွက်ခြင်း မရှိပါ။ ထို့ပြင် သူကိုယ်တိုင်ပင် အားရပါးရ ရယ်မောချ်ပင် နေသေးသည်။

ဒုက္ခိတကူးလက ရယ်မောပြီး....

"ဟား ဟား ဟား....ဒီတစ်ခါတော့ မင်းရှာလို့ မတွေ့ဘူးလို့ ငါထင်နေတာကွ"

အရပ်ရှည်ရှည်လူက ရယ်လျက်....





"ဟေး ဟေး ဟေး....ချင်ဝမ်းက ကစားတိုင်း ရှုံးတတ်ပေမယ့် လူကိုရှာတဲ့နေရာမှာတော့ ဇမ္ဗူတစ်ခွင်မှာ ပြိုင်စံရှားတဲ့ ပထမလူကွ"

ဒုက္ခိတကူးလက ရယ်မောလိုက်ပြီးလျှင်....

"အေး....မင်းကတော့ ရှုံးတဲ့နေရာလဲ ပထမမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ရှုံးတဲ့နေရာမှာလဲ နှစ်ယောက်မရှိပါဘူး၊ တစ်ယောက်တည်းပါပဲ"

ဝန်ခံစကားကို အရပ်ရှည်ရှည်လူက ပြောလိုက်သည်။

အိမ်ရှင်ကူးလက....

"မင်း ဒါလောက် ရှုံးနေတာတောင် မင်း ငါ့ဆီကို မရရအောင် လာသေးတယ် ဟုတ်လား"

ချင်ဝမ်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က မင်းကို မရရအောင် ရှာရမှာပဲ၊ တာပြုလို့လဲဆိုတော့ အခု ကျုပ် ကံကောင်းလာပြီလေ"

သူ့စကားကြောင့် ဒုက္ခိတကူးလ မျက်မှောင်ကုတ်သွားသည်။

"မင်း တကယ် ကစားဦးမလို့ ဟုတ်လား"

ဒုက္ခိတကူးလ၏ အမေးကို ချင်ဝမ်းက ခေါင်းညိတ်ပြလိုက်ပြီးနောက်....

"လောင်းကစား မကစားတဲ့လူဟာ တကယ့်ကို တုံးတဲ့လူတွေမို့ပဲလို့ ဆိုရမှာပဲ"

သူသည် ပြောရင်းမှ ကျောပြင်ပေါ်ရှိအိတ်ကို သွန်ချလိုက်လေသည်။ သူက....

"ကျုပ် ဒီပစ္စည်းတွေ လောင်းမယ်၊ ဘယ့်နှယ်သဲ"

လီစုကျိက အိတ်ထဲမှ ကျလာသည့် ပစ္စည်းများကို လှမ်းကြည့်လိုက်သည်။

ထိုအခါ သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားရလေတော့သည်။

အကြောင်းမှာ ချင်ဝမ်း သွန်ချလိုက်သော ပစ္စည်းများမှာ မျိုးစုံလှသည်။

သို့သော်....

အားလုံးမှာ တန်ဖိုးရှိသော ပစ္စည်းများချည်း ဖြစ်နေလေသည်။

စားပွဲပေါ်ရှိ ပစ္စည်းများမှာ ရွှေတုံး ရွှေစ၊ ပတ္တမြား၊ ရွှေခွက်ရွှေအိုး၊ ကျောက်စိမ်းလက်ကောက်၊ ပတ္တမြားလည်ဆွဲ စသည်တို့အပြင် ရွှေဘီးရုပ်တုပင် ပါသေးသည်။

အိမ်ရှင်ကုလားက ရွှေရောင်တောက်ပနေသော ပစ္စည်းများကို ကြည့်လိုက်ပြီးနောက်....

"ကောင်းပြီလေ၊ ကျုပ်က ဘယ်လိုလောင်းရမှာလဲ"

ချင်ဝမ်းက တစ်ချက် ပြုံးလိုက်ပြီး....

"ကျုပ်က မင်းနဲ့ကြွေအန်ပဲ လောင်းကစားမယ်၊ ကျုပ်ရှုံးရင် ပစ္စည်းအားလုံး ပေးခဲ့မယ်၊ အဲ.... ကျုပ်က နိုင်ရင် မင်းရဲ့ ဈေးသည်တွေဆီက ထမ်းပိုးအားလုံး ကျုပ်ကို ပေးရမယ်၊ ဘယ့်နှယ်လဲ"





နံဘေးတွင် နားထောင်နေသော လီစုကျိမှာ ထိုစကားကို ကြားလိုက်ရသည်နှင့် သူ၏မျက်လုံးအစုံ ပြူးကျယ်သွားရလေတော့သည်။

သူ၏စိတ်ထဲတွင်လည်း အပြေးအလွှား စဉ်းစားနေလိုက်မိသည်။

"ဒီလောက်များတဲ့ ရွှေထည်ပစ္စည်းတွေကို ဈေးသည်တွေရဲ့ အထမ်းထမ်းပိုးနဲ့ လောင်းကစားရအောင် ဒီလူစိတ်မှ ကောင်းရဲ့လား မသိဘူး"

လီစုကျိ တွေးတောစဉ်းစားနေစဉ်မှာပင် အိမ်ရှင်ဖြစ်သူက ဦးခေါင်းခါယမ်းပြ ငြင်းဆိုလိုက်သည်။

"ကျုပ် မလောင်းဘူး"

အိမ်ရှင်က ခပ်ပြတ်ပြတ်ပင် ငြင်းဆိုလိုက်ခြင်း ဖြစ်သည်။

သူ၏ ငြင်းဆိုသံ ကြားလိုက်ရသော ချင်ဝမ်းမှာ ချက်ချင်းပင် သူ၏ မျက်နှာပြင်တစ်ခုလုံး နီရဲလာသည်။ သူက ဒေါသတကြီးဖြင့်....

"မင်း ဘာပြုလို့ မလောင်းရတာလဲ" ဟု အသံကုန်အော်၍ မေးလိုက်သည်။

အိမ်ရှင်ကုလားက နှာခေါင်းရှုံ့လိုက်ပြီး....

"မင်းလောင်းကြေးက နည်းလို့ပေါ့"

ချင်ဝမ်းမှာ သူ လောင်းကြေး နည်းသည်ဟု သိရသောအခါ ဒေါသမဖြစ်သည့်အပြင် သူကပင် တောင်းပန်လိုက်သေးသည်။

"ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ကျုပ်က မင်းကို ဆယ်ကြိမ်မက ရှုံးခဲ့ပါတယ်၊ ဒီတစ်ကြိမ်တော့ မင်း အခွင့်အရေးပေးဖို့ ကောင်းပါတယ်ကွာ"

အိမ်ရှင်ကူးလမှာအတန်ကြာအောင်စဉ်းစားပြီးမှဦးခေါင်းကို အသာအယာ ညိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ဒီတစ်ခါတော့ မင်းရဲ့ခင်မင်မှု အတိုင်းအတာကိုကြည့်ပြီး ငါလက်ခံလိုက်ပါမယ်၊ ဒါပေမယ့် နောက်တစ်ခါ ကျုပ်ဆီလာရင် ဒီလိုလောင်းကြေးနည်းနည်းနဲ့တော့ မင်းလာဖို့ စိတ်မကူးနဲ့....ဒါပဲ၊ မင်း အဲဒါကို မြဲမြဲမှတ်ထား"

ချင်ဝမ်းမှာ အိမ်ရှင်ကူးလ၏စကားကြောင့် အတိုင်းအဆမှန်းဆမရလောက်အောင် ဝမ်းသာသွားရလေတော့၏။

သူက ဝမ်းသာလွန်း၍ နေရာမှ ထခုန်လိုက်ပြီး ...

"ကဲ....ဟော့၊ အန်စာမြန်မြန်ယူခဲ့" ဟု အော်လိုက်လေတော့သည်။

* * *

ခဏအကြာမှာပင် အန်စာသုံးလုံး ရောက်ရှိလာလေသည်။

လီစုကျိက ယူလာသော အန်စာတုံးကို လှမ်းကြည့်လိုက်သည်။ အန်စာတုံးမှာ အကောင်းဆုံး ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသည်။

အန်စာတုံးသုံးလုံးကို ရွှေဖြင့် ပြုလုပ်ထားသည်။ လင်ပန်းတစ်ချပ်ထဲ ထည့်ထားခြင်းဖြစ်သည်။





ချင်ဝမ်းက အန်စာတုံး ထည့်လှည့်ရန် ကြွေပန်းကန်လုံးတစ်လုံး တောင်းလိုက်သည်။

ကြွေပန်းကန်လုံး ရောက်လာသည်နှင့် ချင်ဝမ်း၏ မျက်နှာပြင်မှာ ဝင်းလက်လာလေတော့သည်။

သူက အန်စာတုံးများကို ဆုပ်ကိုင်လိုက်သည်။

"ဟဲ ဟဲ ဟဲ.... ဒီလိုအန်စာမျိုးနဲ့သာကစားရရင် ရှုံးချင်ရှုံးပါစေ၊ ကျုပ်ကျေနပ်ပါတယ်"

ထိုအခါ အိမ်ရှင်ကူးလက ချင်ဝမ်းကို ကြည့်လိုက်ပြီး....

"ဘယ်သူက အရင်ပစ်မှာလဲ" ဟု မေးလိုက်လေသည်။

ချင်ဝမ်းက သူ၏ရင်ဘတ်ကို လက်မဖြင့် ပြန်၍ ထိုးညွှန်ပြပြီး....

"ကျုပ်အရင်ပစ်မယ်" ဟု ကပျာကယာ ပြောလိုက်လေသည်။

"ကောင်းပြီလေ၊ ငါတို့ နှစ်ယောက်တည်း ရှိတဲ့အတွက် ထိုးသားနဲ့ ဒိုင်တော့ မရှိဘူးနော်၊ အပွင့်ကြီးတဲ့သူက အနိုင်ရမယ်၊ အပွင့်သေးတဲ့လူက အရှုံး"

ကူးလက ရှင်းပြလိုက်သည်။

ချင်ဝမ်းက ခေါင်းညိတ်လိုက်ပြီး....

"ဥပမာတစ်ခု မင်းကို ငါပြောမယ်၊ ငါက လေး၊ ငါး၊ ခြောက်ရရင် မင်းဘယ်လိုလုပ်မလဲ"

အိမ်ရှင်ကူးလက ရယ်မောလျက်....

"ကျုပ်ကလဲ လေး၊ ငါး၊ ခြောက်ရရင် သရေပေါ့၊ တကယ်လို့ ခြောက်သုံးလုံးရရင် ကျုပ်နိုင်ပြီပေါ့"

ချင်ဝမ်းက ခေါင်းညိတ်သဘောတူလိုက်သည်။

"ကောင်းပြီ...ကျုပ်စ ပစ်မယ်၊ ကျုပ်သာ လေး၊ ငါး၊ ခြောက် ရပါစေ၊ မင်းလိုက်နိုင်ရင် လိုက်ပေတော့"

သူသည် ယင်းသို့ပြောပြီး ပန်းကန်ထဲမှ အန်စာတုံးသုံးလုံးကို ထုတ်ယူလိုက်သည်။ သူက ပေက်ခလယ်၊ လက်ညှိုး၊ လက်သူကြွယ်ဖြင့်ညှပ်ကာ ပန်းကန်အနားကို သုံးချက်ခေါက်လိုက်သည်။

ထို့နောက် သူက လက်ကို အပေါ်သို့မြှောက်ကာ ပစ်ချလိုက်လေတော့သည်။

"ချလွှမ် လွှမ်....ချွင့်....ချွမ်"

အန်စာတုံးများ၏ လည်သံများ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

ဖြူဖွေးသော အန်စာတုံး သုံးလုံးသည် ပန်းကန်ထဲတွင် လိမ့်၍လိမ့်၍ လည်နေတော့သည်။

မကြာပါချေ။

ပထမ အန်စာတုံး ရပ်တန့်သွားသည်။

၄-ပွင့်ဖြစ်သည်။

ဒုတိယ အန်စာတုံး ရပ်တန့်သွားရပြန်သည်။

၆-ပွင့် ဖြစ်သည်။

ချင်ဝမ်းက အလည်မရပ်သေးသော တတိယအန်စာတုံးကို ကြည့်ကာ 'ငါးပွင့်'ဟု တစ်ခွန်းအော်လိုက်သည်။

အဆိုပါ တတိယအန်စာသည် ချင်ဝမ်း အော်လိုက်သည့်အတိုင်းပင် ၅ ပွင့် ဖြစ်နေတော့သည်။





ချင်ဝမ်း ရရှိလိုက်သော အပွင့်မှာ ၄၊ ၅၊ ၆ ပင် ဖြစ်နေပါသည်။

အန်စာကစားရာတွင် မသုံးလုံးမှလွဲ၍ ၄၊ ၅၊ ၆ သည် အပွင့်အကြီးဆုံးပင် ဖြစ်ပါသည်။

၆ သုံးလုံးရရှိဖို့ရာမှာ အတော် ခဲယဉ်းသော အလုပ်တစ်ခုဖြစ်သည်။ အကြိမ်တစ်ထောင်ပစ်လျှင် တစ်ခါရရန် အင်မတန်မှ ခဲယဉ်းသည်။

ထို့ကြောင့်....

ချင်ဝမ်းက တဟားဟား အော်ဟစ် ရယ်မောလိုက်သည်။

"ဟဲ ဟဲ ဟဲ....ကျုပ်ပြောတယ်မဟုတ်လား၊ ကျုပ် အခုကတည်းက ကံကောင်းလာပါပြီလို့"

အိမ်ရှင်ကူးလက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း....ဒီတစ်ခါတော့ ငါ ရှုံးလိမ့်မယ်လို့တော့ ထင်တာပဲကွာ" ဟု ညည်းညူလိုက်လေသည်။

ယခုအခါ အိမ်ရှင်ကူးလမှာ စိတ်ပျက်လက်ပျက်ဖြစ်နေပုံရသည်။ ခဏအကြာ တွေတွေလေးစဉ်းစားပြီးမှ ကူးလက လီစုကျိုဘက်လှည့်ကြည့်လိုက်သည်။ သူက စပ်စု၍မေးလိုက်သည်။

"မင်း အန်စာ ကစားဖူးသလား"

လီစုကျိုက ခေါင်းညိတ်ပြလိုက်လေသည်။

* * *

ထိုအခါ အိမ်ရှင်ကူးလက ချင်ဝမ်းကို ပြုံးပြလိုက်ပြီး....

"ကျုပ်ကိုယ်စား သူဝင်ကစားပေးဖို့ မင်း သဘောတူသလား"

ဟု မေးလိုက်လေသည်။

ချင်ဝမ်းက ပြုံးဖြဲဖြဲကြည့်ကာ....

"ဟဲ ဟဲ ဟဲ မင်း လက်ကုန်သွားပြီ မဟုတ်လား၊ ရပါတယ်ကွာ၊ ကျုပ် လေးငါးခြောက်ရထားမှတော့ မင်းကြိုက်တဲ့လူ ခေါ်ပြီး ကစားနိုင်ပါတယ်ကွာ ဟေး ဟေး"

ဤတွင် ကူးလက လီစုကျိအား....

"ကဲ....သူငယ်ချင်း၊ မင်း ငါ့အတွက် ကစားပေးပါကွာ"

ဟု တောင်းခံလိုက်လေသည်။

လီစုကျိက တစ်ချက်ပြုံးသည်။ ပန်းကန်လုံးထဲရှိ အန်စာတုံးများကို သက်ဖြင့်ဆုပ်ယူလိုက်သည်။

သူက ချင်ဝမ်းကဲ့သို့ လက်ချောင်းသုံးချောင်းဖြင့် ညှပ်ကာ ပန်းကန်အနားကို သုံးချက်ခေါက်လိုက်လေသည်။

"ချွမ် ချလွမ် ချွမ် ချွမ်"

လီစုကျိက လက်ကိုမြှောက်ကာ ပန်းကန်လုံးသို့ ပစ်ချလိုက်လေတော့သည်။

အန်စာတုံး သုံးတုံးမှာ ပန်းကန်လုံးထဲတွင် ချာလည်လည်၍ ခံနေလေသည်။

ခဏအကြာ အန်စာတုံးများ အလည်ရပ်သွားသည်။

ထိုအခါ ချင်ဝမ်း၏မျက်လုံးအစုံသည် ချာလည်လည်နေသော အန်စာတုံးကိုကြည့်ကာ ကြက်သေသေနေလေသည်။



"ဒီတစ်ကြိမ်လဲ မင်းရှုံးပြန်ပြီ"

သူ၏စကားအဆုံးတွင် အန်စာတုံးများ ရပ်သွားသည်။

ခြောက်သုံးလုံးပင် ပွင့်နေပါသည်။

ခြောက်သုံးလုံးဟူသည် အန်စာလောင်းကစားရာ၌ အမြင့်ဆုံးသော ထိပ်သီးအပွင့်ဖြစ်သည်။

ချင်ဝမ်းမှာ အတန်ကြာအောင် စကားမပြောနိုင်ဘဲ ငေးငိုင်၍နေလေသည်။

ကြက်ဖကြီးတစ်ကောင် လည်လိမ်နေသလိုဖြစ်နေခြင်းပင်။

ဝန်းကျင်တစ်ခုလုံးသည် သက်ရှိသက်မဲ့အားလုံး ငြိမ်သက်သွားသည့်အလား တိတ်ဆိတ်သွားသည်။

"ငါ ရှုံးပြန်ပြီ"

ချင်ဝမ်းသည် ဤသို့ တစ်ခွန်းအော်လိုက်ပြီး ရုတ်တရက်ထိုင်နေရာမှ ပြေးလွှားထွက်ခွာသွားတော့သည်။

အကယ်၍သာ....

သူ၌ပါလာသည့် ရွှေငွေများကျန်ရစ်ခြင်းမရှိပါက ထိုလူသည် ဤနေရာသို့ လုံးဝ ရောက်ရှိလာခြင်းမရှိဟု တင်ကောင်းထင်ပေလိမ့်မည်။

* * *

အိမ်ရှင်က လီစုကျိကို သေသေချာချာကြည့်လိုက်ပြီး....

"ခြောက်သုံးလုံးကျအောင် ကစားနိုင်တဲ့လူဟာ အတော်ရှားပါတယ်၊ ဒါကြောင့် ချင်ဝမ်းက မင်းကို သေသေချာချာ မှတ်ထားနိုင်တယ်"

လဲစိုကျိုက ပြုံးလိုက်ပြီး....

"သူက အဲဒီလို ကျွန်တော့်ကိုမှတ်မိပါစေလို့ ကျွန်တော်က လဲ ဆုတောင်းနေပါတယ်"

ထိုအခါ အိမ်ရှင်ကူးလက....

"မင်းအတွက် ကျသင့်တဲ့စေစုကိုလဲခွဲပေးရဦးမှာပေါ့"

သူက ပြောရင်းမှ ဈေးသည်များ၏ ထမ်းပိုးများကို ညွှန်ပြလိုက်လေသည်။ ပြီးမှ သူက....

"ခင်ဗျားကြိုက်တဲ့ ထမ်းပိုးငါးချောင်းယူသွားပါ"

သူ၏စကားကို အံ့အားသင့်သွားသူမှာ လဲစိုကျိုပင်ဖြစ်သည်။

မည်သည့်အတွက်ကြောင့် ထမ်းပိုးများ ပေးနေရသည်ကို သူ သိချင်လာသည်။ ထို့ကြောင့် သူက ဈေးသည်များထံမှ ထမ်းပိုးတစ်ချောင်းချောင်းကို ယူကြည့်လိုက်သည်။

လဲစိုကျို ထမ်းပိုးများကို တစ်ချောင်းချင်း ယူကြည့်လိုက်တော့ အလွန်လေးလံနေကြောင်း တွေ့လိုက်ရသည်။ အံ့ဩမှုကြောင့် သူပါးစပ်အဟောင်းသား ဖြစ်သွားရပြန်သည်။

ထိုထက်ပို၍ အံ့ဩသွားရသည်မှာ ထိုထမ်းပိုးအားလုံးသည် ရွှေများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

ရွှေများကို ထမ်းပိုး ပြုလုပ်ထားခြင်းသည် ထိုဈေးသည်အားလုံးချမ်းသာကြွယ်ဝခြင်းကိုပြသနေခြင်းမဟုတ်ပါလော၊

ထမ်းပိုးများကိုကိုင်ပြီး လဲစိုကျိုက ခေါင်းခါယမ်းပြလိုက်သည်။

"ကျွန်တော် ဒါတွေကို မလိုချင်ပါဘူး"





သူ၏စကားကြောင့် အလွန်အမင်း အံ့ဩသွားရသူမှာ အိမ်ရှင်အဘိုးအို ကူးလပင် ဖြစ်ပါသည်။

အဘိုးအိုကူးလက မျက်မှောင်ကုတ်၍....

"ဒါဖြင့် မင်းက ဘာကိုလိုချင်တာလဲ"

လဲစိုကျိုက ပြုံးလိုက်ပြီး....

"လူကြီးမင်းက တကယ်ကူညီချင်တယ်ဆိုရင်တော့ ကျွန်တော် အကူအညီတစ်ခု တောင်းချင်ပါတယ်"

အဘိုးအိုကူးလက....

"ဘာများ မင်းက အကူအညီတောင်းမလို့လဲ"

ကျိုတွင်....

လဲစိုကျိုက တည်ငြိမ်သောလေသံဖြင့်....

"ကျွန်တော့်ကို ခေါင်းသမားတစ်ယောက်ဆီ ပို့ပေးဖို့ပါပဲ"

အဘိုးအိုကူးလမှာ လဲစိုကျို၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်လေသည်။

သူက အတန်ကြာအောင် လဲစိုကျိုကို အကဲခတ်ကြည့်လိုက်ပြီး....

"နေပါဦး၊ မင်းက ဘယ်ခေါင်းသမားဆီကို သွားချင်ရတာလဲ"

အိမ်ရှင်၏အမေးကို လဲစိုကျို အဘယ်သို့ဖြေမည်နည်း။ ကျိုသည်ကို ချင်းရှောင်ဖုန်းစု နားစွင့်နေလေသည်။

"ကျူးဒါတောင်က ခေါင်းသမားပါ"

လဲစိုကျိုက အေးအေးဆေးဆေးပင် ပြန်ဖြေလိုက်သည်။

သူ့စကားကြောင့် အိမ်ရှင်ကူးလ အံ့အားသင့်သွားရပြန်လေသည်။

"မင်းမှာထက်မြက်ပြီး ကြောက်စရာ အလွန်ကောင်းတဲ့ ဓားသမားနဲ့ရင်ဆိုင်ဖို့ ရှိနေတယ် ဟုတ်လား"

သူ မငြင်းပါ။

ချင်းရှောင်ဖုန်းစက ခေါင်းအနည်းငယ် ညိတ်ပြလိုက်ပြီး ကျေနပ်စွာ ပြုံးလိုက်လေသည်။ သို့သော်....

သူ ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုပါ။ စကားလုံး တစ်လုံးတစ်ပါဒမှ မပြောပါ။

အတန်ကြာအောင် မြင်းလှည်းအိမ်ကလေးတစ်ခုလုံးမှာ တိတ်ဆိတ်သွားပြန်လေသည်။

အချိန်အတော်ကြာမှ အိမ်ရှင်ကူးလကသူ့လက်တွင်ရှိသည့် လက်စွပ်ကို ချွတ်လိုက်ပြီး....

"ကောင်းပြီလေ၊ မင်း ဒီလက်စွပ်ကိုယူသွားပါ၊ ဒီလက်စွပ်ကို ကျူးဒါတောင်ကဓားသမားတွေ တွေ့တာနဲ့ သူက မင်းကို ဓားပညာ သင်ပေးပါလိမ့်မယ်"

သူသည် ပြောရင်း လက်ထဲတွင်ကိုင်ထားသည့် လက်စွပ်သုံးကွင်းအနက် အနီရောင်ကျောက်များပါသော လက်စွပ်ကို ပေးလိုက်လေသည်။

လီစုကျိက လက်စွပ်ကို လက်တွင်စွပ်ထားလိုက်ပြီး....

"ကျေးဇူးတင်ပါတယ်ဗျာ"

အိမ်ရှင်ကူးလက ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီလေ၊ မင်းလိုရာခရီးကို သွားနိုင်ပါပြီ"





သူသည် ပြောပြီးသည်နှင့် စားပွဲပေါ်ရှိ ခေါင်းလောင်းကလေးတစ်ခုကို လှမ်းယူပေးရင်း....

"မင်းက အတော်ဖြောင့်မတ်တဲ့လူငယ်မို့ မင်းကို ငါ မိတ်ဆွေတစ်ယောက်လို့ သတ်မှတ်ထားတယ်၊ ငါ့ကိုတွေ့ချင်ရင် ဒီခေါင်းလောင်းကို ခုနစ်ချက် လှုပ်လိုက်ပါ၊ ကျုပ်ဆီက လူလာပြီး ဆက်သွယ်ပါလိမ့်မယ်"

"ကဲ....ကျွန်တော် ကို သွားခွင့်ပြုပါဦး"

ဟု နှုတ်ဆက်လိုက်လေသည်။

ထိုအခါ ချင်းရှောင်ဖုန်းစုက လီစုကျိအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်း ကျူးဒါတောင်ကို သွားမလို့ ဟုတ်လား"

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ် ဘာဘာချင်းရှောင်ဖုန်းစု"

"ကျူးဒါတောင်တာ မြောက်အရပ်က ချင်းယဥ်အထိ ကျယ်တယ်၊ အနောက်ဘက်ကို ချူးမှအထိ ရောက်တယ်၊ အရှေ့ဘက်ကျတော့ နဂါးနှစ်ကောင်တောင်ကုန်းအထိ ကျယ်ပြန့်ပါတယ်၊ ကျုပ်ဆိုလိုတာက ကျူးဒါတောင် ဆိုတာ အလွန်ကျယ်ပြန့်တဲ့နေရာတစ်ခုပဲ"

ချင်းရှောင်ဖုန်းစု ကျူးဒါတောင်နှင့်ပတ်သက်၍ အသေးစိတ် ရှင်းပြနေလေသည်။

"ဟုတ်ကဲ့....ကျွန်တော် နားလည်ပါတယ်"

လီစုကျိက ပြန်ဖြေသည်။

ထိုအခါ ချင်းရှောင်ဖုန်းစုက....

"ဒါဖြင့် မင်း ခေါ်းသမားကို ဘယ်နေရာမှာ သွားရှာမလဲ၊ ပြောစမ်းပါဦး"

ဤတွင်....

လီစုကျိ မျက်မှောင်ကုတ်သွားပြီး....

"ဟုတ်ကဲ့ ကျွန်တော် ဘယ်မှာသွားရှာရမလဲဆိုတာ ကျွန်တော်လဲ မပြောတတ်ဘူး"

ချင်းရှောင်ဖုန်းစုက....

"ဒါဖြင့် ကျူးဒါတောင်ခေါ်းသမားကို ဘယ်လိုရှာမလဲ"

ထိုအခါ လီစုကျိုက ချင်းရှောင်ဖုန်းစုကို ပြုံးပြလိုက်ပြီးနောက်....

"တကယ်လို့ ဘဘက တောင်တစ်ခုကို သွားချင်ရင် တောင်ကိုပေးပါလို့ ခေါ်ရင် လာပါ့မလား"

ချင်းရှောင်ဖုန်းစုက ပြုံး၍ ခေါင်းခါလိုက်သည်။

"ဘယ်လာမလဲကွ"

"ဒါဆို ဘဘ ဘယ်လိုလုပ်မလဲ"

"ကျုပ်ဘာသာကျုပ် ရောက်အောင် သွားလိုက်ရုံပေါ့"

လီစုကျိ၏အမေးကို ချင်းရှောင်ဖုန်းစုက ဖြေလိုက်သည်။

"ကျွန်တော်လဲ ဘဘနည်းအတိုင်းပဲပေါ့၊ သူက မလာရင် ကျွန်တော်က လိုက်သွားရမှာပါပဲ၊ ဒါမှမဟုတ် သူလာအောင် တစ်ခုခု လုပ်ရမှာပဲ"

ယထာဘူတကျကျ လီစုကျိုက ပြန်လည်ဖြေကြားလိုက်လေတော့သည်။

★



## အခန်း (၁၁)

### အန်စာတုရင်

မြို့ကြီး ပြကြီးများ၌ လောင်းကစားခန်းမများ၊ နေအိမ်များ အတော်များများ ရှိပါသည်။

အချို့ လောင်းကစားဝိုင်းက သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။

အချို့က တရားမဝင် တိတ်တဆိတ် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။

အထူးသဖြင့် ထူးနယ်ခြား အနီးစပ်ဆုံးဖြစ်သည့် စန့်ကွမ်းမြို့တစ်ဝိုက် လောင်းကစားမှုများ ကြီးထွားနေပါသည်။

ယခုတလော လောင်းကစားရာ နေရာများတွင် အလွန်ကံကောင်းနေသော ကစားသမား ပေါ်ပေါက်နေပါသည်။

သို့သော်....

ထိုကံကောင်းနေသောကစားသမားသည် အခြားကစားနည်းများကို မကစားပါ။

သူကစားသည့် ကစားနည်းက တစ်မျိုးတည်း ဖြစ်ပါသည်။

ထိုကစားနည်းမှာ အန်စာဖြင့်သာ လောင်းကစားခြင်း ဖြစ်ပါသည်။

ယခုအချိန်တွင် ထိုကစားသမားသည် အန်စာကို ဘယ်သို့ပင် ပစ်ပစ် ခြောက်သုံးလုံးချည်း ကျနေလေသည်။

သို့အတွက် သုံးရက်အတွင်း စန့်ကွမ်းမြို့၌ လောင်းကစားရာနေရာများတွင် သူ၏နာမည်က ကြီးထွားလာလေသည်။

အန်စာကစားရာတွင် တချို့က အန်စာကို သုတေသနပြုကြသည်။

အန်စာကို အကြိမ်ပေါင်းတစ်သောင်းပစ်ပါ။

ခြောက်သုံးလုံး တစ်ကြိမ်ခန့်သာ ရတတ်သည်။

အချို့လောင်းကစားသမားများသည် နေ့စဉ် လောင်းကစားရင်း သူ၏အသက်သာ သေဆုံးသွားသည်။ သူသည် ခြောက်သုံးလုံး တစ်ကြိမ်မျှ မရရှိခဲ့ပါ။

ယခုသော် ဤထက်ကောင်းသော လောင်းကစားသမားသည် အန်စာကို ပစ်လိုက်တိုင်း သူ ခြောက်သုံးလုံးချည်း ရနေလေသည်။

"ဒီလူဟာ လူလိမ်ဖြစ်ရမယ်"

ဟု တချို့က မှတ်ချက်ချသည်။

"ဒါပေမယ့် ဘယ်သူကမှ သူ လိမ်တယ်ဆိုတာ လက်ဆွေ့မဖမ်းနိုင်ခဲ့ဘူး"

တချို့ကလည်း ဤသို့ဤနှယ် ဝေဖန်ခဲ့ကြသည်။





မည်သို့ပင်ဖြစ်စေ....

အန်စာပစ်တိုင်း ခြောက်သုံးလုံးချည်း ရနေသော ကစားသမားတစ်ယောက် ပေါ်နေသည့်သတင်း စန့်ကွမ်းနယ်မြေတစ်ခွင်တွင် ပျံ့နှံ့နေလေသည်။

"ဒီလိုလူ အမှန်တကယ် ရှိနေလို့လား"

"အိုး....ကျုပ် မျက်မြင်ကိုယ်တွေ့ပါ"

"သူ ပစ်ပုံပစ်နည်းကော သေသေချာချာ ကြည့်ရဲ့လား"

"အိုး....အားလုံး မျက်လုံးကို ဒေါက်ထောက်ကြည့်၊ မြူးပြီးတော့ကြည့်တယ်၊ ဒါပေမယ့် အဲဒီလူက ဖြစ်သလို ပစ်ချလိုက်တာပဲ၊ ဘယ်လိုပဲပစ်ပစ် ခြောက်သုံးလုံးချည်း ကျနေတယ်"

"အဲဒီလူက အန်စာအတုများ အသုံးပြုနေသလားမှ မသိပဲ...."

"အတုမဟုတ်ပါဘူးဗျာ၊ အန်စာတုံးတွေက ဒိုင်ဆီက ပစ္စည်းတွေပါ"

"နေပါဦး၊ ဒီလူ ဘယ်လိုပုံသဏ္ဌာန် ရှိသလဲ"

"အသက်ကတော့ နှစ်ဆယ်ကျော်လောက်ပဲ ငယ်ငယ်ကလေး ရှိပါသေးတယ်"

"ကစားသမားနာမည်ကော သိရဲ့လား"

"လီစုကျိုလို့ ပြောပါတယ်"

ထိုစကားသံများမှာ စန့်ကွမ်းနယ်တစ်နယ်လုံး ကစားသမားတိုင်း၏ ပါးစပ်ဖျားဌ် ရေပန်းစားနေသောစကားလုံးများပင် ဖြစ်သည်။

နောက်ဆုံးတွင်....

လီစုကျိမှာ ထူးဆန်းသော၊ ကံကောင်းသော ကစားသမားဟု ကျော်ကြားနေလေတော့သည်။

* * *

အဆောက်အအုံကြီးတစ်ခု....

အဆောက်အအုံကြီးကို အပြင်ဘက်မှ ကြည့်လျှင် အလွန်ဟောင်းသော အိမ်ကြီးတစ်ဆောင်ဟု မြင်ရမည် ဖြစ်ပါသည်။

တစ်အိမ်လုံးမှာ မည်းမှောင်နေပြီး လူသူ တစ်ဦး တစ်ယောက်မှ မတွေ့မြင်ရပါချေ။

နေရာကလည်း ခေါင်လွန်း၊ လူသူနှင့် ဝေးလွန်းသဖြင့် ကြောက်မက်ဖွယ်ရာ အလွန်လည်း ကောင်းလှပါသည်။

သို့သော်....

အဆိုပါ အိမ်ကြီးအကြောင်း သိနေသူအဖို့ ထိုအိမ်ကြီး၏ မြေအောက်ခန်းတစ်နေရာ၌ အကြီးကျယ်ဆုံးသော လောင်းကစားဝိုင်း ရှိနေသည်ကို သိပြီးကြပြီးဖြစ်သည်။

မြေအောက်ခန်း၌မူ မီးများထိန်ထိန်လင်းလျက် ရှိသည်။

အပြင်အဆင်မှာလည်း အားလုံး သပ်ရပ်ခမ်းနားသည်။ လာရောက် လောင်းကစားသူများ မျက်စိပသာဒရှိအောင် ခင်းကျင်း ပြင်ဆင်ထားသည်။

ယခု....

လောင်းကစားဝိုင်းများ စတင်တော့မည် ဖြစ်ပါသည်။





အခန်းတစ်ခုလုံးတွင် လူများသည် တစ်ဦးနှင့်တစ်ဦး ရှောင်လို့မလွတ်နိုင်အောင် ပြည့်ကျပ်နေလေသည်။

လူများပြည့်ကျပ်နေသည့်အတွက် စကားသံများကလည်း ညံပြီး ပွက်လောရိုက်နေသည်။

ဤနေရာသို့ လာရောက်ကြသူများမှာ အလွှာအသီးသီးမှ ဖြစ်သည်။

သူဌေးများ၊ ကုန်သည်ကြီးများ၊ ဆင်းရဲသား လက်လုပ်လက်စားများ၊ သူခိုးဂျပိုးကစ လူမျိုးစုံလင်လှသည်။

ယခုအချိန်တွင် ငွေလွှဲလက်မှတ်များ၊ ရွှေထည်ရွှေခွက်များ၊ ငွေတုံးကလေးများ၊ ပုလဲ၊ ကျောက်သံပတ္တမြား စသည့် တန်ဖိုးရှိသောပစ္စည်းများသည် ဤနေရာမှ ဟိုနေရာသို့ကူးလူး သွားလာ ရှုပ်ယှက်ခတ်နေလေတော့သည်။

ထိုအချိန်တွင် လီစုကျိသည် သစ်ယှွင်တောက်ပြောင်သော အဝတ်အစားများကို ဝတ်ဆင်လျက် လောင်းကစားဝိုင်းများ ရှိရာသို့ ခြေချမိလေသည်။

သူသည် ဤနေရာသို့ ရောက်ဖို့ရန် မလွယ်ကူလှပါ။

သူတစ်ဦးတည်းဆိုလျှင် ဤကစားဝိုင်းရှိရာသို့ ဘယ်တော့မှ ရောက်ရှိမည် မဟုတ်ပါချေ။

ဤနေရာ သူ ရောက်ရှိလာရခြင်းမှာ မိတ်ဆွေတစ်ဦးက ခေါ်ဆောင်လာ၍ ရောက်ရှိလာခြင်း ဖြစ်သည်။

ပွဲစားခတော့ ခေါ်ဆောင်လာသူ မိတ်ဆွေအားပေးလိုက်ရသည်။

ယခုအချိန်တွင်မှာတော့ လီစုကျိဘယ်နေရာသို့ရောက်ရောက် အားလုံးက ဂရုစိုက်သောအချိန် ဖြစ်နေလေသည်။

သူ လောင်းကစားခန်းထဲသို့ ခြေချလိုက်သည်။

ထိုစဉ်မှာပင်....

လီစုကျိအား မြင်လိုက်ရသူ လောင်းကစားသမားတို့မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။

သူ့အား မြင်ကြသူအပေါင်းက ဂရုမစိုက်ဘဲ မနေနိုင်ကြတော့ပါ။

အားလုံးက လူထူးလူဆန်း တစ်ဦးတစ်ယောက်ပမာ ဝိုင်းအုံ၍ ပြူးကြောင်သော မျက်လုံးများဖြင့် ကြည့်ကြကုန်တော့သည်။

"ဟိုမှာ ကံကောင်းတဲ့ ကစားသမား လာနေပြီ"

လူတစ်ယောက်က အော်လိုက်ခြင်းဖြစ်သည်။

နောက်တစ်ဦးက....

"ကနေ့ သူ ခြောက်သုံးလုံး ထပ်ရဦးမလား မပြောတတ်ဘူး"

အခြားတစ်ယောက်က ဝင်၍....

"တို့ လောင်းကြေးထပ်ကြမယ်လေ"

"ဘယ်လိုလောင်းမလဲ"

"ကျုပ်က သူ ခြောက်သုံးလုံး ရစေမယ်လို့ လောင်းမယ်၊ နိုင်ရင် ငါးဆယ်၊ ရှုံးရင် ကျုပ်က တစ်ရာပေးမယ်၊ ဘယ့်နှယ်လဲ"

"အမယ်....မင်းကတောင် ပိုင်နေပါလား"





"ပိုင်ဆို ကျုပ်က သူ့ကို ကိုးကြိမ်တိုင်တိုင် တွေ့ခဲ့တဲ့လူ၊ ကစားတိုင်း ကိုးကြိမ်စလုံး ခြောက်သုံးလုံး ရခဲ့တယ်ကွ"

တစ်ယောက်တစ်ပေါက် ပြောသံများ ဆူညံသွားလေတော့သည်။

* * *

လီစုကျိ အခန်းထဲ ဝင်လာသည်နှင့် လူအုပ်က လမ်းဖယ်ပေးသည်။

အားလုံးသော ကစားသမားအပေါင်းသည် သူ့အား လူထူးလူဆန်းသဖွယ် ဝိုင်းအုံကြည့်ကြလေတော့သည်။

မည်သို့ပင်ဖြစ်စေ....

လီစုကျိသည် လူလိမ် လူကောက် မဟုတ်သည်ကတော့ သေချာသည်။

လောင်းကစားနေကြသူများသည်လည်း ကစားနေရာမှ ရပ်တန့်သွားကြသည်။

ယခုတလော စန့်ကွမ်းနယ်တွင် တစ်ဟုန်ထိုး ကျော်ကြားလာသည်။ လူထူးလူဆန်း ကစားသမား ကံကောင်းနေသည့်လူဟုဆိုသည်။ လီစုကျိအား အကဲခတ် ကြည့်ရှုနေကြကုန်၏။

လီစုကျိ ခြေလှမ်းမှန်မှန်ဖြင့် အန်စာကစားဝိုင်း စားပွဲရှိရာသို့ လျှောက်လာသည်။

အန်စာကစားဝိုင်းမှာ ဒိုင်အပါအဝင် လူငါးဦးကစားသော ကစားနည်းတစ်မျိုးဖြစ်သည်။ ယခု လီစုကျိရောက်သွားချိန်၌ ကစားဝိုင်း၌ လူလေးဦးသာ ရှိပါသည်။

ထို့ကြောင့် လောင်းကစားဝိုင်းတွင် လူတစ်ဦးလိုနေ၏။ အန်စာကစားသူတစ်ဦး လိုနေသည်။

သို့အတွက် ကုလားထိုင်တစ်လုံး လွတ်နေသည်။ လွတ်နေသော ကုလားထိုင်ပေါ်သို့ လီစုကျို ထိုင်ချလိုက်သည်။

သူက ပြုံး၍ ဒိုင်လုပ်သူအား နှုတ်ဆက်ပြီး....

"ဒီနေရာက အန်စာကစားတဲ့ နေရာလား" ဟု လေအေးဖြင့် မေးလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ အန်စာကစားတဲ့ စားပွဲပါ"

ပြောသာပြောနေရသော်လည်း ဒိုင်လုပ်သူမှာ ဇောချွေးပြန်နေချေပြီ။ နဖူးမှ ယိုစီမ့်စီးနေသော ဇောချွေးသည် တစ်ပေါက်ချင်း ကြမ်းပြင်ပေါ်သို့ ပြုတ်ကျနေသည်။

"ဒီနေရာက လက်ငင်းစနစ်နဲ့ လောင်းကစားတဲ့နေရာပါ၊ အကြွေးကစားလို့ မရပါဘူး၊ ငွေလွှဲလက်မှတ်နဲ့ ရွှေထည်ပစ္စည်းပါရင် ငွေသိမ်းစားပွဲမှာ သွားပြီး တန်ဖိုးဖြတ်ရပါမယ်"

ဒိုင်လုပ်သူက စည်းမျဉ်းစည်းကမ်းကို ရှင်းပြသည်။

ထိုအခါ လီစုကျိုက ရယ်မောလိုက်ပြီး....

"ကောင်းပါပြီ"

သူက ပြောရင်းမှ ငွေလွှဲလက်မှတ် တစ်ထပ်ကြီးကို ထုတ်လိုက်သည်။

လီစုကျိုက ငွေလွှဲလက်မှတ် တစ်ထပ်ကြီးကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်၊ ထို့နောက်မှ သူက....





"ကျုပ် ငွေတစ်သောင်း အရင်လောင်းမယ်" ဟု ပြောရင်း ငွေလွှဲလက်မှတ်ကို ဒိုင်လုပ်သူထံသို့ တွန်းပေးလိုက်လေသည်။

ငွေတစ်သောင်း တစ်ကြိမ်တည်း လောင်းမည်ဟု ဆိုသောအသံကြောင့် အားလုံးသော ကစားသမားအပေါင်းတို့ ဝိုင်းအုံလာကြသည်။

ယခု သူတစ်ကြိမ်တည်းလောင်းလိုက်သောငွေတစ်သောင်းဆိုသည်မှာ အိမ်အလုံး ( ၀ ) ခန့် တစ်ခါတည်း ဝယ်နိုင်သော လောင်းကြေး ဖြစ်သည်။

အခြား အခြားသောစားပွဲမှ လောင်းကစားသမားများ အန်စာဝိုင်းသို့ စုပြုံလာကြသည်။

ဝိုင်းအုံကြည့်လာသောလူများ ပိုများလာလေ ဒိုင်လုပ်သူမှာ ဇောချွေးပြန်လာသလို လက်တုန်ခြေတုန် ဖြစ်လာသည်။

ခဏကြာမှ ဒိုင်လုပ်သူက သူ၏အခြေအနေကို ထိန်းသိမ်းနိုင်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဘယ်လိုလောင်းမှာလဲ"

ဒိုင်လုပ်သူက အသံမာမာဖြင့် မေးလိုက်သည်။

လီစုကျိုက ဒိုင်လုပ်သူကိုပြုံးပြလိုက်ပြီးလက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"ငွေတစ်သောင်း တစ်ခါတည်း လောင်းမယ်"

သူ၏စကားကြောင့် ဝိုင်းအုံကြည့်နေကြသူများ ကျက်ကျက်ညံသွားလေသည်။

ထိုအခါ ဒိုင်လုပ်သူက အန်စာသုံးလုံးနှင့် ပန်းကန်လုံးအား လီစုကျိရှိရာသို့ ထိုးပေးလိုက်ပြီး....

"ဆရာလေးခင်ဗျာ....ဆရာလေး အရင်ပစ်ပါ၊ အပွင့်တူရင် ဒိုင် အနိုင်၊ အဲဒါကိုကော နားလည်တယ်မဟုတ်လား" ဟု သူက ရှင်းပြလေသည်။

"နားလည်ပါတယ်ဗျာ"

လီစုကျိက ထိုသို့ပြောနေချိန်ဝယ် သူ၏ ငွေလွှဲလက်မှတ်များကို ရွှေတုံးဖြင့်လဲပြီး ဖြစ်နေလေသည်။

ယခုအချိန်တွင် လီစုကျိ စကားမပြောတော့ပါ။

စကားပြောရန်လည်း အချိန်မဟုတ်တော့ပါချေ။

သူက ရွှေတုံးကလေးများကို ရှေ့သို့ တွန်းပို့လိုက်သည်၊

ထို့နောက်....

လီစုကျိ အန်စာတုံးကို ဟန်ပါပါ ကောက်ကိုင်လိုက်လေသည်။

သည့်နောက်တွင်ကား လီစုကျိသည် အန်စာတုံးသုံးတုံးကို ဖြစ်သလို လွှတ်ချလိုက်လေတော့သည်။

"ချွမ်....ချလွမ်....ချွမ်....ချွမ်"

အန်စာတုံးသုံးတုံးက ပန်းကန်လုံးထဲတွင် ချာလည်လည် နေလေသည်။

"ခြောက်သုံးလုံးကွ၊ ကျားသစ်ကွ၊ ကျားသစ်ကွ"

ဝိုင်းအုံကြည့်နေသော လူများက လီစုကျိဘက်မှနေ၍ အော်ဟစ်အားပေးနေကြလေသည်။





ကျားသစ် ဆိုသည်မှာ ခြောက်သုံးလုံး၏ ကိုယ်စားပြု ဝေါဟာရတစ်ခုဖြစ်သည်။ ခဏအကြာ ဆူညံသော အော်ဟစ်သံများကြားတွင် အန်စာသုံးလုံး၏ ဆူညံခြင်း ရပ်သွား၏။

"ခြောက်သုံးလုံး"

"ကျားသစ်"

ထိုအသံများက အခန်းတစ်ခုလုံး ဟိန်းထွက်သွားသည်။ ဒိုင်လုပ်သူက ငွေများလျော်ရန် တွက်ချက်နေချေပြီ။

သို့သော်....

သူ၏မျက်လုံးအစုံသည် တစ်စုံတစ်ယောက်အား မျှော်ကြည့်နေသည့်အလား ဝေ့ယပ်နေသည်။

* * *

ထိုအချိန်မှာပင်....

လီစုကျိ၏ ပခုံးတစ်ဖက်ပေါ်သို့ ထူထဲကြမ်းတမ်းသော လက်တစ်ဖက် ကျရောက်လာသည်။

ပခုံးပေါ်တွင် ရှိနေသည့်လက်မှာ ကျယ်ပြန့် ကြီးမားပြီး စက်ဝိုင်းကြီးတစ်ကောင်၏လက်နှင့်တူသည်။

ထိုလက်ကို မြင်လိုက်ရသော လီစုကျိမှာ ထိုလက်ပိုင်ရှင်မည်သူဖြစ်သည်ကို သိလိုက်ပြီးဖြစ်သည်။

လက်ပိုင်ရှင်မှာ ကြေးစားသိုင်းသမားတစ်ဦး ဖြစ်နေသည်။ ဝိုင်းကြည့်နေကြသူအားလုံးကလည်း နားလည်သည်။ လီစုကျိကလည်း သဘောပေါက်လိုက်သည်။

ယခုအခါ တစ်ခန်းလုံး၏ဆူညံသံသည် မီးကို ရေနှင့် ဖျန်းလိုက်သလို ငြိမ်သက် တိတ်ဆိတ်သွားသည်။

လူအားလုံး ကြောင်ကိုတွေ့သည့်ကြွက်အလား ဖြစ်ကုန်ကြလေတော့သည်။

ကြေးစားလူမိုက်က ပါးစပ်ဖြဲရယ်ပြလိုက်ပြီး....

"ခင်ဗျားနာမည်ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

"လီစုကျိပါ"

"ဩော်....လီစုကျိုကိုး၊ တွေ့ရတာဝမ်းသာပါတယ်ဗျာ"

ထိုလူသည် ဝမ်းသာပါသည်ဟု ပါးစပ်မှ ပြောနေသော်လည်း သူ၏ပုံပန်းမှာ ဝမ်းသာသည့် အရိပ်အယောင် စိုးစဉ်းမျှ မတွေ့ရပါ။

သူ၏မျက်နှာပြင်၌ ရက်စက်ငွေ့များပင် ယှက်ဖြာနေသည်၊ ကြေးစားသိုင်းသမားက ကျန်လက်တစ်ဖက်၏ လက်မဖြင့် သူ၏နှာခေါင်းကို ညွှန်ပြပြီး....

"ကျုပ်နာမည် ထိပါကျမ်း တချို့ကတော့ ကျုပ်ကို သံမဏိလက်ဝါးလို့ ခေါ်ပါတယ်"

လီစုကျိုက ပြုံးလိုက်ပြီး....

"ဩော်....ဩော် သံမဏိလက်ဝါးတဲ့လား၊ တွေ့ရတာဝမ်းသာပါတယ်ဗျာ"

သံမဏိလက်ဝါး ထိပ်ကျမ်းက လီစုကျိုကိုစေ့စေ့ကြည့်လိုက်ပြီး....





"ခင်ဗျားကို ပြောစရာစကားတွေရှိနေပါတယ်၊ ဒါကြောင့် အပြင်ကို ခဏလိုက်ခဲ့ပါဦး"

လီစုကျိုက မျက်မှောင် ကြုတ်ပြီးလျှင်....

"ဘာများပြောစရာရှိလို့လဲဗျာ"

"ဒီလိုပေါ့လေ၊ စကားလေး တစ်ခွန်းနှစ်ခွန်းလောက်ပဲ ပြောချင်တာပါ"

"ခဏလေး စောင့်ပါလားဗျာ၊ ကျုပ်ထပ်ပြီး လောင်းကစားချင်သေးတယ်"

ထိုအခါ သံမဏိလက်ဝါးထိပါကျမ်းက ...

"အခုပဲ သွားကြမယ်"

သူက ပြောရင်းမှ လီစုကျိုအပေါ်တင်ထားသော လက်ချောင်းကလေးများကို အသာအယာကုတ်လိုက်လေသည်။

ကျတွင်....

ဝိုင်းအုံကြည့်နေသော လူအပေါင်းတို့မှာ ထိတ်လန့် တုန်လှုပ် သွားကြလေတော့သည်။ လီစုကျိုအတွက် စိုးရိမ်ပူပန်သွားကြသည်။

အကြောင်းကား....

ထိပါကျမ်း၏ လက်ချောင်းကလေးများသည် သံမဏိကဲ့သို့မာကျောနေပြီး လီစုကျို၏ပခုံးရိုး ကျိုးသွားမည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်သည်။

သို့သော်...

လီစုကျို လုံး မမှုပါ။

သူက အပြုံးမပျက်ဘဲ ထိပါကျမ်းကို စိုက်ကြည့်လိုက်ပြီး....

"ထိပ်ပါကျမ်း ခင်ဗျားပြောစရာရှိရင် ဒီမှာပဲပြောပါလား ဗျာ"

ဟု လေအေးအေးဖြင့် ပြောလိုက်လေသည်။

လီစုကျိ စကားကြောင့် ထိပ်ပါကျမ်း မျက်နှာ တစ်ချက်ကွက်ခနဲ ပျက်သွားသည်။

ခဏကြာမှ သံမဏိလက်ဝါး ထိပ်ပါကျမ်းက....

"ဟင်း ဟင်း ဟင်း မင်း ရက်သွားမှာစိုးလို့ အကောင်းပြောနေတာ၊ တကယ့်တကယ်တော့ မင်းတလူလိမ်၊ ဒါကြောင့် ငွေတစ်သောင်းတောင် လောင်းရဲတာပေါ့"

လီစုကျိက ပြုံးလိုက်ပြီး....

"ဒီမှာ ထိပ်ပါကျမ်း၊ ခင်ဗျားစကားတွေ တဖြည်းဖြည်း လွန်လာပြီ၊ ကျုပ်ငွေရှိလို့ လောင်းတာပေါ့၊ ကျုပ် လူလိမ်ဆိုရင် ကျုပ်က ဘာကိုလိမ်တာလဲ၊ အန်စာကလဲ ခင်ဗျားတို့ပစ္စည်း၊ နေရာကလဲ ခင်ဗျားတို့နေရာ၊ လူကလဲ ခင်ဗျားတို့လူပဲကဲ....လိမ်ချင်းလိမ်ရင် ခင်ဗျားတို့ပဲ လိမ်မှာပေါ့၊ ကျုပ်က လိမ်ရဲပါ့မလားဗျ၊ ခင်ဗျား သေသေချာချာ စဉ်းစားပါဦး"

အမှန်ကို အပြောခံလိုက်ရသော ထိပ်ပါကျမ်းမှာ လီစုကျိစကားကြောင့် မျက်နှာပြင်မှာ နီရဲလာရလေတော့သည်။

* * *

ဒေါသ ထွက်လွန်းမက ထွက်နေသော ထိပ်ပါကျမ်းမှာ သူ့စိတ်သူ မထိန်းနိုင်တော့ချေ။





ထို့ကြောင့် သူက သံမဏိလက်ဝါးဖြင့် လီစုကျိ၏မျက်နှာကို အားကုန်ရိုက်ချလိုက်လေတော့သည်။

"အား"

နာကျင်စွာ အော်လိုက်သံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

အော်လိုက်သူမှာ လီစုကျိအသံ မဟုတ်ပါ။

ထိပ်ပါကျမ်း၏ သံမဏိလက်ဝါးက လီစုကျိအား မရိုက်ပါ။

လီစုကျိက သူ၏ပခုံးပေါ်တင်ထားသော ထိုလူ၏လက်ကို ဖမ်းဆွဲလိုက်ပြီး ရိုက်ချလိုက်သော သံမဏိလက်ဝါးကိုပါ ကျန်လက်တစ်ဖက်ဖြင့် ဖမ်းချုပ်ထားသည်။

ထိုလက်နှစ်ဖက် ဆုပ်ကိုင်ထားပြီး နောက်သို့ ထိပ်ပါကျမ်း၏ခန္ဓာကိုယ်ကို နောက်သို့ လွှဲပစ်လိုက်သည်။

ကျိုတွင်....

ထိပ်ပါကျမ်း၏ခန္ဓာကိုယ်သည် လူများ၏ ခေါင်းပေါ်မှ ကျော်လွှားကာ နံရံဖြင့် ဆောင့်မိသွားသဖြင့် နာကျင်စွာ အော်လိုက်သံဖြစ်ပါသည်။

"ယား"

ထိုအခါ လူမိုက် လေးငါးယောက်က တုတ်ဓားကိုယ်စီဖြင့် ထွက်လာကာ ဝြာသံပေးပြီး လီစုကျိကို ဝိုင်းရံလိုက်ကြလေသည်။

ဝိုင်းအုံကြည့်နေကြသူများ အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့် အလျှိုလျှို ထိမ်းရှောင်သွားကြလေတော့သည်။

"ဟေ့ ...ရပ်လိုက်ကြစမ်း"

ထိုအသံ ကြားလိုက်ရသည်နှင့် လူမိုက်များ၊ လက်နက်များကို ရုပ်သိမ်းကာ နောက်သို့ ဆုတ်သွားကြသည်။ ဟန့်တားသူကိုလည်း ရိုကျိုးစွာ အရိုအသေပြုလိုက်ကြသည်။

ယင်းသို့ အော်လိုက်သူမှာ အသက်လေးဆယ်ခန့်အရွယ်ရှိ လူတစ်ယောက် ဖြစ်လေသည်။

သူ၏နံဘေးတွင် ဝဝတုတ်တုတ်လူတစ်ယောက်ပါ တွေ့ရလေသည်။

"မင်းတို့က ဘာပြုလို့ ကျုပ်နာမည် ဖျက်ချင်ရတာလဲ၊ ကဲ သွားကြစမ်း"

ထိုလူက ကြေးစားသိုင်းသမားများအား မောင်းထုတ်လိုက်သည်။

ထို့နောက် သူက လီစုကျိဘက်သို့ လှည့်လိုက်သည်။ လက်နှစ်ဖက်ဆုပ်ကာ အရိုအသေ ပြုလိုက်ပြန်လေသည်။

"ကျုပ်လူတွေရဲ့ အပြုအမူကို ကျုပ်က သူတို့ကိုယ်စား တောင်းပန်ပါတယ်ဗျာ"

သူ၏တောင်းပန်ချက်ကို လက်ခံသည့်အနေဖြင့် လီစုကျိကလည်း လက်နှစ်ဖက်ဆုပ်ကာ....

"ကိစ္စမရှိပါဘူးဗျာ၊ တကယ်တော့ အခုကိစ္စမှာ ကျုပ်က တောင်းပန်ရမှာပါ"

ထိုအချိန်တွင် သံမဏိလက်ဝါးထိပါကျမ်းက ခြေထောက်ထော့နင်းထော့နင်းဖြင့် ထွက်သွားလေသည်။





အားလုံး အေးဆေးသွားပြီဖြစ်၍ ဒိုင်လုပ်သူအား အသက် လေးဆယ်အရွယ်ရှိ လူက လှည့်၍....

"ဟေ့ ....သူ့ကို ပေးလျော်ရမယ့်ငွေတွေ ပေးလိုက်လေ" ဟု ပြောလိုက်လေသည်။

ထို့နောက် အသက်လေးဆယ်အရွယ်ရှိ ထိုလူက သူ့ကိုယ်သူ မိတ်ဆက်စကား ဆိုလေသည်။

"ကျွန်တော့်နာမည် ချိုရယ်ပါ၊ နောက်လဲ မှတ်ထားပါ"

ထိုနောက် ချိုရယ်က သူ့နံဘေးရှိ အရပ်ပုပုဝဝ လူကို လက်ညှိုးညွှန်ပြပြီး သူ့နာမည်က ချောက်လုံပါ။ ကျုပ်ရဲ့ လုပ်ငန်းများ အုပ်ချုပ်ရေး တာဝန်ယူထားတဲ့လူပါဟု ပြောဆို မိတ်ဆက်ပေးလိုက်သည်။

လီစုကျိက....

"ဟုတ်ကဲ့....အားလုံးကိုပဲ တွေ့ရတာ ဝမ်းသာပါတယ်"

သူက ပြောရင်းမှ ငွေများကို သိမ်းဆည်းနေလေသည်။

ချိုရယ်က လှိုက်လှဲစွာဖြင့်....

"ခင်ဗျားဟာ အမတ်ကြီးလီစုရင်ရဲ့သား လီစုကျိမှန်း အခုမှသိလို့ ကျွန်တော်တို့ အလွန့်အလွန်ကို အားနာမိပါတယ်၊ မနက်ဖြန် ညနေကျရင်တော့ ကျွန်တော် ညှော်ခံပါရစေ"

အခြေအနေကြည့်ရသည်မှာ သူ့အနေဖြင့် ငြင်းပယ်၍ မရမှန်း လီစုကျိ သိထားသည်၊ ထို့ကြောင့် သူက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပါပြီဗျာ၊ ကျုပ် ဆက်ဆက်လာခဲ့ပါ့မယ်"

ဟု လက်ခံလိုက်လေသည်။

ချိုရယ်မှာ လီစုကျီက သူ၏ဖိတ်ကြားမှုကို လက်ခံလိုက်သည့်အတွက် အတော် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

သူက ပြုံးရွှင်စွာဖြင့်....

"ဒါဆိုရင် မနက်ဖြန်ညနေ နီရွှေခုန်း စားသောက်ဆိုင်ကို ကြွခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ"

လီစုကျီ ခေါင်းတစ်ချက်ညိတ်သည်။ သူ့အား ခပ်ပြုံးပြုံး ဟန်ပန်ပြုလျက်....

"ဟုတ်ကဲ့၊ မနက်ဖြန် နီရွှေခုန်းမှာတွေ့ကြတာပေါ့ဗျာ"

ဟု ပြောဆိုလိုက်လေတော့သည်။

★



## အခန်း ( ၁၂ )

## အဆိပ်

နီရွှေခုန်းစားသောက်ဆိုင်သည် အလွန်တရာ နာမည်ကြီးသော စားသောက်ဆိုင်တစ်ဆိုင် ဖြစ်လေသည်။

ထိုဆိုင်မှ ရောင်းသောအစားအစာများမှာ အစပ်အချဉ်က များသည်။

အစပ်အချဉ်သာ စားသုံးလိုကြသော လူအပေါင်းတို့သည် ထိုဆိုင်သို့သာ လာရောက်စားသောက်တတ်ကြသည်။

နီရွှေခုန်း စားသောက်ဆိုင်ထဲ၌ စားပွဲတစ်လုံးတွင် လူသုံးယောက် ရှိနေလေသည်။

ဧည့်ခံသည့်လူက နှစ်ယောက်ဖြစ်သည်။

ဧည့်သည်က တစ်ဦးတည်းသာ။

စားပွဲပေါ်၌ ဟင်းလျာများ အပြည့်ရောက်နေသည်။ ဟင်းများက အလွန်တန်ဖိုးကြီးသော ဟင်းလျာများဖြစ်သည်။

အရက်အိုးများကလည်း တန်ဖိုးမြင့်မားလှသည်။

ထမင်း ဟင်းလျာ အရက်များနှင့် ဧည့်ခံသူက ချိုရယ်နှင့် ချောက်လုံတို့နှစ်ဦးသာဖြစ်သည်။

ဧည့်သည်မှာ လီစုကျို ဖြစ်ပါသည်။

လီစုကျိုက ပြည့်ကျပ်နေသော ဟင်းလျာများကို ကြည့်ကာ ပြုံးလိုက်သည်။ သူက ဧည့်ခံသူ ချိုရယ်နှင့် ချောက်လုံတို့ကို ကြည့်ပြီး....

"အားနာစရာကြီးဗျာ၊ ဟင်းလျာတွေကများလွန်းတော့"

ဟု ပြောလိုက်လေသည်။

ချိုရယ်က ပြုံးပြီး....

"အားနာစရာမဟုတ်ပါဘူး၊ ခင်ဗျား စိတ်ကြိုက် စားမှာသာ စားစမ်းပါ"

သူတို့စိတ်ထဲတွင်တော့ သေမည့်သူတစ်ယောက်အား အဝ ကျွေးမွေးလိုက်ရသော သဘောများပိုက်ထားခြင်းသာဖြစ်လေသည်။

အကြောင်းမှာ....

သူတို့သည် ယခုကဲ့သို့ အစီအစဉ်များ မပြုလုပ်မီ ကြိုတင်တွက်ချက်စီမံထားပြီးမှ အစီအစဉ်အတိုင်း အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်ပါသည်။

ချိုရယ်တို့လူစုသည် နီရှေခုန်းမှနာမည်ကျော်ကြားနေသော ဟင်းလျာတစ်မျိုးဖြစ်သည့် ငါးခေါင်းဟင်းချို လာရောက်ချသောအခါ စတင်ရန်ဖြစ်သည်။





သူတို့သည် ငါးခေါင်းကို ခေါင်းဆောင်ဖြစ်သူ ချောက်လုံက တူဖြင့် လှမ်းလိုက်သည်နှင့် လီစုကျိုအား တိုက်ခိုက်ရန် ဖြစ်ပါသည်။

ယခုနေ့....

နီရှေခုန်းစားသောက်ဆိုင်ရှိ စားပွဲထိုးလုလင်များ ခါတိုင်းနေ့ကထက် ပိုများသည်ဟု လီစုကျို တွေးနေမိသည်။ သတိလည်းပြုမိလိုက်သည်။

အထူးသဖြင့် စားပွဲထိုး လုလင်များ၏ လက်များသည် ဆီကြေးများ ပေကျံခြင်း မရှိပါ။ သူတို့၏ လက်များက အလွန်မှ သန့်ရှင်းနေလေသည်။

သူတို့၏ ပန်းကန်ကိုင်ပုံ၊ သွားလာပုံများမှာ ကျွမ်းကျင်မှု မရှိသော သူစိမ်းများနှင့် တူလှသည်။

အလုပ်သမားပုံစံ မပေါက်သည်ကတော့ သေချာနေ၏။

ထိုစားပွဲထိုး လုလင်များမှာ အမြဲတစေ ခေါင်းငုံ့ထားကြသည်။

လီစုကျိုက ဟင်းလျာများ စားရင်း စားပွဲထိုးများကို အကဲခတ် ကြည့်ရှုနေသေးသည်။

သူသည် ယခုကဲ့သို့ လောင်းကစားနေရာသို့ လာရောက်ကစားနေခြင်းမှာ ချိုရယ်နှင့် ချောက်လုံကို အန္တရာယ်ပေးရန် မဟုတ်ပါ။

သူက မည်သူ့ကိုမှ ဒုက္ခပေးလိုသူ မဟုတ်ပါချေ။

လီစုကျိုက လူတစ်ယောက်ကို တွေ့လို၍ ယခုကဲ့သို့သော နည်းလမ်းကို အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

သူ့ အလှန်အမင်း တွေ့လိုသူကား ကစားသမား ချင်ဝမ်းပင် ဖြစ်ပေတော့သည်။

ချင်ဝမ်းသည် ခြောက်သုံးလုံး အပွင့်များ မလွဲမသွေ ပစ်နိုင်သူ ကစားသမားတစ်ယောက်၏ သတင်းကို ကြားသည်နှင့် မလွဲမသွေ ပဖြစ်ဖြစ်သည့်နည်းဖြင့် ရောက်အောင်ရှာလိမ့်မည်ဟု တွက်ချက်ထားသောကြောင့် ဖြစ်သည်။

သို့အတွက်....

ယခု ချူရယ်နှင့် ချောက်လုံတို့က ပြေငြိမ်းစေလိုသောသဘောဖြင့် ထမင်းဖိတ်ကျွေးသည်ကို အားနာနေမိခြင်းဖြစ်ပါသည်။

နီရွှေခုန်း၏နာမည်ကြီးသော ငါးခေါင်းဟင်းချို ရောက်ရှိလာပြီဖြစ်သည်။ ငါးခေါင်းဟင်းချိုရောက်သည်နှင့် စားပွဲထိုးလုလင်နှစ်ယောက်က ဝဲယာညှပ်၍ စောင့်နေလေသည်။

ငါးခေါင်းဟင်းလျာပန်းကန် ယူဆောင်လာသော လုလင်သည်လည်း နောက်ဆုတ်သွားပြီဖြစ်သည်။ သူက ခေါင်းငုံ့လျက် လီစုကျီ၏ နောက်ကျော၌ ရပ်နေလေသည်။

ချောက်လုံက ပြုံးပြလိုက်ပြီး....

"ကဲ....ငါးခေါင်းဟင်းချိုကို မြည်းကြည့်ပါဦး"

လီစုကျီက ပြုံးပြလိုက်သည်။

"လုပ်ပါဗျာ....ခင်ဗျားလဲ စားပါ"

ချောက်လုံက လက်ဆန့်တန်းလိုက်ပြီး တူကို ကောက်ကိုင်သည်။ သူက တူဖြင့် ငါးခေါင်းကို ညှပ်လိုက်သည်။

ထိုစဉ်မှာပင်....





လီစုကျီက ထိုင်ရာမှထပြီး ရုတ်တရက် စားပွဲအား ခြေထောက်ဖြင့် ကန်ချလိုက်လေတော့သည်။

ကြမ်းပြင်ပေါ်သို့ ဟင်းပန်းကန်များ၊ အရက်အိုးများ၊ ဆူညံစွာ ပေါ်ထွက်လာသည်။

သူက....

"လက်စသတ်တော့ မင်းကိုး" ဟု အော်ဟစ်လျက် သူ၏ခန္ဓာကိုယ်ကို ခုန်ထရပ်လိုက်လေတော့သည်။

* * *

ထိုအချိန်တွင် ဟင်းလျာချပေးသော လုလင်မှာ အခန်းဝသို့ ရောက်ရှိနေပြီဖြစ်သည်။ ပန်းကန်များ ကျကွဲသံကြောင့် လုလင်က နောက်လှည့်ကြည့်မည်ပြုသည်။

ဤအချိန်တွင် လီစုကျီက ဆိုင်လုလင်အား ခုန်အုပ်လိုက်ပြီး ဖြစ်နေလေတော့သည်။

ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်စောင့်နေကြသော စားပွဲထိုးလုလင်နှစ်ဦးမှာလည်း စတင်လှုပ်ရှားလိုက်ပြီ ဖြစ်သည်။

သူတို့သုံးယောက်က လျှပ်တစ်ပြက် လက်နက်ပုန်းများဖြင့် လီစုကျီအား ပစ်လွှတ်လိုက်သည်။

စတင်လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် လက်နက်ပုန်းများဖြင့် လီစုကျီအား ပစ်ခတ်လိုက်ကြလေတော့၏။

လူသုံးယောက် တစ်ပြိုင်နက်တည်း လှုပ်ရှားလိုက်သည့်အခါမှ သူတို့လက်များတွင် သားရေအိတ်များ စွပ်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ပစ်လွှတ်လိုက်သော လက်နက်များမှာ အဆိပ်ပြင်းထန်လှသော ဆီးစေ့တမျှ အရွယ်ရှိသော ဆူးလုံးကလေးများပင် ဖြစ်ပါသည်။

ထိုလူသုံးယောက်က ဆက်မတိုက်ခိုက်မီပင် အသေးစိတ်တွက်ချက်ထားခဲ့သည်။

သူတို့၏တိုက်ခိုက်မှုသည် ဟာကွက်မရှိပါ။ လိုလေသေးမရှိအောင် ပြည့်စုံသည်ဟု ထင်ထားသည်။

သို့သော်....

သူတို့ လှုပ်ရှားမည့်အချိန်မှာပင် လီစုကျိုက ငါးခေါင်းဟင်းချို လာပို့သည့်စားပွဲထိုးကို မြင်သွားသည်။ ထိုစားပွဲထိုးကို မြင်သည်နှင့် မိမိ၏အိမ်တော်သို့ ကွမ်းစန်ချိန်းနှင့်အတူ ပါလာသော လူတစ်ယောက်ဖြစ်သည်ကို ချက်ချင်းမပ်မှတ်မိလိုက်လေသည်။

သို့အတွက်ကြောင့်....

သူတို့၏အကြံအစည်မှာ သူတို့စီစဉ်သလို ဖြစ်မလာတော့ချေ။ ဒါကြောင့် ဖြစ်သလို အခြေအနေပေါ်မှာ မူတည်ပြီး လှုပ်ရှားလိုက်ရလေတော့သည်။

လီစုကျိုက ထိုလူ၏လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။ လုလင်၏လည်ကုပ်ကို ဆုပ်ကိုင်ပြီး သူ့ထံ ပစ်လွှတ်လိုက်သော အဆိပ်လက်နက်ပုန်းများကို ခံပေးလိုက်သည်။





"အား"

ဆိုင်လုလင်သုံးယောက် ပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် ငါးခေါင်းဟင်းချို လာချပေးသည့် လုလင်ကို ထိမှန်သွားသည်။

ကျန်လူနှစ်ယောက်မှာလည်း အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ပြေးထွက်သွားလေတော့သည်။

လီစုကျိုက သေဆုံးနေပြီဖြစ်သော လုလင်၏ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ထို့နောက် သူက ချီရယ်နှင့် ချောက်လုံတို့ဘက်သို့ လှည့်ကာ ရင်ဆိုင်လိုက်လေသည်။

လူသည် တိုက်ခိုက်နေရသော်လည်း ဒေါသ မကြီးပါ။ မျက်နှာပြင်၌ သွေးရောင် မရှိသေးပါချေ။

သို့သော်....

သူ၏မျက်နှာပြင်၌ လက်နက်ပုန်းအချို့က ထိရှသွားလေသည်။

ဆီးစေ့ခန့်ရှိသော လက်နက်ပုန်းတစ်ခုက လီစုကျို၏ပခုံးကို စိုက်ဝင်နေသည်။

ဒါပေမယ့် ယခုကဲ့သို့ လက်နက်ပုန်း စိုက်ဝင်နေသည်ကို ချောက်လုံနှင့် ချီရယ်တို့ကို အသိပေး၍ မဖြစ်ပါ။

သူသည် အဆိပ်တန်ခိုးမပြမီ တောင့်ခံထားမှ ဖြစ်မည်။ အကယ်၍....

သူ့၌ အဆိပ်မိခံထားရသည်ကို ချိုရယ်နှင့် ချောက်လုံ သိရှိသွားပါက သူ့အသက် သေဆုံးသွားမည်မှာတော့ သေချာသည်။

* * *

ချောက်လုံ၏နဖူးပေါ်တွင် ချွေးတပေါက်ပေါက် ကျနေလေသည်။

ချိုရယ်၏ မျက်နှာပြင်တစ်ခုလုံးမှာ သွေးရောင်ပင် မရှိတော့ပါချေ။

သူတို့နှစ်ဦး၏ခန္ဓာကိုယ်များသည် ကြောက်လန့်မှုကြောင့် တဆတ်ဆတ်တုန်ယင်နေပြီဖြစ်သည်။

မယုံကြည်နိုင်သောမျက်လုံးများဖြင့် လီစုကျိုကို ကြောင်တောင်တောင်ကြည့်နေကြသည်။ လက်ဖဝါးများ၌လည်း ဇောချွေးဖြင့် ပျစ်ချွဲနေပြီဖြစ်သည်။

အကြောက်လွန်သောကြောင့် ဆံပင်များပင် ထိုးထိုးထောင်ထောင် ဖြစ်နေလေပြီ။

"ဒီအကြံဉာဏ်ကို ဘယ်သူက ပေးတာလဲ"

လီစုကျိုက အံတင်းတင်းကြိတ်ပြီး သူတို့နှစ်ဦးရှေ့တွင် ရပ်ကာ မေးနေလေသည်။

ချောက်လုံနှင့် ချိုရယ်တို့က စကားမပြောပါ။ ဆိတ်ဆိတ်နေလိုက်သည်။ ပါးစပ်ကိုလည်း တင်းတင်းစေ့ထားသည်။

သူတို့ ရှင်းမပြရဲပါ။





အကယ်၍ ရှင်းပြလျှင်လည်း လီစုကျိုက သူတို့၏ ပြောဆိုချက်ကို ယုံကြည်မည်မဟုတ်ပါ။

ယခုအခြေအနေအရ လီစုကျို၏ ပြုမူသမျှကို ခံယူရမည့် အနေအထားတွင် ရှိနေသည်။

ဒါပေမယ့်....

လီစုကျိုက သူတို့အား ယခုအချိန်အထိ လက်တုံ့ပြန်ခြင်း မရှိပါချေ။

"ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကို မသတ်တော့ဘူးလား"

သူက တပ်မံ၍ ချိုရယ်နှင့် ချောက်လုံတို့ကို မေးမြန်းလိုက်ခြင်းဖြစ်သည်။

ချောက်လုံတို့နှစ်ဦးမှာ ခေါင်းကလေးငုံ့ထားရုံမှတစ်ပါး မည်သို့မျှ ပြန်မပြောကြပါချေ။

ထို့ကြောင့် လီစုကျိုက သူတို့နှစ်ဦးကို ရှုရဲ့စွာကြည့်ပြီး....

"ခင်ဗျားတို့နှစ်ယောက်ကို အခု မသတ်ချင်သေးဘူး၊ ဒါပေမယ့် ဒီစာရင်းကို ကျုပ် တစ်နေ့ လာရှင်းရမယ်"

လီစုကျို ထိုသို့ ဟန်ပါပါပြောပြီး နီရွှေခုန်းစားသောက်ဆိုင်ထဲမှ ချာခနဲ လှည့်ထွက်လာခဲ့လေတော့သည်။

တကယ်တော့ လီစုကျိုမှာ သူကိုယ်တိုင် သူ့ဝေဒနာကို သိနေသည်။

ရန်သူများရှေ့၌ သူက ဟန်လုပ်၍ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ဟန်ပန်အမူအရာသည် တစ်ခါတစ်ရံ၌ အလွန်မှအသုံး
ဝင်ချေသည် တကား"

* * *

ဒဏ်ရာသည် လုံးဝ နာကျင်ခြင်းမရှိပါ။
အနည်းငယ် ထုံထုံထုံမျှ ခံစားနေရသည်။
ပုရွက်ဆိတ်တစ်ကောင် ကိုက်ခဲခံရသည့်အလား ယားရံထုံ
နေသည်။

သို့သော်....
သူ၏ဦးခေါင်းတစ်ခုလုံး မူးဝေလာသည်။
ပတ်ဝန်းကျင်တစ်ခုလုံးရှိ အရာရာသော ဝတ္ထုပစ္စည်း အား
လုံးမှာချာလည်လည်စပြုလာပြီဖြစ်သည်။
မျက်လုံးများလည်း တစ်စထက်တစ်စ ပြာဝေလာသည်။
ထူးသူမျိုး၏ အဆိပ်လက်နက်ပုန်းသည် အလွန်နာမည်ကြီး
သည်။

အဆိပ်ကလည်း အလွန်ပြင်းသည်။
ထိုအဆိပ်လက်နက်ပုန်း ထိမိသူသည် သေလမ်းမှ လွဲ၍
အသက်ရှင်လမ်း မရှိပါချေ။
လီစုကျိက ရင်ကိုကော့၍ နီရွှေခုန်း စားသောက်ဆိုင်မှ
ထွက်လာခဲ့လေသည်။

သူသည် ယခုအခါ မိမိအသက် မျှော်လင့်ချက်ရှိမရှိမသိပါ။
သို့သော်....

ကျော်ခင်စာပေ



လီစုကျိ ထိုနေရာမှ ဝေးနိုင်သမျှဝေးအောင် ဝေးဝေး
သွားလိုသည်
မိမိ ယခုအချိန်တွင် သေဆုံးသည့်တိုင်အောင် သူသည်
ရန်သူ၏ရှေ့မှောက်၌ ဝေဒနာခံစားပြီး မသေလိုပါ။
ယခု....
လီစုကျိ နီရွှေခုန်းစားသောက်ဆိုင်ထဲမှ ဟန်အပြည့်မာန်
အပြည့်ဖြင့် ထွက်လာနိုင်ခဲ့သည်။
ဒါပေမယ့်....
သူ မည်မျှ ဝေးဝေးသွားနိုင်ပါမည်နည်း။

* * *

နေခြည်သည် တွေ့ထိခံရသူအပေါင်းကို ပူစပ်ပူလောင်ဖြစ်
အောင် အပူစွမ်းအင်များ ထုတ်လွှတ်နေသည်။
လီစုကျိ၏မျက်လုံးအစုံသည် အရောင်မျိုးစုံ ထုတ်လွှတ်နေ
ပြီး ပတ်ဝန်းကျင် သူမြင်သမျှ အရာတို့မှာ ဆေးရောင်စုံ
ခြယ်ထားသလိုထင်နေရလေ၏။
မျက်သုံး က တစ်စထက်တစ်စ ပြာဝေလာသည်။
လမ်းမပေါ်တွင် သွားလာနေကြသူ အပေါင်းမှာ ဆေး
ရောင်စုံပုံးထဲ ခုန်ချပြီးမှ ထွက်လာသည့် မင်းသားမင်းသမီး
လို ထင်နေသည်။
တစ်ခါတစ်ရံ၌ အမည်းစက်အရိပ်ကလေးများလှုပ်ရှားနေ
သည်ဟု မြင်ရလေသည်။

ကျော်ခင်စာပေ

လျှောက်လှမ်းနေသော သူ၏ခြေထောက်နှစ်ဖက်မှာလည်း အခြေမခိုင်တော့ပါ။ အမူးလွန်သူတစ်ယောက်လို ခြေထိုးနေသည်။

သူ မြင်းလှည်းငှားရန် စိတ်ကူးလိုက်သည်။

သို့သော်....

လမ်းတစ်ဖက်၌ မြင်းလှည်းတစ်စီး ရပ်နေသည်ကို မမြင်နိုင်ပါချေ။

လရိစုကျို ကြိုးစားလျှောက်လာရင်းမှ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို ဝင်ရောက်တိုက်မိသည်ဟု သိလိုက်ရသည်။

သူဝင်ရောက်တိုက်မိသည့် သူကလည်း သူ့အား မေးခွန်းပေါင်းများစွာ မေးနေသည်ဟု ထင်မြင်နေမိသည်။

သို့ပေမယ့် သူ၏အသံ ဝိုးဝိုးဝါးဝါး ဖြစ်နေသည်။ဝေးလံသောအရပ်မှ ထွက်လာသည့် အသံနှင့် တူလှသည်။

ထိုလူသည် မည်သူနည်း။

သူ၏ ရန်သူလော။

မိတ်ဆွေဖြစ်ပါသလော။

ဝေခွဲမရဖြစ်နေသော လရိစုကျို မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်လေသည်။

ဒါပေမယ့်....

လရိစုကျိုမှာ ထိုလူ၏ မျက်နှာပြင်ကို ပီပြင်စွာ တွေ့နိုင်စွမ်း မရှိပါချေ။

"ဟေ့ လရိစုကျို မင်း ငါ့ကိုမမှတ်မိဘူးလား၊ ငါ ချင်ဝမ်းလေကွာ"





ယခုမှ သူ မှတ်မိသွားသည်။

သူ့အား မေးမြန်းနေသူမှာ သူရှာဖွေနေသော ချင်ဝမ်းပင် ဖြစ်နေသည်။

လရိစုကျို ကြိုးစားပြုံးလိုက်သည်။

သူက ချင်ဝမ်း၏ပခုံးကို ကြိုးစားဆုပ်ကိုင်လိုက်ပြီး....

"ကျုပ်ကိုယ်ကျုပ် သောင်းကြေး စားကြေးတစ်ခု လုပ်ထားတယ်ဆိုတာ မင်းသိသလား"

ဟု အာလေးလျှာလေးဖြင့် မေးလိုက်လေသည်။

ချင်ဝမ်းက မျက်မှောင်ကုတ်ပြီး....

"ဘာများလဲကွ"

"ချင်ဝမ်း....မင်း ငါ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လာရှာလိမ့်မယ်လို့ အခုတော့ ကျုပ် နိုင်ပြီလေ"

လရိစုကျိုက ပြောရင်းမှ မြေပြင်ပေါ်သို့ ပစ်လဲကျသွားတော့သည်။

*   *   *

လရိစုကျို မသေပါ။

သူ သတိလစ် မေ့မြောနေခြင်းဖြစ်သည်။

သတိလစ်နေစဉ် သူသည် ရွက်လှေ တစ်စင်းပေါ်တွင် ရှိနေသလို ခံစားနေရလေသည်။ သူ၏ခန္ဓာကိုယ်မှာ လေထဲတွင် ရောက်နေသလို ဖြစ်နေသည်။

သို့သော်....

သူသတိပြန်ရချိန်၌ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ သူ၏ခန္ဓာကိုယ်မှာ ခုတင်တစ်လုံးပေါ်တွင် တည်တည်ငြိမ်ငြိမ် လဲလျောင်းနေသည်ကို တွေ့လိုက်ရလေသည်။

ချင်ဝမ်းက ခုတင်နံဘေးတွင် ရပ်လျက် သူ့အား ပြုံးကြည့်နေလေသည်။

လီစုကျိ သတိပြန်လည်ရရှိနေသည်ကို တွေ့လိုက်ရသော ချမ်ဝမ်းမှာ ဝမ်းသာပီတိဖြစ်လွန်း၍ ပြုံးနေသေသည်။

သူက လီစုကျိကို ပြုံးပြလိုက်ပြီး....

"ကျုပ်ကိုယ်ကျုပ်လဲ လောင်းကြေးတစ်ခု လောင်းထားသေးတယ်ကွ"

ဤတွင် လီစုကျိက ခြောက်သွေ့နေသော နှုပ်ခမ်းကို လျှာဖြင့် ပွတ်ရင်းမှ....

"ဘာများ လောင်းကြေးလုပ်ထားသလဲ"

ဟု မေးလိုက်သည်။

ယခုအခါ လီစုကျိ၏ အသံသည် ချည့်နဲ့နေလေသည်။ အားအင်မရှိသလို ဖြစ်နေရသည်။

ချင်ဝမ်းက ရယ်လိုက်သည်။

"ကျုပ်က မင်းအသက်ကို ကယ်နိုင်လိမ့်မယ်လို့"

သူက ပြောပြီး စကားစကို ရပ်လိုက်သည်။

ထို့နောက် သူက ကလေးတစ်ယောက်လို အူမြူးရင်း

"အခုတော့ ကျုပ်နိုင်ပြီလေ"





လီစုကျိက ပျော်မြူးနေသော ချင်ဝမ်းကို ငေးကြည့်နေလေသည်။

သူ့ရင်ထဲမှာတော့ ဝမ်းသာနေသည်။

* * *

ယခု....

လီစုကျိမှာ ဆားနှင့် ဆံပြုတ်ရည်များ စားသောက်နေလေပြီ။

ထို့ကြောင့် သူ၏ခွန်အားသည် တစ်နေ့တခြားတိုးတက်လာလေတော့သည်။

"နေပါဦး ကျုပ်အသက်ကို ကယ်နိုင်အောင် ခင်ဗျားဘယ်က ဖြေဆေးရသလဲ"

ထိုသို့မေးလိုက်ခြင်းမှာ ထူးနိုင်ငံ၏ ထူးခြားသောအဆိပ်သည် ဖြေဆေးမရှိဟု သိထားပြီးဖြစ်သည်။

ယခု သူ၏ အသက်ရှင်သန်နေခြင်းမှာ မည်သည့်နေရာက ဖြေဆေးရသည်ကို သိလိုသောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် ထိုဆေး ရရှိခြင်းကို အလွန်ပြင်းပြစွာ သိချင်နေသည်။

ထိုအခါ ချင်ဝမ်းက....

"ကျုပ် အဋ္ဌမမြောက်နေရာရောက်တော့မှ မင်းကို ကယ်တင်နိုင်တဲ့လူ ပေါ်လာတော့တယ်ကွ"

ချင်ဝမ်းက ပြုံး၍ ရှင်းပြသည်။

လီစုကျိုက မျက်မှောင်ကုတ်သွားသည်။

သူ တာမနားမလည်နိုင်အောင် ဖြစ်သွားရသည်။ လီစုကျိုက မုက်လုံးအပြူးသားဖြင့် ငေးကြည့်နေသည်။

"ဗျာ....အဌမမြောက်နေရာ ဟုတ်လား အဌမမြောက်ဆိုတာ...."

ကျွတ်တွင် ချင်ဝမ်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်၊ မနေ့ညက တစ်ညလုံး ကျုပ် သမားတော်တွေ တစ်ယောက်ပြီးတစ်ယောက် လိုက်ရှာတယ်၊ ဒါပေမယ့် အားလုံးက ဓီအဆိပ်အကြောင်း သိတာနဲ့ ခေါင်းခါကြတယ်၊ နောက်ဆုံး ဒီရောက်လာမှ မင်းအတွက် ဖြေဆေး ရတော့တယ်"

ချင်ဝမ်း၏ရှင်းပြမှုကြောင့် လီစုကျိုံ ပို၍ အံ့အားသင့်သွားရသည်။

"ခင်ဗျားက ဒီရောက်မှ ဖြေဆေးရတယ်ဆိုတော့ ဒီအိမ်က သမားတော်က ဒီဖြေဆေးရှိတယ်ပေါ့ ဟုတ်လား"

ထိုအခါ ချင်ဝမ်းက ခေါင်းခါပြသည်။

"ဒီအိမ်က သမားတော်တစ်ယောက်ရဲ့အိမ် မဟုတ်ပါဘူး၊ ကျုပ်မိတ်ဆွေတစ်ယောက်ရဲ့အိမ်ပါ၊ ကျုပ်ကလဲ သမားတော်အားလုံးက တစ်ယောက်ပြီးတစ်ယောက် ခေါင်းခါနေတော့ စိတ်ပျက်လာပြီး ဒီမှာပဲ အနားယူပြီး မင်းသေရင်လဲ ဒီမှာပဲ မြှုပ်ပစ်မလို့ စိတ်ကူးပြီး ဒီအိမ်ကို ခေါ်လာတာပါ"

သူ၏ရှင်းပြချက်ကို လီစုကျိုက မေးသည်။





"ဒါဖြင့် ဖြေဆေးကော"

ချင်ဝမ်းက....

"ကျုပ် ဒီအိမ်ကို ရောက်ရောက်ချင်းပဲ လူတစ်ယောက်က ဖြေဆေး လာပေးသွားတာပဲ၊ ကျုပ်ကလဲ မင်း သေမယ့်အတူတူ ရှင်လိုရှင်ငြား ဆိုပြီး သူပေးတဲ့ဖြေဆေးကို မင်းကို တိုက်ကျွေးလိုက်တယ်လေ"

လီစုကျိုက ပြန်၍....

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ၊ သူ့နာမည် ဘယ်လိုခေါ်သလဲ"

ပြန်လှန်မေးခွန်းကြောင့် ချင်ဝမ်း မျက်မှောင်ကုတ်သွားသည်။

"ကျုပ်တို့ ခင်ဗျားကို အဆိပ်ဖြေဆေး တိုက်ကျွေးနေတဲ့ အချိန်မှာပဲ သူ ထွက်သွားလို့ ဘယ်သူလဲဆိုတာ မမေးမိလိုက်ပါဘူး"

လီစုကျိုသည် ချင်ဝမ်း၏စကားကို ကြားလိုက်ရသော အခါ သူ့စိတ်ထဲတွင် မေးခွန်းပေါင်းများစွာ ပေါ်ပေါက်လာလေတော့သည်။

မိမိကို တိုက်ကျွေးသော အဆိပ်ဖြေဆေးသည် ထူးနိုင်ငံ၏ မင်းဆွေမင်းမျိုးများသာ ကိုင်ဆောင်လေ့ရှိသည်။

အခြား ရိုးရိုးသာမန်အရပ်သားများ ထိုအဆိပ်ဖြေဆေးကို ကိုင်ဆောင်ခွင့်မရှိပါ။

လက်နက်ပုန်းများကိုင်ဆောင်၍ သူ့ကို ဝိုင်းတိုက်ခိုက်ကြသူများပင် ကိုင်ဆောင်ခွင့် မရှိပါ။

ဖြေဆေးလည်း သူတို့ကိုယ်တိုင် ကိုင်ဆောင်ခွင့် မရှိပါ၊ ထို့ကြောင့်....

လီစုကျုံအား ဖြေဆေးလာရောက်ပေးသူသည် ထူးနိုင်ငံ သား ဖြစ်ရပါမည်။

သို့သော်....

အမှန်တကယ်တော့ ထူးနိုင်ငံကလူသည် သူ့အား အသေ သတ်ရန်သာဖြစ်သည်။ မည်သည့်နည်းနှင့်မှ ဖြေဆေးပေးမည် မဟုတ်ပါ။

ဤသို့ဆိုလျှင် စဉ်းစားစရာ တစ်ခု ဖြစ်လာသည်။

ထိုဖြေဆေးပေးသူသည် ထူးနိုင်ငံသား မဟုတ်နိုင်ပါ၊ မဖြစ်နိုင်ပါ။

ဒါပေမယ့် ထိုဖြေဆေးပေးသူသည် ထူးနိုင်ငံ၏အရေးပါ အရာရောက်သူ ဖြစ်မည်နည်း။

သူသည် တွေးရင်း-တွေးရင်း ချာချာလည်သွားလေတော့ သည်။

* * *

အတွေးကွန်ရက်တွင် လှင့်မျောနေသော လီစုကျုံကို ကြည့်ပြီး ချင်ဝမ်းက ပြုံးစိစိဖြင့်....

"ငါက မင်းကို လာရှာလိမ့်မယ်ဆိုတာ မင်း သိထား တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ် သိထားပါတယ်"





"ဘာဖြစ်လို့၊ မင်းက အဲဒီလို သိထားရဘာလဲ"

"ခင်ဗျားက အန်စာ ကစားသမားတစ်ယောက် မဟုတ် လား၊ အန်စာပစ်တိုင်း ခြောက်သုံးလုံး အပွင့်ဖြစ်အောင် ပစ်နည်းကို လိုချင်နေလိမ့်မယ်လို့ ကျုပ်က သိထားတယ် လေ"

ချင်ဝမ်းသည် လီစုကျုံ၏စကား ကြားလိုက်ရသော အခါ သူက အော်ဟစ် ရယ်မောလိုက်ပြီး....

"ဟား....ဟား....ဟား၊ ဒါကြောင့် မင်းမသေအောင် ငါ ဘယ်လောက် အပင်ပန်းခံရတယ်ဆိုတာ မင်း နားလည် တယ် မဟုတ်လား"

လီစုကျုံက ပြုံးလိုက်ပြီး....

"နားလည်ပါတယ် ဗျာ"

"ဒါဖြင့် နည်းကလေး"

လီစုကျုံက လက်ကာပြလိုက်သည်။

"ကျွန်တော်က သင်ပေးပါ့မယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်ကို လူတစ်ယောက်ရဲ့သတင်း စုံစမ်းပေးပါဦး"

"လူတစ်ယောက်ဟုတ်လား"

ချင်ဝမ်းက တအံ့တသြလေသံဖြင့် မေးလိုက်သည်။

လူတစ်ယောက်ကို ရှာပေးရမည်ဆို၍ အံ့သြနေခြင်းဖြစ် ပါသည်။

"ဟုတ်တယ်၊ လူတစ်ယောက်ပါ"

"နာမည်"

ချင်ဝမ်းက တိုတိုတုတ်တုတ် မေးလိုက်သည်။

လီစုကျီကလည်း တိုတိုတုတ်တုတ်ပင် ပြန်ဖြေသည်၊

"ကွမ်းစန်ချိန်း"

ထိုအမည်ကို ကြားလိုက်ရသောအခါ ချင်ဝမ်းမျက်မှောင် ကုတ်သွားသည်။

"ဘာလဲ ကွမ်းစန်ချိန်းဆိုတာ ထူးနိုင်ငံကို ထွက်ပြေး သွားတဲ့ အမတ်ကြီး မဟုတ်လား"

"ဟုတ်တာပေါ့"

"ကွမ်းစန်ချိန်း ထူးနိုင်ငံမှာ ရှိနေတယ်ဆိုတာ လူတိုင်း လူတိုင်း သိနေပြီပဲဟာ"

လီစုကျီက တည်ငြိမ်စွာဖြင့်....

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကျွန်တော်ကတိတိကျကျ သိချင်လို့ပါ၊ နောက်ပြီး သူ ထူးနိုင်ငံရဲ့ ဘယ်နေရာမှာရှိတယ် ဆိုတာ သိချင်လို့ပါ"

ထိုအခါ ချင်ဝမ်းအကြည့်က လီစုကျီအပေါ် ကျရောက် လာသည်။

"မင်း သူ့ကိုတွေ့ချင်တယ်ဟုတ်လား"

"ဟုတ်တယ်"

"သူ့ရဲ့ ခေါင်းစွမ်းရည်ကို ယှဉ်ပြိုင်နိုင်တဲ့လူ မရှိသေးဘူး ဆိုတာ မင်း မသိဘူးလား"

လီစုကျီက ခေါင်းညိတ်လိုက်သည်။

ချင်ဝမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။





"ဒါကြောင့် မင်းက ကျူဒါတောင်ကို သွားမယ်လို့ စိတ်ဆုံးဖြတ်ထားတယ် မဟုတ်လား"

သူက ဒုတိယအကြိမ် ခေါင်းညိတ်လိုက်ပြန်သည်။

ချင်ဝမ်းက အတန်ကြာအောင် စဉ်းစားပြီးမှ....

"မင်း သိလိုတဲ့ကိစ္စကို ကျုပ် တာဝန်ယူတယ်"

ထိုအခါ လီစုကျီက လက်ဝါးဖြန့်လိုက်သည်။

*　　　*　　　*

ချင်ဝမ်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

သူက သူ၏ လက်ဝါးကို ကြည့်လိုက်ပြန်သည်။ ထို့နောက် နားမလည်နိုင်သော မျက်လုံးများဖြင့် လီစုကျီကိုကြည့်သည်။ ပြီးမှ သူက...

"ဒါ ဘာလုပ်တာလဲ"

ဟု မေးလိုက်သည်။

လီစုကျီက ပြုံးလိုက်ပြီး....

"ခင်ဗျားသိချင်တဲ့ အန်စာတုံးရဲ့ လျှို့ဝှက်ချက်ကို ပြော မလို့၊ အန်စာတုံးပေးပါ"

သူ၏စကားကြောင့် ချင်ဝမ်း၏ မျက်လုံးအစုံ ဝင်းလက် တောက်ပြောင်လာသည်။

ချင်ဝမ်းက ကပျာကယာ အိတ်ထဲကိုလက်နှိုက်လိုက်သည်။ ပြန်ဆွဲထုတ်သောအခါ အန်စာတုံး သုံးလုံး ပါလာသည်။ သူက အန်စာတုံးများကို လီစုကျီလက်ထဲ ထည့်ပေးလိုက် သည်။

လီစုကျိက အန်စာတုံး သုံးတုံးအနက် တစ်ထုံးကို ယူပြီး....

"အန်စာတုံးရဲ့ မျက်နှာပြင်ပေါ်မှာ အပွင့်တွေထွင်းထားတယ်၊ တစ်ဖက်နဲ့တစ်ဖက် ထွင်းထားတဲ့ အပွင့်ချင်းမတူဘူး၊ ခြောက်ပွင့်ရှိတဲ့ဘက်က ငါးပွင့်ထက် နည်းနည်းလေးတယ်"

"ဘာဖြစ်လို့ ပိုပြီးလေးတာလဲ"

ချင်ဝမ်းက ကြားဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

"ခြောက်ပွင့်သုတ်ထားတဲ့ မျက်နှာပြင်ပေါ်က ဆေးက နည်းနည်းပိုများလို့ ပေါ့"

လီစုကျိ၏ ရှင်းပြချက်ကြောင့် ချင်ဝမ်း မျက်မှောင်ကြုတ်သွားသည်။

သူသည် တစ်သက်လုံး ယခု အသက်အရွယ်အထိ အန်စာဖြင့် နပန်းလုံးနေသူ ဖြစ်သည်။ အန်စာနှင့် ပတ်သက်၍ ပြတ်သည်ဟူ၍ မရှိခဲ့ပါချေ။

သို့သော်....

ချင်ဝမ်း ဤသဘောတရားကိုမူ တစ်ကြိမ်တစ်ခါမှ သတိမပြုမိခဲ့ပါချေ။

ဤတွင် လီစုကျိက ဆက်၍ ရှင်းပြသည်။

"ဒါပေမယ့် အန်စာ တစ်ဖက်နဲ့ တစ်ဖက် ပိုပြီးလေးတယ်ဆိုတာ ကွာဟမှုကို နိုင်းဆမှန်းဆရာမှာ အလွန် ခက်ခဲတဲ့ အလုပ်တစ်ခုပါပဲ၊ ဒါပေမယ့် စနစ်တကျလေ့ကျင့်တဲ့လူ တစ်ယောက် အဖို့တော့ ခွဲခြားနိုင်ပါတယ်"

"ဘယ်လိုခွဲခြားနိုင်တာလဲ"





ချင်ဝမ်းက ထပ်မေးသည်။

"အမြဲ လေ့ကျင့်နေရင်းနဲ့ အန်စာတုံးဟာ ဘယ ပိုလေးတယ်၊ ဘယ်ဘက်က ပိုပေါ့တယ်ဆိုတာကို ရ တယ်၊ သိလာတာနဲ့ ကိုယ်လိုချင်တဲ့ အလေးဘက်ကို ပစ ရင် ကိုယ်လိုချင်တဲ့အပွင့် ရလာမှာ ကျိန်းသေတယ်"

လီစုကျိကပြောရင်း အန်စာတုံးကို တစ်ချက် ဆ လိုက်....

"အခု ကျွန်တော် ခြောက်သုံးလုံး ပစ်ပြပါမယ်"

သူသည် ထိုသို့ပြောပြီး စားပွဲပေါ်ရှိ ပန်းကန်လုံးထဲသို့ အန်စာတုံးများကို ပစ်ချလိုက်လေတော့သည်။

အန်စာတုံးများ ပန်းကန်လုံးထဲတွင် အတန်ကြာအောင် လည်နေသည်။ အန်စာတုံးများ ရပ်တန့်သွားသောအခါ ခြောက်သုံးလုံးပင် ဖြစ်နေလေသည်။

လီစုကျိက အန်စာတုံးများကို ချင်ဝမ်းထံသို့ ပြန်ပေးလိုက်သည်။

ချင်ဝမ်းကို ကြည့်ပြီး....

"ခင်ဗျားလဲ မခေပါဘူး၊ သာမန်လူတစ်ယောက် သုံးနှစ်လောက် လေ့ကျင့်ရရင် ခင်ဗျားက တစ်နှစ်ဆိုရင် လုံလောက်ပါတယ်"

ချင်ဝမ်း အတန်ကြာအောင် ငိုင်နေသည်။

ထို့နောက်မှ သူက သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်

လီစု
ယူပြီး.... ...... ဒီသဘောတရားကို အခုမှပဲ နားလည်တော့

"အန်း.... ဘျပ်လဲ မင်းကိစ္စဆောင်ရွက်ရင်း အနှံစပါး တယ်၊ လှေလားလိုက်ဦးမယ်"

ခြောက်စုကျုံက ပြုံးလိုက်ပြီးလျှင်....

"ကောင်းပြီလေ၊ ကျွန်တော် မနက်ဖြန်ကစပြီး ကျူဒါ ဘင်ကို သွားမယ်၊ ကျွန်တော် ပြန်ရောက်လာရင် ခင်ဗျား သတင်းကို မျှော်နေမယ်ဗျ"

ချင်ဝမ်းက သစုကျုံ၏ ပခုံးကို ပုတ်လိုက်ပြီး....

"ကောင်းပြီလေ၊ မင်း အားရှိအောင် တစ်ရေးလောက် အိပ်လိုက်ပါဦး"

★



အခန်း ( ၁၃ )

**သခင်မလေး**

ကျိုပင်သည် ကိုယ့်ကိုယ်ကို ကြေးမုံရှေ့တွင်ရပ်ပြီး လိုအပ်သည်များကို ပြင်ဆင်လိုက်သည်။

သူသည် အသက် (၂၃) နှစ်သာ ရှိသေးသည်။

သူ၏ရုပ်သွင်သည် ခန့်ညားပီသသည်၊ ယောကျ်ားတစ်ဦး၏ သွင်ပြင်လက္ခဏာ ရှိသည်။

တစ်ခုတော့ရှိသည်။

ကျိုပင်သည် သူ၏ဆံကေသာများကိုပြောင်လက်နေအောင် ဖြီးလိမ်းပြီး အ တ်အစားများကို အစဉ်သပ်ရပ်အောင် ဝတ်ဆင်တတ်သည်။

ကြော့ကြော့မော့မော့ နေတတ်သူဆိုလျှင်လည်း မမှားနိုင်ပါ။

သူ၏ ယခုလက်ရှိရာထူးမှာ အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ လက်အောက် အမှုထမ်းဖြစ်သည်။

တစ်နည်းဆိုသော် အမတ်ကြီး ချင်းရှောင်ဖုန်းစု၏ ကိုယ်ရေးအတိုင်ပင်ခံ အရာရှိဆိုလျှင် မမှားပါ။

ကျိုပင်၏ အထူးတာဝန်မှာ ဆက်သွယ်ရေး၊ ထောက်လှမ်းရေးနှင့် သတင်းပို့များပင် ဖြစ်ပါလေသည်။

သူ၏ ထူးချွန်သော စွမ်းရည်မှာ သိုင်းပညာ မဟုတ်ပါ၊

လူကိုသတ်မှ လူစွမ်းကောင်း ဖြစ်သည်ဟုလည်း သူအထင် မကြီးပါချေ။

သူသည် ပေါင်းသင်းဆက်ဆံရေးတွင် အလွန် ကောင်းပါသည်၊ သူရောက်ရှိရာနေရာတိုင်း၌ မိတ်ဆွေသင်္ဂဟ ပေါသည်။

လူချစ်လူခင် အလွန်များသူဖြစ်သည်။

ထို့ပြင် ကိစ္စရပ်တစ်ခုကို လျှပ်တစ်ပြက်အတွင်းထိုးဖောက်မြင်တတ်သည်။

ဒါ့အပြင် တုံ့ပြန်မှု မြန်သည်။

အလုပ်လုပ်သောအခါ စေ့စပ်သေချာသည်။

သူ့အား တာဝန်တစ်ရပ် ထမ်းဆောင်စေရန် စေခိုင်းလျှင် ထိုတာဝန်ကို မဖြစ်မနေဖြစ်အောင် လုပ်တတ်သည်။

ထို့ကြောင့် အမတ်ကြီး ချင်းရှောင်ဖုန်းစုကပင်လျှင် သူ့အား ဝေဖန်ပြောဆိုခဲ့ဖူးပါသည်။

''အင်း ဒီသူငယ် ဒီလောကထက်မြက် သွက်လက်နေရင်တော့ တစ်နေ့နေ့ အမတ်နေရာရလိမ့်မယ်''

ဤသို့ ဤနှယ် မှတ်ချက်အချခံထားရသူ ဖြစ်သည်။

*  *  *





ကျိုပင်သည် အမတ်ကြီး လီစုရင်အား နှစ်ကြိမ် နှစ်ခါတိုင်တိုင် တွေ့ခဲ့ဖူးပါသည်။

သို့သော် လီစုရင် အမတ်ကြီး အိမ်တော်သို့ ရောက်ရှိလာခြင်းမှာ ယနေ့ ပထမဆုံးအကြိမ် ဖြစ်နေသည်။

ယနေ့သည် အမတ်ကြီး ချင်းရှောင်ဖုန်းစုက သူနှင့် အမတ်ကြီးလီစုရင်အိမ်တော်တွင်တွေ့ရန် မှာကြားလိုက်ခြင်းဖြစ်၏။

အမတ်ကြီးလီစုရင်၌ ချောမောလှပသော သမီးကညာတစ်ဦး ရှိနေသည်မှာ တိုင်းသိပြည်သိ အားလုံးက သိနေပြီးဖြစ်သည်။

လူတိုင်း၏ပါးစပ်ဖျားမှလည်း အမတ်ကြီးလီစုရင်၏သမီးဖြစ်သူ ချိန်းချိန်းမှာ ချောမောလှပသူဖြစ်ကြောင်း ပြောဆိုနေသံမှာ သူ၏နားဖြင့် မဆံ့အောင်ကြားသိပြီးဖြစ်သည်။

ဒါပေမယ့်....

ကျိုပင် ယခုအချိန်အထိ ချောမောလှပသော ချိန်းချိန်းကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသေးပါ။

ယခု....

သူအမတ်ကြီး လီစုရင်အိမ်ပေါ်သို့ရောက်လျှင်အမတ်ကြီး၏သမီး ချိန်းချိန်းနှင့် တွေ့ဆုံနိုင်လိမ့်မည်ဟု သူ၏ စိတ်ထဲ၌တွေးတောနေမိလေသည်။

ထို့ကြောင့် ကျိုပင်သည် ချိန်းချိန်းနှင့် မတွေ့ဆုံမီ သူ၏ရုပ်ရည် ပိုမိုချောမောလှပစေရန် အစွမ်းကုန် ပြင်ဆင်နေခြင်းဖြစ်ပါသည်။

*  *  *

ယနေ့....

၇ လပိုင်း။ ၅ ရက်နေ့ဖြစ်သည်။

အမတ်ကြီးလီစုရင် သေဆုံးသွားသည်မှာ လေးလတင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

လေးလပိုင်းနောက်ပိုင်းတွင် လီစုကျိ၏သတင်း သို့သို့ သန့်သန့်ပင် မကြားရပါချေ။

လီစုကျိ ပျောက်ခြင်းမလှပျောက်နေချေပြီတကား။

* * *

ရာသီဥတုက ပူအိုက်လှသည်။

နေသည် အညာအတာကင်းစွာ ပူပြင်းတောက်လောင်နေသည်။

ထို့ကြောင့်....

သဘာဝပေါက်ပင်တို့သည် ညှိုးသယောင်ဖြင့် နွမ်းလျနေသည်။

ကြည့်လေရာ အရပ်ရပ်၌လည်း တံလျှပ်တို့ဖြင့် တပြောင်ပြောင်တညီးညီး ဖြစ်နေသည်။

နေပူထဲ၌ သွားလာနေကြသော လူတို့သည် တံလျှပ်တို့ကြောင့် ပျောက်ကွယ်လိုက် ပေါ်လိုက်ဖြစ်နေသည်။

အမတ်ကြီးလီစုရင်၏ အိမ်တော်ရှိ ဧည့်ခန်းသည် အလွန်ကျယ်ဝန်းနေသည်ဖြစ်သော်လည်းကြာကြာထိုင်နေသော ချင်းရှောင်ဖုန်းစု၏ တစ်ကိုယ်လုံးချွေးများ စို့ရွှဲနေသည်။





ဝီချင်ဖုံးသည် ရေတွင်းရေဖြင့် အေးစက်လာအောင် စိမ်ထားသော မျက်နှာသုတ်ပဝါတစ်ထည်ကို ကိုယ်တိုင်ယူလာပြီး ချင်းရှောင်ဖုန်းစုအား ပေးလိုက်သည်။

အမှန်တကယ်တော့ ဝီချင်ဖုံးသည် လီစုကျိ၏ အမည်ခံသော ဇနီးသာဖြစ်ပါသည်။

သူမသည် ချိန်းချိန်းနှင့်အတူ ကြီးမားလှသော အမတ်ကြီးလီစုရင်၏အိမ်တော်ကို ထိန်းသိမ်း အုပ်ချုပ်နေလေသည်။

ဝီချင်ဖုံးသည် လီစုကျိ အိမ်တော်မှထွက်ခွာသွားပြီးနောက် ဇနီးကောင်းတစ်ယောက်၏ တာဝန်များကို မှားမှားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင် တာဝန်ယူအုပ်ထိန်းထားသည်။

ချင်းရှောင်ဖုန်းစုသည် သနားစဖွယ် ကောင်းလှသော ဝီချင်းဖုံးအားကြည့်ကာ ယက်ပြင်းတစ်ချက် ချလိုက်လေသည်။

ယခု ချိန်းချိန်းသည် ယခင်ကကဲ့သို့ ပျော်ရွှင်မှု၊ လှပမှုစသည်တို့ ခံ့မင်သော မိန်းကလေးတစ်ယောက်၏ ပုံသဏ္ဌာန်မဟုတ်တော့ပါ။

ကြုံတွေ့ခဲ့ရသော ဆင်းရဲခြင်းများကို တဖြည်းဖြည်း ခံနိုင်ရည် ရှိလာလေသည်။

သူမသည် ယခုအခါ အစ်ကို၏တာဝန်များကို ထမ်းဆောင်နေရသည်။

အိမ်တော်မှ အပြင်ကိစ္စတာဝန်ဟူသမျှကို သူ တာဝန်ယူနေရပြန်သည်။

တာဝန်ဝတ္တရားများ များပြားလှသော ချိန်းချိန်း စိတ်ပင်ပန်းနွမ်းနယ်နေစဉ် တံခါးမှူးရောက်ရှိလာသည်။

"အမတ်ကြီးချင်းရှောင်ဖုန်းစုရဲ့ ကိုယ်ရေးကိုယ်တာအရာရှိ ကျိုပင် ရောက်ရှိလာပါပြီ သခင်မလေး"

ကိုယ်ရေးကိုယ်တာအရာရှိ ရောက်ရှိကြောင်း တံခါးမှူး သတင်းပို့ချက်ကြောင့် သခင်မလေး ချိန်းချိန်း မျက်မှောင် ကြုတ်သွားရပြန်သည်။

သူမက မည်သို့မျှပြန်မပြောနိုင်မီမှာပင် ချင်းရှောင်ဖုန်းစုက ပြုံးလိုက်ပြီး....

"ကျုပ်က ကိစ္စရှိလို့ ကျိုပင်ကိုခေါ်လိုက်တာပါ"

ဟု ချိန်းချိန်းကိုရှင်းပြလိုက်လေသည်။

"ကျုပ်က ကျိုပင်ကို လီစုကျ ိသတင်း စုံစမ်းခိုင်းလိုက်တာပါ"

ဟု ချင်းရှောင်ဖုန်းစုက ဆက်ရှင်းပြလိုက်သည်။

ထိုအခါ ချိန်းချိန်း၏ မျက်ခုံးအစုံသည် အပေါ်သို့ မြင့်တက်သွားသည်။

"ဘာသတင်းရလို့လဲ ဘဘ"

ချင်းရှောင်ဖုန်းစုက ပြုံးလိုက်ပြီး....

"ကျုပ်လဲ သိချင်လို့ နောက်ပြီး ချိန်းချိန်းလဲ သိချင်မှာပဲ ဆိုပြီး ဒီနေရာကို ခိုင်းလိုက်တာပဲ"

* * *

ထိုအချိန်မှာပင် ဧည့်ခန်းကျယ်ကြီးထဲသို့ ကျိုပင် တောက်ပြောင်သော အဝတ်အစားဖြင့် ဝင်ရောက် လာလေတော့သည်။





ကျိုပင်၏ မျက်နှာပြင်သည် ရိုးသားတည်ကြည်၍ ပြုံးရွှင်နေသည်။

သူ၏ အနေအထားမှာ တည်ငြိမ်သည်။ ခန့်ညားနေသည်။

အစစအရာရာ အပြစ်မရှိသလို အားလုံး ဖြူစင်သန့်ရှင်းနေလေသည်။

သို့သော်....

ချိန်းချိန်းက ကျိုပင်ကို တွေ့လိုက်သည်နှင့် စိတ်ထဲတွင် အလိုလို ရွံမုန်းလာလေတော့သည်။

သူမ၏ အယူအဆ ခံယူချက်က တစ်မျိုးပင်။

ချိန်းချိန်း၏ ယူဆချက်မှာ ယောကျ်ားလေးတစ်ယောက် အနေဖြင့် မိန်းကလေးတစ်ယောက် ရှုံးလောက်အောင် ဖြီးလိမ်း ပြင်ဆင်မှု မပြုသင့်ဟု ထင်သည်။

သူမကား ယင်းသို့ ဆံကေသာများ အဝတ်အစားများ ကျကျနန ဝတ်ဆင်ထားသော ယောကျ်ားကို အထင်သေးသည်။

ထိုယောကျ်ားမျိုးသည် မိန်းမဆန်လွန်းသောယောကျ်ား ဟု သူ ယူဆသည်။

ယခုအချိန်တွင်....

ကျိုပင်သည် သူ စုံစမ်းခဲ့သော သတင်းများကို ပြန်လည်တင်ပြလာလေသည်။

သူ၏ စကားသည် ပို၍ပြတ်သားလှသည်။

"လီစုကျိုကို သုံးလပိုင်းနှစ်ဆယ့်ရှစ်ရက်နေ့အထိသူ့ကိုတွေ့ခဲ့တဲ့လူ ရှိနေပါသေးတယ်"

ထိုအခါ ချင်းရှောင်ဖုန်းစုက ခေါင်းညိတ်လိုက်ပြီး....

"သူ့ကိုတွေ့တဲ့လူက ဘယ်သူလဲ၊ ဘယ်မှာ တွေ့တာလဲ"

ဟု မေးလိုက်သည်။

"လီစုကျို ကျူဒါတောင်ခြေမှာ ဖွင့်ထားတဲ့ ထိုက်ပေကူး တည်းခိုခန်းမှာလို့ ပြောပါတယ်"

ကျိုပင်က သူ၏စကားကို ရပ်လိုက်ပြီး အနည်းငယ် စဉ်းစားကာ ဆက်၍ပြောလိုက်သည်။

"လီစုကျိုဟာ မြို့ပေါ်မှာ အရက်နဲ့ စားသောက်စရာတွေ ဝယ်ပြီး ထိုက်ပေကူး တည်းခိုခန်းကိုသွားတယ်၊ ထိုက်ပေကူး ဆိုင်ရှင်ကို ငွေတစ်ဆယ်သောက်ပဲ ပေးပြီး မြင်းကို ထိန်းဖို့ အပ်ခဲ့ပါတယ် အမတ်မင်း"

ချင်းရှောင်ဖုန်းစုက ခေါင်းညိတ်လိုက်သည်။

သည့်နောက် သူက သူ၏ ထင်မြင်ချက်ကို ပြောပြလိုက်သည်။

"ဟုတ်ပြီ၊ သူက ကျူဒါတောင်ပေါ်ကို တက်သွားတာနဲ့ တူတယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့်"

ချိန်းချိန်းက စိတ်မရှည်တော့ဘဲ....

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဟု မေးလိုက်လေသည်။

ကျိုပင်က....





"ဒါပေမယ့် သူက ကျူဒါတောင်တက်သွားပြီး ပြန်ဆင်းမလာတော့ဘူး"

ထိုအခါ ချိန်းချိန်းက ဝင်၍....

"ကျွန်မအစ်ကို တောင်ပေါ်တက်သွားပြီး ပြန်မဆင်းဘူးဆိုတော့ ရှင် ဘယ်လိုလုပ် သိသလဲ"

ကျိုပင်က ထပ်၍ရှင်းပြပြန်သည်။

"လီစုကျို့မြင်းဟာ ထိုက်ပေကူးမှာ အခုအချိန်အထိရှိနေသေးလို့ပါ၊ နောက်ပြီး ဒီမြင်းဟာ လီစုကျို့ရဲ့ အချစ်ဆုံး အကောင်းဆုံး မြင်းတစ်ကောင် ဖြစ်ပါတယ်၊ ဒါကြောင့် လီစုကျိုသာ တောင်ပေါ်က ဆင်းလာတယ်ဆိုရင် ဒီမြင်းကို လာယူမှာပဲလို့ ကျွန်တော်ယူဆပါတယ်"

ဧည့်ခန်းအတွင်းရှိ လူအပေါင်းတို့မှာ ကျိုပင်၏ ရှင်းလင်းပြချက်များကို စိတ်ဝင်တစား နားထောင်နေကြသည်။

ကျိုပင်က လူအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီးနောက် အကြည့်က ချိန်းချိန်းထံ ရောက်သွားသည်။ ပြီးမှ သူက....

"လီစုကျိုဟာ ဘာပြုလို့ ထိုက်ပေကူး တည်းခိုခန်းပိုင်ရှင်ကို မြင်းကြည့်ဖို့အတွက် ငွေတစ်ဆယ်သာ ပေးရသလဲဆိုတာကို စဉ်းစားချင့်ချိန်မိတယ်၊ ငွေတစ်ဆယ်သာ ဆိုရင် မြင်းတစ်ကောင်ကို တစ်နှစ်တိတိ ကျွေးနိုင်ပါတယ်၊ အဲဒီတော့"

သူက စကားကို ရပ်လိုက်ပြီး ချိန်းချိန်းကို ကြည့်လိုက်သည်။

"ဒါဆိုတော့ ကျွန်မအစ်ကိုက ကျူဒါတောင်မှာ တစ်နှစ်နေလိမ့်မယ်လို့ ယူဆပါသလား"

ချိန်းချိန်းက ဝင်ရောက် မေးမြန်းလိုက်သည်။

ကျိုပင်က ခေါင်းညိတ်ပြလိုက်ပြီး....

"အဲဒီလိုပဲ ယူဆပါတယ်၊ ဒါကြောင့် ကျွန်တော် လူဆယ့်နှစ်ယောက်ကိုခေါ်ပြီး တောင်ပေါ်ကိုတက်ပြီး ရှာကြည့်ခဲ့ပါတယ်၊ တောင်ပေါ်မှာ နေရာအနှံ့ လိုက်ရှာပါတယ်၊ ဒါပေမယ့် သဲလွန်စတောင် မတွေ့ခဲ့ရပါဘူး"

ထိုအခါ ချိန်းချိန်း မျက်မှောင်ကုတ်သွားရလေသည်။

သူမက....

"ဒီလိုဆိုရင် ကျွန်မအစ်ကိုဟာ ကျူဒါတောင်ကို မသွားဘူးလို့ ရှင် ဆိုလိုချင်တာလား"

ကျိုပင်က ပြုံးလိုက်ပြီးလျှင်....

"ကျုပ်လဲ တိတိကျကျ မပြောတတ်ဘူးဗျ"

ချိန်းချိန်းက မဲ့ပြုံးပြုံးလိုက်ပြီးနောက်....

"ရှင် စုံစမ်းခဲ့သမျှ ဒါအကုန်ပဲလား"

ကျိုပင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါအကုန်ပါပဲ"

ချင်းရှောင်ဖုန်းစုက ပြုံးပြပြီး....

"ကျိုပင်ဟာ စုံစမ်းခြေရာခံတဲ့နေရာမှာ နံပါတ်တစ်အဆင့်ရှိတဲ့ လူတစ်ယောက်ပဲ၊ ဒီနေရာမှာ အခြားသူဆိုရင်တော့ သူ့လောက် စုံစမ်းနိုင်မယ်မထင်ဘူး"





ချိန်းချိန်း ထိုင်နေရာမှထ၍ မတ်တတ်ရပ်လိုက်၏။ သူမ၏မျက်နှာပြင်ဝယ် မဲ့ပြုံးပြုံးနေသည်။

"တခြားလူ မလိုပါဘူး၊ ကျွန်မကိုယ်တိုင် သွားစုံစမ်းမယ်"

ချင်းရှောင်ဖုန်းစုက သူမ၏ စိတ်နေစိတ်ထားကို သိပြီးဖြစ်သည်။ ထို့ကြောင့် သူက ဟန့်တားရန် ကြိုးစားခြင်း မပြုပါ။

သူက ခေါင်းတစ်ချက် ညိတ်ပြပြီး....

"ကောင်းပြီလေ၊ ချိန်းချိန်း သွားချင်တယ်ဆိုရင် အဖော်တစ်ယောက်ယောက်တော့ ခေါ်သွားမှပေါ့၊ ချိန်းချိန်း ဘယ်သူ့ကို ခေါ်သွားမယ်လို့ စိတ်ကူးပါသလဲ"

ဤတွင် တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေသော ဝိချင်ဖုံးက ထိုင်ရာမှ မတ်တတ်ရပ်လိုက်ပြီး....

"ကျွန်မ လိုက်သွားမယ်" ဟု ပြောလိုက်လေသည်။

ချိန်းချိန်းက သူမအား ကြည့်လိုက်ပြီး....

"အစ်မဝိချင်ဖုံး....ကျွန်မနဲ့ လိုက်တာတော့ ဟုတ်ပါပြီ၊ အိမ်တော်ကိစ္စ ဘယ်သူတာဝန်ယူမလဲ"

ဝိချင်ဖုံးက တစ်ချက် ပြုံးလိုက်ပြီးလျှင်....

"အိမ်တော်မှူး ကျင်းလောက် ရှိနေတာပဲ၊ သူက အားလုံးတာဝန်ယူနိုင်ပါတယ်"

* * *

ကျိုပင်သည် လီစုကျီ၏ လှုပ်ရှားမှုကို အသေးစိတ် သိရှိထားပြီးဖြစ်လေသည်။

လီစုကျီသည် ၃ လပိုင်း၊ လဆန်း ဂ ရက်နေ့မှ ၃ လပိုင်း ၂၃ ရက်နေ့အထိ စန်ကွမ်းနယ်တစ်ဝိုက်တွင် လောင်းကစား ဒိုင်ပေါင်း ၁၃ ခုတွင် လောင်းကစားခြင်း ပြုပါသည်။

တိုဘောင်းလှသော လဝက်ခန့်တွင် လီစုကျီသည် ခြောက်သုံးလုံးကို ၃၆ ကြိမ်ပင် ပစ်နိုင်ခဲ့သည်။

ထို့နောက် နီရွှေခုန်း စားသောက်ဆိုင်တွင် ထူးနိုင်ငံ၏ လူသတ်သမားများနှင့် တွေ့ခဲ့သည်။ လူသတ်သမားများနှင့် တိုက်ခိုက်မှု၌ အဆိပ်ဒဏ်ရာရခဲ့သည်ကို ကျိုပင် သိနေသည်။

အဆိပ်ဒဏ်ရာဖြင့် သေအံ့မူးမူး၌ ချင်ဝမ်း ကယ်တင်ခဲ့ပုံလည်း ကျိုပင် သိနေလေသည်။

သို့သော်....

သူသည် ချိန်းချိန်းနှင့် ဝိချင်ဖုံးတို့အား ပြောမပြရန် ဆုံးဖြတ်ထားသဖြင့် ဖွင့်ဟပြောဆိုခြင်း မရှိခဲ့ပေ။

အထူးသဖြင့် ကျိုပင် စိတ်ဝင်စားသည်မှာ လီစုကျီအား အဆိပ်ဖြေဆေးပေးသောလူကို သူ ပို၍စိတ်ဝင်စားသည်။

ထိုလူကား မည်သူနည်း။
ရန်သူလော။
မိတ်ဆွေလော။

* * *





ကျူဒါ့တောင်....

အမှန်တကယ်တော့ ကျူဒါ့တောင်၏ အဓိပ္ပာယ်မှာ တောင်ကိုးလုံး တစ်ဆက်တည်း တည်ရှိနေသည့်အတွက် ကျူဒါ့တောင်ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ ပန်း ၉ ပွင့်တောင်ဟူ၍လည်း ခေါ်နိုင်၏။ ဤနေရာသည် ယခင်က ကဗျာဆရာ 'လီပေ' နေထိုင်သွားသည်။

ထိုတောင်ခြေရင်းတွင် ဆောက်လုပ်ထားသော ဂေဟာအား ထိုက်ပေကျူးဟု အမည်ပေးထားခြင်းဖြစ်သည်။

ထိုက်ပေကျူး၏ အဓိပ္ပာယ်မှာလည်း ကဗျာဆရာ လီပေ (ဝါ) ထိုက်ပေ နေထိုင်သွားသော နေရာဖြစ်သည်။

အဆိုပါဂေဟာ အဆောက်အအုံကို ယခု တည်းခိုခန်းအဖြစ် ဖွင့်လှစ်ထားလေသည်။

ချိန်းချိန်းနှင့် ဝိချင်းဖုံးတို့သည် ယခု ဤထိုက်ပေကူးတည်းခိုခန်းသို့ ရောက်ရှိလာကြခြင်းဖြစ်လေသည်။

"အဲဒါ လီစုကျီရဲ့ မြင်းပဲ"

တည်းခိုခန်းပိုင်ရှင် အဘိုးအိုက မြင်းဇောင်းတွင် ထား၍သော မြင်းကို ချိန်းချိန်းအားပြသရင်း ပြောလိုက်လေသည်။

ထိုတည်းခိုခန်းပိုင်ရှင်အဘိုးအိုမှာ ရိုးသားသော တောင်သူလယ်သမားဖြစ်၍ သူ၏ စကားသည် ယုံကြည်နိုင်လောက်ပေသည်။

မြင်းသည် ချိန်းချိန်းကိုတွေ့လိုက်ရသောအခါ အသံတိုးတိုးဖြင့် ဟီလိုက်သည်။ သူ၏ခေါင်းဖြင့် ချိန်းချိန်း၏မျက်နှာပြင်ကို လာရောက်ထိတွေ့နေတော့သည်။

ချိန်းချိန်းကလည်း မြင်းကို မှတ်မိပါသည်။

သူ့အစ်ကို လီစုကျိမြင်းဖြစ်သည်ကိုလည်း သံသယဖြစ်စရာ မလိုတော့ပါချေ။

ယခုအခါ ချိန်းချိန်းမှာ ဝမ်းနည်းလွန်းသောကြောင့် မျက်ရည်များ ကျလာတော့သည်။

ဝီချင်ဖုံးသည်လည်း ပါးပြင်ပေါ်သို့ မျက်ရည်များ တတွေတွေ စီးကျလာကျလာလေသည်။

သူမသည် သူ၏ အမည်ခံ ခင်ပွန်းသည်ကို အောက်မေ့လွမ်းဆွတ်ခြင်းဖြင့် ဝမ်းနည်းနေခြင်းဖြစ်သည်။

လီစုကျိ မည်သည့်နေရာထိ ရောက်ရှိနေပါသနည်း။

အဘယ်ကြောင့် ပြန်ရောက်မလာသေးသနည်း။

* * *

နေဝန်းနီနီသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်း အစွန်းဆီသို့ ရောက်နေလေပြီ။

ညနေစာ စားသောက်ချိန်ဖြစ်သည်။

သို့သော်....

ဝီချင်ဖုံးနှင့် ချိန်းချိန်းတို့သည် ညနေစာကိုပင် စားချင်စိတ်မရှိတော့ပါ။ ဒါပေမယ့် ဟင်းလျာများကတော့ စားပွဲပေါ်ဝယ် အဆင်သင့်ရောက်ရှိနေပြီ။





စားပွဲပေါ်ရှိ ဟင်းလျာမှာ ခြောက်ပွဲဖြစ်သည်။

ဟင်းချိုတစ်ပွဲ။

ကြက်သားနှင့် ပဲပင်ပေါက်တစ်ပွဲ။

ပုစွန်နှင့် မှုန်ညင်းဖြူကြော်တစ်ပွဲ။

ဝက်သည်းကို ပါးပါးလှီးပြီး ကော်ရည်ဖျန်းထားသည်က တစ်ပွဲ။

ကြံမစိုင်နှင့် ငရုတ်သီးစပ်ကြော်ကတစ်ပွဲ။

ငါးငံပြာရည်ပေါင်း တစ်ပွဲနှင့် ငါးချိုချဉ်၊ ငါးဖယ်လုံး၊ မျှစ်ချိုတို့ဖြစ်ပါသည်။

တကယ်တော့ ထိုဟင်းလျာသည် ထူးခြားချက်မရှိပါ။

ဒါပေမယ့် ချိန်းချိန်း ထိုဟင်းလျာကိုတွေ့လိုက်ရသောအခါ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရလေသည်။

ဝီချင်ဖုံးသည်ပင် အံ့အားသင့်သွားရသည်။

အကြောင်းကား....

စားပွဲပေါ်ရှိ ဟင်းလျာများမှာ သူမတို့နှစ်ဦး အနှစ်သက်ဆုံး ဖြစ်နေသည်။ အထူးသဖြင့် ချိန်းချိန်း အမြဲလိုလိုချက်ပြုတ်စားသောက်နေသော ဟင်းလျာများဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဤဆိုင်ရှင်သည် သူမတို့ အနှစ်သက်ဆုံးသော ဟင်းလျာများကို အဘယ်ကြောင့် သိနေရပါသနည်း။

သူတို့နှစ်ဦး စားပွဲပေါ်မှဟင်းလျာကိုကြည့်လိုက်၊ တစ်ဦးကိုတစ်ဦး ကြည့်လိုက် ဖြစ်နေကြလေသည်။

နောက်ဆုံးတွင် ချိန်းချိန်း မနေနိုင်တော့ပါ။

သူမ ဆိုင်ရှင်ကိုခေါ်မေးရလေသည်။

ချိန်းချိန်းက စားပွဲပေါ် ရှိဟင်းလျာများကို လက်ညှိုးထိုး ပြလိုက်ပြီး....

"ရှင်က ဒီဟင်းလျာတွေကို လာပြလို့ချက်ရတာလဲ"

ထိုအခါ ဆိုင်ရှင်က ပြုံးပြလိုက်ပြီး....

"ဟိုဘက်ခန်းမှာ တည်းနေတဲ့ ဧည့်သည် တစ်ယောက်က ခင်ဗျားတို့ကြိုက်တတ်လို့ ဒါတွေကိုချက်ပါဆိုလို့ ချက်လိုက်ရတာပါပဲ"

"အဲဒီလူနာမည်က ဘယ်သူလဲ"

"ပေးထားတဲ့ ဧည့်သည်များ စာရင်းစာအုပ်အရတော့ ကျိုပင်လို့ အမည်ပေးထားပါတယ်"

"ကျိုပင် ဟုတ်လား"

ချိန်းချိန်းသည် ထိုနာမည်ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံး ခုန်ထလုမတတ်ဖြစ်သွားရလေသည်။

"သူ့ကို ဒီကိုခေါ်လာခဲ့စမ်း မြန်မြန်"

သူမက အသံကုန်အော်ဟစ်လိုက်လေတော့သည်။

ကျိုပင် ရောက်ရှိလာချေပြီ။

ချိန်းချိန်းမှာ သူ့အားမြင်တွေ့လိုက်ရသည်နှင့် ရန်သူ တစ်ယောက်ကို တွေ့လိုက်ရသည့်နှယ် သူမ၏မျက်နှာပြင် တင်းမာသွားရလေတော့သည်။

ဒေါသကြောင့် သူမ၏ မျက်နှာပြင်မှာလည်း နီရဲလာသည်။

ချိန်းချိန်းက မျက်ထောက်နီကြီးဖြင့်....





"ကျိုပင် ရှင် ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်လာရတာလဲ"

ကျိုပင်က....

"အမိန့်အရ လိုက်လာရတာပါ"

ထိုအခါ ချိန်းချိန်း မျက်မှောင်ကုတ်သွားပြီး....

"ဘယ်သူ့အမိန့်နဲ့ ရှင်လိုက်လာရတာလဲ"

"ချင်းရှောင်ဖုန်းစု အမတ်ကြီး အမိန့်နဲ့ပါ"

အေးအေးဆေးဆေးပင် ကျိုပင်က ပြန်ဖြေသည်။

ချိန်းချိန်းက မျက်မှောင်ကုတ်သွားပြီး....

"ရှင့်ကို ဘာတာဝန်တွေ ပေးလိုက်သလဲ"

"သခင်မလေးကို စောင့်ရှောက်ဖို့ပါ"

"ရှင်က ကျွန်မကို စောင့်ရှောက်နိုင်လောက်အောင် ဘယ်လို အရည်အချင်း ရှိလို့လဲ"

"ဒါတော့ ကျွန်တော် မသိပါဘူး၊ အမိန့်အရ လာခဲ့ရတာပဲ"

"ရှင်က ကျွန်မကြိုက်တတ်တဲ့ ဟင်းလျာတွေတောင်သိနေပြီဟုတ်လား။

"ကျွန်တော်က သခင်မလေးကို စောင့်ရှောက်ရမယ့်တာဝန် ရှိနေတော့ ဒါတွေ သိထားဖို့ လိုလိမ့်မယ်ထင်လို့ လေ့လာထားတာပါ"

ချိန်းချိန်းက ကျိုပင်အား မဲ့ပြုံးပြုံးပြလိုက်ပြီး....

"မင်းက အမှုထမ်းတဲ့နေရာမှာ မဆိုးဘူး"

ကျိုပင် ပါးစပ်မဟတော့ပါ။

ငြိမ်သက်စွာရပ်နေသည်။

အတန်ကြာမှ ချိန်းချိန်းက ကျိုပင်ကို စေ့စေ့ ကြည့်လိုက်....

"ဒါဆို ရှင် ကျွန်မအတွက် အလုပ်တစ်ခု လုပ်ပေးစေချင်ပါတယ်"

"အမိန့်ရှိပါ သခင်မလေး"

ချိန်းချိန်းက တံခါးကို လက်ညိုးညွှန်ပြလိုက်ပြီး....

"ရှင် ဒီအခန်းထဲက ချက်ချင်းထွက်သွားပါ၊ ဝေးလေ ကောင်းလေပဲနော်"

ကျိုပင် မည်သည့်စကားမှ မပြောနိုင်တော့ပါ။

ပါးစပ်ပိတ်၍ ထွက်သွားရလေတော့သည်။

* * *

ည....

ဆီမီးခွက်တစ်ခွက်တည်းက တစ်ခန်းလုံးအားမထင်မရှား မပီမပြင် အလင်းရောင်ပေးထားသည်။

ယခုအချိန်အထိ ချိန်းချိန်း ဒေါသမပြေသေးပါ။

ဝိချင်ဖုံးက ချိုလွင်သောအသံပြုလျက်....

"ညီမကလဲကွယ်၊ ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ"

ဟု မေးလိုက်လေသည်။

"ဟိုလူပေါ့၊ ကျိုပင်ဆိုတဲ့ လူပေါ့"

ဝိချင်ဖုံးက မျက်မှောင်ကုတ်သွားပြီး....

"ကျိုပင် ဟုတ်လား၊ သူ ဘာဖြစ်နေလို့လဲ"





ချိန်းချိန်းက....

"သူ ဘာမှမဖြစ်ပါဘူး၊ ကျွန်မက သူ့ကိုမြင်ရင် ဒေါသဘာဖြစ်လို့ထွက်မှန်း မသိဘူး၊ ဒေါသက အလိုလိုထွက်လာတယ်"

ဝိချင်ဖုံး ဆက်မပြောတော့ပါ။

သူမက လေအေးအေးဖြင့်သာ စကားတစ်ခွန်းပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ညီမရယ်၊ အမတ်ကြီးချင်းရှောင်ဖုန်းစုရဲ့ စေတနာကို ထောက်ထားရသေးတယ် မဟုတ်လား"

တကယ်တော့ ဝိချင်ဖုံးမှာ စကားနည်းသူ တစ်ယောက်ဖြစ်သည်။

သို့သော်....

သူမ၏ စကားလုံးတိုင်းသည် အလွန်တရာမှ အဓိပ္ပာယ်လေးနက်လှသည်။ အရာရောက်ပါသည်။

ချိန်းချိန်းသည် ဝိချင်ဖုံး၏မှန်ကန်သော စကားကိုကြားလိုက်ရသဖြင့် အနည်းငယ် စိတ်ပြေသွားရလေသည်။

★